www.burmeseclassic.com

တက္ကသိုလ်

# နေဝင်းမြင့်

# အမုန်းတရား၏ သမီးတော်

ဒုတိယပိုင်း



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

### စည်းစိမ်ပျက်သူ

ဟန်ကြူးမြို့သည် ပြောင်းလဲခြင်းမရှိပါ။ စည်ကားမြဲ စည်ကားနေပါသည်။

လမ်းမကြီးပေါ်တွင် ဥဒဟိုလှုပ်ရှားနေသူများ ရှိနေပါသည်။

ရောင်းဝယ်လှုပ်ရှားနေသူများမှာ ဤမြို့ထဲ၌များစွာ ရှိနေပါသည်။

ဟန်ကြူးမြို့ကတော့ မပြောင်းလဲပါ။ အနည်းငယ်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲနေသည်ကတော့ လုံဂေဟာပင် ဖြစ်ပါသည်။

လုံဂေဟာတွင် မည်သို့သောပြောင်းလဲမှုဖြစ်နေပါသနည်း။

ယခင်က အလွန် ချမ်းသာကြွယ်ဝသော ဂေဟာကြီးသည် ယခုစီးပွားရေး ကျပ်တည်းလာနေပေပြီ။

စုဆောင်းထားသော ရွှေငွေရတနာပစ္စည်းများလည်း ကုန်ခန်းနေလေပြီ။

သို့ဖြစ်ရခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော သဘာဝကြောင့် မဟုတ်ပါပေ။

ဖြစ်သင့်ဖြစ်ထိုက်သော သဘာဝဆိုသည်မှာ ရေဘေး၊ လေဘေး၊ မီးဘေး၊ မင်းဘေးနှင့် ခိုးသူဘေးစသည့် ရန်သူမျိုးငါးမျိုး၏သဘာဝကြောင့် ဥစ္စာပစ္စည်း ယုတ်လျော့ရခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ဖြစ်အောင် ဖန်တီးသူမှာ သဘာဝမဟုတ်ပေ။ လူသားပင် ဖြစ်သည်။

အတ္တစိတ်၊ မာန်မာနစိတ် ကြီးမားလွန်းသော လုံဂေဟာ၏ အရှင်သခင်မကြီး ရှမ်းကြီးကြောင့်ပင်ဖြစ်လေ၏။

ထိုအချိန်တွင် မင်းဝါသည် လုံဂေဟာသို့ပြန်လည်ရောက်ရှိလာလေ၏။

သူရောက်ရှိလာသည်ဆိုလျှင်ပင် မျက်နှာမသာမယာဖြစ်နေသောမိဘနှစ်ပါးကို တွေ့လိုက်ရလေ၏။



သို့သော် မင်းဝါသည် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ခပ်အေးအေးနေတတ်သော သူ၏ပထွေးဖြစ်သူကို သူက ဘာမျှမမေးပါချေ။

မိခင်ကိုသာ မေးသည်။

"အမေ ဘာဖြစ်လို့လဲ... မျက်နှာမကောင်းပါလား"

သူ့ရွှေးကြီးလုံကျွန်ပေဝါးသည် တစ်ချက်သာ လှည့်ကြည့်သည်။

စကားတစ်လုံးမျှ မပြောပေ။ ခပ်မဆိတ်ပင် နေလိုက်သည်။

ရှမ်းကီးသည် သားဖြစ်သူကိုတွေ့လိုက်သည်နှင့် ချက်ချင်းမျက်နှာထားကို ပြင်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး သားရဲ့... မင်းစိတ်ထင်လို့ပါ"

မင်းဝါ ခေတ္တတွေဝေသွားသည်။

"ကျွန်တော်က အမေတို့ကိုစိုးရိမ်ပြီး မေးတာပါ"

ရှမ်းကီးသည် သားဖြစ်သူအား ဆတ်ခနဲ မော့ကြည့်လိုက်ပါသည်။

"စိုးရိမ်လို့ဟုတ်လား... သားက ဘာကိုစိုးရိမ်တာလဲ"

မင်းဝါက...

"အမေတို့အမေတို့ ဘာမှမဖြစ်ဘူးနော်"

ရှမ်းကီးသည် အလန့်တကြား မော့ကြည့်လိုက်၏။

"ဘာဖြစ်ရမှာလဲ သားရဲ့... မင်းစကားက အထိတ်တလန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ"

မင်းဝါက မိခင်အနီးတွင် ဝင်ထိုင်သည်။

"အထိတ်တလန့်ပေါ့ အမေရဲ့... လုံအမျိုးအနွယ်တွေ ဒုက္ခရောက်နေသလားလို့... ဘာဖြစ်လို့လဲဆိုတော့ ဦးလေးလုံထန်တို့မိသားစု အတော်ကလေး ဒုက္ခရောက်နေတယ်"

"ဟင်... ဘယ်လို၊ သူတို့ ဘယ်လိုဒုက္ခရောက်လို့လဲ"

ရှမ်းကီးသည် အလန့်တကြား ပြန်မေးလေသည်။

လုံကျန်ပေဝါးမှာ ပါးစပ်ကို တင်းတင်းပိတ်ထားရလေ၏။

လုံကျန်ပေဝါးသည် မင်းဝါကိုမကြည့်သော်လည်း နားစွင့်နေသည်။

"ဦးလေးလုံထန်တို့ မိသားစုအားလုံးကို ကြေးစားလူသတ်သမားတွေ လာသတ်နေကြတယ်"

"ဟင်... ဟုတ်လား။ သူတို့ကို ရန်ငြိုးထားတဲ့လူတွေ ရှိနေပြီနဲ့တူတယ်... သူတို့က အရမ်းစီးပွားတက်တော့လဲ မလိုတဲ့လူတွေရှိမှာပေါ့ကွယ်... အခု ဘယ်သူတွေသေကုန်ပြီလဲ".

"ဘယ်သူမှမသေပါဘူး"

"ဟင်... မင်းစကားက...."

"ကျွန်တော်ပြောတဲ့စကားထဲမှာ ဦးလေးလုံထန်တို့မိသားစုကို ကြေးစားလူသတ်သမားတွေ လာသတ်နေတယ်ဆိုတာပဲ ပါတာ



ပါ၊ ဦးလေးလုံထန်တို့မိသားစု သေတယ်လို့ မပါပါဘူး"

"အင်း... ပြောစမ်းပါဦးကွယ်"

မင်းဝါသည် လုံထန်ဂေဟာ၌ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို အစအဆုံး တစ်လုံးမကျန် ပြောပြလိုက်၏။

ရှမ်းကီးသည် ယူကြုံးမရဖြစ်သွားလေ၏။

"သွားပြီ... ငါ့ငွေတွေတော့ ဆုံးပြီ"

သူမသည် စိတ်ထဲမှ ထိုသို့ရေရွတ်နေမိ၏။

မင်းဝါက....

"သနားပါတယ် မေမေရယ်... ဦးလေးလုံထန်တို့ အတော်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတာ၊ အခုဆိုရင် မိသားစုတွေ အပြင်တောင် မထွက်ရဲတဲ့ဘဝမျိုး ရောက်နေရှာတာ"

ရှမ်းကီးမှာ မျက်နှာပျက်နေ၏။

မင်းဝါ၏စိတ်ထဲတွင်တော့ သူ့မိခင်သည် သတင်းဆိုးကို ကြားရသဖြင့် စိတ်ထိခိုက်ပြီး မျက်နှာပျက်နေသည်ဟုသာ ထင်နေသည်။

သူမ မျက်နှာပျက်နေသည်က တခြားအကြောင်းကြောင့် ဖြစ်သည်။

လူသတ်ခိုင်းသည့်အလုပ် မအောင်မြင်သောကြောင့် ဖြစ်သည်။ သူမ၏ငွေများ ဆုံးရှုံးသွားသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကျန်ပေဝါးသည် စိတ်ထဲတွင် ဝမ်းသာနေသည်။

သူ့ညီမိသားစုအားလုံး သေဘေးမှလွတ်မြောက်သွားသည် မဟုတ်ပါလား။

လုံကျန်ပေဝါးသည် တစ်ခွန်းတပါဒမျှ ဝင်ရောက်မေးမြန်းခြင်း မပြုခဲ့ချေ။

"ဘာတတ်နိုင်မှာလဲ သားရယ်... သူကုသိုလ်နဲ့သူဖြစ်တာ အမေက ဘာတတ်နိုင်မှာလဲ"

"အမေ့ကို ကျွန်တော်တစ်ခု တိုင်ပင်ချင်လို့ပါ"

"သားက ဘာများတိုင်ပင်ချင်ရတာလဲ"

"တိုင်ပင်စရာကိစ္စနှစ်ခု ရှိနေတယ်"

ရှမ်းကီးသည် သားဖြစ်သူကို မျက်လုံးပြူးကြည့်လိုက်၏။

"နှစ်ခုတောင် ဟုတ်လား"

မင်းဝါက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...."

"ကဲ... ပြောပါဦး"

"ပထမတစ်ခုကတော့ ကြောဂိုဏ်းချုပ် ဦးလေးရန်ကျန်းကို အကျိုးအကြောင်းပြောပြပြီး ဦးလေးလုံထန်တို့မိသားစုကို စောင့်ရှောက်ဖို့ ဂိုဏ်းသားတွေစေလွှတ်ပေးပါလား မေမေရယ်၊ အဲဒီကိစ္စကို မေမေပြောရင်ရမှာပါတယ်"



ရှမ်းကီးသည် စိတ်ထဲမှဒေါသများကို မပေါ်လွင်စေရန် ထိန်းချုပ်လိုက်ရ၏။

သူသည် ဟန်ဆောင်ပြီး ပြုံးလိုက်၏။

"အင်း... အစ်ကိုကြီးရန်ကန်းနဲ့ မေမေတိုင်ပင်ကြည့်ပါဦးမယ်ကွယ်... အစ်ကိုကြီးရန်ကျန်း လက်ခံဖို့အရေးကြီးတယ်ကွဲ့၊ သူလက်ခံရင်တော့ ငါ့သားပြောတဲ့အတိုင်း ဖြစ်စေရမှာပေါ့ကွယ်... နောက်တစ်ခုက ဘာလဲ ပြောပါဦး"

မင်းဝါသည် ပြုံးဖြဲဖြဲနှင့် ရှမ်းကီးအနီးသို့ တိုးကပ်သွား၏။

"မေမေ...."

သူ့အား ခေါ်ပြီး ပြုံးဖြီးဖြီလုပ်နေသည်။

"ဘာလဲ ပြောလေ သားရဲ့"

"ကျွန်တော် မိန်းမယူတော့မလို့... ကျွန်တော်ကို လက်ထပ်ခွင့်ပေးပါမေမေ"

"ဟင်...."

ရှမ်းကီးသည် အံ့သြသွားလေ၏။

အမှန်စင်စစ်တော့ သူမ မအံ့သြပါ။ ဤသို့ဖြစ်လာမည်ကို ကြိုတင်သိနေပါသည်။

မင်းဝါသည် လုံထန်၏သမီးရှိရာသို့ လိုက်သွားလိမ့်မည်ကို ကြိုတင်သိပြီးသား ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မင်းဝါထံမှ ဤစကားမျိုးကြားရမည်ကို သိရှိပြီးသားဖြစ်နေပါသည်။

ဤနေရာတွင် ရှမ်းကီးသည် မိခင်တစ်ယောက်အနေဖြင့် သားဖြစ်သူကို မည်သည့်အတွက်ကြောင့် ဟန့်တားပြောဆိုခြင်းမပြုသည်ကို ဆန်းစစ်ရန်လိုသည်။

မင်းဝါအကြောင်းကို ရှမ်းကီးကောင်းစွာ သိထားသည်။

သူသည် တစ်ဦးတည်းသောသားကို အလွန်ချစ်ခင်သည်။

မင်းဝါသည် အခြားလူငယ်များနှင့် မတူပေ။ မတရားသောအမှုကို လုံးဝမကြိုက်နှစ်သက်ပါပေ။

မမှန်တာကို လုံးဝမနှစ်သက်ပေ။ မတရားမှုပြုလျှင် ထိုပြုသူနှင့် ဆန့်ကျင်ဘက် အမြဲဖြစ်ပေသည်။

ရှမ်းကီးသည် သားအကြောင်း ကောင်းစွာသိရှိထား၏။

ထို့ကြောင့် သားကိုလုံးဝပြောဆို ဆုံးမဟန့်တားခြင်း မပြုရဲဘဲ အခြားနည်းလမ်းကို ရှာဖွေခဲ့သည်။

အိပါပါမရှိလျှင် ဤပြဿနာမှာ ပေါ်စရာမရှိပေ။

ထို့ကြောင့် အိပါပါနှင့်ချိန်ဆန်းကိုသတ်ရန် ကြေးစားလူသတ်သမားကို ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

သို့သော် ကြေးစားလူသတ်သမားသုံးယောက်သည် တစ်ယောက်မျှ မအောင်မြင်ခဲ့ပေ။



ထို့အတွက် သူမရင်ထဲ၌ မချိတင်ကဲဖြစ်ရသည်။

ယင်းကိစ္စကိုသာ မင်းဝါသာ တိတိကျကျ သိရှိသွားခဲ့လျှင် မိခင်အပေါ် မည်သို့တုန့်ပြန်မည်ကို မသိနိုင်ပေ။

တုန့်ပြန်မှုမှာ အလွန်ပြင်းထန်လိမ့်မည်ဟု မျှော်လင့်ရပေ၏။

ထို့ကြောင့် သူမသည် မင်းဝါရှေ့တွင် မျက်နှာကိုအပြုံးချိုဆုံး လုပ်နေရသည်။

"ဘာလဲ... မေမေက အိပါပါနဲ့ သဘောမတူလို့လား"

ထိုမေးခွန်းကိုကြားလိုက်ရသောအခါ လုံကျန်ပေဝါးက စိတ်တွင်းမှ ပြောလိုက်သည်။

"မင်းသားကို ပြောလိုက်စမ်းပါ... သဘောမတူဘူးလို့ပြောလိုက်စမ်းပါ"

ရှမ်းကီးပြောလိုက်သည့်စကားမှာ...

"ဒီလိုမဟုတ်ပါဘူး... မင်းအဖေရဲ့ဆန္ဒကိုလဲ မေးကြည့်ပါဦး"

မိုးကြိုးပစ်ထန်းလက်ကာ ပြောသည့်စကားမျိုးသာဖြစ်ပါသည်။ လုံကျန်ပေဝါးမှာ မည်သည့်အာဏာမျှ မရှိပါ။

လုံကျန်ပေဝါးသည် မည်သည့်အခါမျှ မင်းဝါ၏လုပ်ဆောင်ချက်များကို တားဆီးခဲ့ခြင်း မရှိပါချေ။

www.burmeseclassic.com



ယခုကိစ္စမှာလည်း လုံကျန်ပေဝါးက မည်သည့်နည်းနှင့်မျှ ကန့်ကွက်မည်မဟုတ်သည်ကို မင်းဝါသိရှိပြီးသား ဖြစ်နေသည်။

မင်းဝါတို့က လုံးဝမတိုင်ပင်လျှင်လည်း လုံကျန်ပေဝါးက မည်သည့်အခါမျှ အပြစ်မယူသည်ကိုလည်း မင်းဝါ သိရှိသည်။

"ဟာ... မေမေကလဲ... အဖေ့ကို မေမေက အကျိုးအကြောင်းပြောပြီး တိုင်ပင်ပါ။ အဖေက မေမေပြီးရင် ပြီးတာပါပဲ"

မတတ်နိုင်တော့ပါ။ ရှမ်းကီး ဘာမျှမတတ်နိုင်တော့ပါ။

"အေးလေ... မေမေတို့တိုင်ပင်လိုက်ဦးမယ်"

ရှမ်းကီး ထိုမျှသာ ပြောနိုင်တော့သည်။

မင်းဝါသည် ထိုင်ရာမှ ထသွားလေသည်။

ထိုအခါ ရှမ်းကီးနှင့် လုံကျန်ပေဝါးတို့သာ ကျန်ရစ်ခဲ့တော့၏။

သူတို့သည် တိုင်ပင်ဆွေးနွေးကြပါပြီ။ သို့သော် မင်းဝါ၏ လက်ထပ်ရေးကိစ္စတော့ မဟုတ်ပါ။

သူတို့ ဆွေးနွေးတိုင်ပင်ခြင်းခံနေသည်မှာ အခြားသောကိစ္စများ ဖြစ်ပါသည်။

"ဘယ်လိုလဲ... ရှင်လဲ အခုတလော အရောင်းအဝယ်တွေက မကောင်းတော့ဘူးလား... တစ်ခါမှလဲ ငွေများများစားစား မပါလာတော့ဘူး"



လုံကျန်ပေဝါးသည် ရတနာအရောင်းအဝယ်ကိစ္စကို ဆောင်ရွက်လုပ်ကိုင်ရာ၌ ဟန်ကြူးမြို့တွင် ဖောက်ကားရောင်းဝယ်သကဲ့သို့ အခြားသောမြို့များတွင်လည်း ကိုယ်တိုင်ကိုယ်ကျလှည့်လည် ရောင်းဝယ်လေသည်။

ယခင်ကဆိုလျှင် ဟန်ကြူးမြို့သည်ပင် သူ့ဖောက်သည်ကြီး ဖြစ်နေသည်။

ဟန်ကြူးမြို့ထဲ၌ပင် နေ့မအား ညမအား ရောင်းချရသည်။ ယခုတော့ ဤသို့မဟုတ်တော့ချေ။

အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ပြီး ခရီးထွက်ရောင်းဝယ် ဖောက်ကားနေရသည်။

တစ်မြို့မှတစ်မြို့သို့ ပင်ပန်းကြီးစွာ သွားလာနေရသည်။

သို့သော ပင်ပန်းသလောက် အကျိုးမရှိပါ။ ထိုသို့အကျိုးအမြတ်မရှိသည်ကိုပင် ရှမ်းကီးက အပြစ်တင်နေခြင်းဖြစ်သည်။

"ကျုပ်လဲ အိမ်ကိုကပ်ရတယ်မရှိပါဘူး... ခရီးထွက်နေရာမင်းအမြင်ပဲ... အဆင်ပြေတဲ့နေ့ရှိသလို အဆင်မပြေတဲ့နေ့လဲ ရှိမှာပေါ့"

"ကျွန်မတို့မှာ အခုချွတ်ချုံကျနေပြီရှင့်... အဲဒါကော ရှင်စဉ်းစားမိရဲ့လား"

အလွန်သဘောကောင်းသော လုံကျန်ပေဝါးသည် ဒေါသ

www.burmeseclassic.com



ထွက်နေလေပြီ။

ရှမ်းကီးအား မျက်ထောက်နီကြီးဖြင့် လှမ်းကြည့်လိုက်သည်။

"ချွတ်ချုံမကျဘဲ နေပါ့မလားကွ... မင်းလုပ်နေတဲ့အလုပ်တွေဟာ ဟုတ်မှမဟုတ်တာဘဲ"

"ဘာရှင့်... ရှင် ကျွန်မကို ဒီလိုပဲပြောရသလား... ဒီအဖြစ်တွေအားလုံးဟာ ရှင့်ကြောင့် ဖြစ်ပေါ်လာရတာပဲဆိုတာ ရှင်စဉ်းစားမိရဲ့လား... ကျွန်မကတော့ မကျေဘူး... လုံထန်တို့မိသားစုအပေါ် ဘယ်တော့မှမကျေဘူး"

လုံကျန်ပေဝါးသည် သက်ပြင်းချလိုက်သည်။

ထို့နောက် ခေါင်းယမ်းလိုက်မိသည်။

"မင်း သိပ်မှားနေပြီ ရှမ်းကီးရယ်"

"ဘာမှားတာလဲ... ကျွန်မ ဘာမှားလို့လဲ"

"ကဲ... လုံထန်တို့မိသားစုကို မင်းက သတ်ဖြတ်ချင်လောက်အောင်မုန်းတယ်လို့ ပြောတယ်... သူတို့မိသားစုက မင်းကိုနှုတ်နဲ့ပြစ်မှားမိလို့လား၊ လက်နဲ့ကိုယ်ထိလက်ရောက် ကျူးကျော်စော်ကားမိလို့လား... ဘာများပြုလုပ်မိလို့လဲ"

"ကိုယ့်အိမ်မှာ ခိုင်းစေထားတဲ့လူရဲ့သမီးနဲ့ ကျွန်မသားကို ပေးစားရမှာလား"



"အဲဒီကိစ္စတွေကိုလဲ မင်းကျေနပ်အောင် ငါ နှင်ထုတ်ပေးခဲ့ပြီးပြီမဟုတ်လား"

"ဒါပေမယ့် ဟိုနန်းမြို့ရောက်တဲ့အထိ ကျွန်မသားကို အမိဖမ်းနေတာ ရှင်မမြင်ဘူးလား... ရှင် မကြားဘူးလား"

"မင်း သားက လိုက်သွားတာပါကွာ"

"ဘာရှင့်... ကျွန်မသားကို သူတို့က မြူနေတာရှင့်"

"ရှင့် ပါးစပ်ပိတ်လိုက်စမ်း... မပိတ်ရင် ရှင်ပါ ဒုက္ခရောက်သွားမယ်သိလား"

လုံကျန်ပေဝါးက မျက်စောင်းထိုးလိုက်၏။

"အခုလဲ ဘာထူးသေးလို့လဲ ငါအမျိုးမျိုး ဒုက္ခရောက်နေတာပဲ မဟုတ်လား၊ မင်းကလုပ်ချင်ရာတွေလုပ်... ငါ့အပေါ်အပြစ်တွေပုံချ... လူတွေက ငါ့ကိုတော်တော် မုန်းနေကြပြီ... မင်းကိုတော့ အားလုံးက သူတော်ကောင်းမကြီးလို့ ထင်နေကြတယ်"

ရှမ်းကီးက မခိုးမခန့်ဖြင့် ရယ်လိုက်၏။

"အဲဒါဘာဖြစ်သလဲ... ရှင့်မှာ အပြစ်မရှိလို့လား... အပြစ်ရှိတဲ့လူကို အပြစ်ရှိတယ်လို့ပြောရင် ရှင်သေတာ ကြာလှပြီ... ဟင်း... ဟင်း... ဟင်း"

လုံကျန်ပေဝါးက မျက်နှာပျက်သွား၏။

ချောက်ချားသွားသည်။ မျက်နှာတွင် သွေးမရှိတော့သကဲ့သို့

www.burmeseclassic.com



ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

သူသည် ရှမ်းကီးကို ရင်မဆိုင်ရဲတော့ပေ။

သူသည် နေရာမှ ရုတ်တရက် ထလိုက်၏။ အပြင်သို့သွားရန် ပြင်ဆင်ထားတော့သည်။

"ဒါက ဘယ်သွားမလို့လဲ"

"အရောင်းအဝယ် သွားလုပ်မှာပေါ့"

"ဒီမှာ ခဏထိုင်စမ်းပါ"

လုံကျန်ပေဝါးမှာ ရှမ်းကီး၏ဩဇာကို မလွန်ဆန်နိုင်ပေ။ သူ သည် နေရာတွင် ပြန်ထိုင်လိုက်ရ၏။

လုံကျန်ပေဝါး၏ဘဝမှာ ရှမ်းကီး၏လက်ခုပ်ထဲတွင် ရှိလေသည်။

"ဘာပြောမလို့လဲ"

ရှမ်းကီးသည် ပြုံးလိုက်၏။

"ထိုင်စမ်းပါရှင်… ရှင့်ကို ပြောစရာရှိလို့ပေါ့"

"ပြောပါ မြန်မြန်"

"အံမာ… ရှင်က ဘာအရေးကြီးနေတာလဲ"

အမှန်တော့ လုံကျန်ပေဝါး၌ အရေးကြီးသောကိစ္စဟူ၍ မရှိသေးပါ။

ရှမ်းကီးနားပုနာဆာ လုပ်နေသဖြင့် ခေတ္တအပြင်သို့ထွက်



ရန် အကြောင်းပြခြင်း ဖြစ်ပါသည်။

"ကျွန်မမှာ ငွေလိုနေတယ်"

"ဘာ… ငွေလိုနေတယ်"

"ဟုတ်တယ်… ငွေလိုနေတယ်… အမြန်ဆုံး ရှာပေးစမ်းပါ"

လုံကျန်ပေဝါးသည် ရှမ်းကီး၏မျက်နှာကိုကြည့်လိုက်၏။

"မင်းပဲ စဉ်းစားကြည့်ပါဦး… ငါ အခုရှာနေတာ အရင်ကထက် ပိုပါတယ်… နယ်လှည့်ပြီး ရောင်းဝယ်နေရတာ ငါ့မှာ ဖတ်ဖတ်ကိုမောလို့… အခု ရတနာအရောင်းအဝယ်ကလဲ ကောင်းတာမဟုတ်ဘူးကွ… နေပါဦး မင်းမှာ အဖိုးတန်ရတနာတွေရှိနေသားပဲ… အဲဒါတွေ ထုခွဲလိုက်ပေါ့… ရတနာရှိရင် ငွေရှိတာပဲ"

ရှမ်းကီးက မဲ့ရွဲ့လိုက်၏။

"မရှိတော့ဘူးရှင့်… မရှိတော့ဘူး… အားလုံးရောင်းစားပြီးကုန်ပြီ… ကျွန်မတို့ပိုင်တဲ့ပစ္စည်းဆိုလို့ ဒီခြံကြီးနဲ့ ဒီဂေဟာကြီးပဲ ရှိတော့တယ်"

လုံကျန်ပေဝါး၏နားထဲ၌ ထိုစကားသာ မြည်ဟည်းနေတော့သည်။

လုံကျန်ပေဝါးသည် အံ့ဩခြင်းကြီးစွာဖြင့် သူမကို ငေးကြည့်နေလေ၏။

သူကြိုးစားရှာဖွေခဲ့သောပစ္စည်းများမှာ သူတို့တစ်သက်

www.burmeseclassic.com



မဟုတ် ဆယ်သက်စားမကုန်ဟု ထင်မှတ်ခဲ့၏။

ရတနာရွှေငွေပစ္စည်း အမြောက်အမြားကို သူစုဆောင်းမိခဲ့သည်။

ယခုထိုပစ္စည်းများ ကုန်ခန်းသွားပြီဟုဆိုလေသည်။

လုံကျန်ပေဝါးမှာ မယုံနိုင်လောက်အောင် ဖြစ်သွား၏။

သူသည် ဆယ်နှစ်စာမျှ ပို၍ အိုစာသွားတော့သည်။

"မင်း… မင်း… ဘယ်လိုနည်းနဲ့များ ဒီပစ္စည်းတွေကုန်အောင် သုံးပစ်လိုက်တာလဲကွယ်"

"ရှင် မသိတာလား… မသိချင်ယောင်ဆောင်နေတာလား"

"မင်းလုပ်နေတာတွေ ငါက ဘယ်လိုလုပ်သိမှာလဲ၊ မင်းလုပ်ချင်တာတွေ လုပ်နေတာပဲမဟုတ်လား"

"ကျွန်မ ဘာတွေသုံးလို့လဲ"

"မင်း ဘာတွေသုံးသလဲဆိုတာ ငါမသိဘူး"

"လူသတ်သမားကြေးစားတွေ ငှားတာတွေ ရှင် မတွေ့ဘူးလား"

"သူတို့ ဘယ်လောက်ရမှာမို့လို့လဲ"

"တစ်ယောက်ကိုသတ်ဖို့ နှစ်သောင်းပေးရတယ်ရှင့်"

လုံကျန်ပေဝါး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

လေးယောက်ဆိုတော့ ရှစ်သောင်းပေါ့… ဆင်းရဲသားများ



တစ်သက်တာ ထိုင်စားနိုင်သော ငွေပမာဏပင်။

သို့သော် ကျန်သောငွေမြောက်မြားစွာကို ရှမ်းကီးသည် သုံးဖြုန်းပစ်ခဲ့ပြီးချေပြီ။

"မင်း ငါရှာတဲ့ငွေတွေ အကုန်သုံးဖြုန်းပြီးတော့မှတော့ ဒီလူလေးယောက်ကိုသတ်ဖို့ ရှစ်သောင်းဟာလဲ မပြောပလောက်တော့ပါဘူးကွာ"

"ပြီးပြီးသားကိစ္စတွေကို ရှင် ပြောမနေနဲ့တော့… ကျွန်မအခု ငွေလိုတယ်… ရှစ်သောင်းလောက် ရှာပေးပါ"

"ဟင်…."

လုံကျန်ပေဝါး မျက်ဖြူဆိုက်သွားချေပြီ။

သူ့တွင်ရှိသောရတနာများ အကုန်ရောင်းထုတ်မှသာ ရှစ်သောင်းရရှိပေလိမ့်မည်။

အကုန်ရောင်းထွက်ဖို့ဆိုသည်မှာ မလွယ်။

ရှမ်းကီးသည် လုံကျန်ပေဝါးကိုကြည့်လိုက်၏။

"ရှင် မရှာနိုင်တော့ဘူး မဟုတ်လား… အဲဒီတော့ ကျွန်မက ဒီဗြဲဝင်းနဲ့ ဒီဂေဟာကို ပေါင်နှံပြီးသုံးစွဲရမှာပဲ"

လုံကျန်ပေဝါး ခေါင်းယမ်းလိုက်သည်။

ပြီးမှ….

"မင်းသဘော… မင်းသဘော"

www.burmeseclassic.com



သူသည် စိတ်ပျက်လက်ပျက် ထသွားလေတော့၏။

# အခန်း(၂)

## သံလက်ချောင်း

ကြယ်ပြာစားသောက်ဆိုင်ဆိုသည်မှာ ဟန်ကြူးမြို့၌ထင်ရှားကျော်ကြားသည့် စားသောက်ဆိုင်ဖြစ်၏။

ဘည်းနိဆိုင်တစ်ခုတော့ မဟုတ်ပါ။ စားသောက်ဆိုင်သက်သက်သာ ဖြစ်ပါသည်။

ဤဆိုင်တွင် အစားအသောက်နှင့်အရက်သာ ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းမရှိ။ လောင်းကစားဝိုင်း မရှိချေ။

အစားကောင်း အသောက်ကောင်း သောက်လိုသူများသာ သက်သက်လာကြပါသည်။

သူ့အခန်းဖွဲ့ထားပုံမှာလည်း အလွန်ကောင်းသည်။ တစ်ခန်းချင်းဖွဲ့စည်းထားပြီး ရှေ့တွင်ခန်းမသဖွယ် နေရာကွက်လပ်ပြုလုပ်ထား၏။

နေရာကွက်လပ်၌ ထိုင်စားချင်သူကလည်း ထိုင်စား၊ ခည်ခန်း၌ စားချင်သူကလည်း စားနိုင်ပေသည်။

ကြယ်ပြာစားသောက်ဆိုင်သို့ မင်းဝါရောက်ရှိလာသည်။

သူတစ်ယောက်တည်း မဟုတ်ပါ။ သူ၏မိတ်ဆွေ သူငယ်ချင်းတစ်ယောက် ပါလာပါသည်။

သူတို့သည် အခန်းလွတ်တစ်ခုကို တွေ့ရသဖြင့် ဝင်ထိုင်လိုက်ကြသည်။

မင်းဝါ၏မိတ်ဆွေမှာ ဝိန်ဝိန်ပါးပါး မျက်လုံးပြူးပြူးဖြစ်လေသည်။ နာမည်မှာ ဝေယန်းဖြစ်၏။

သူတို့သည် ကြယ်ပြာစားသောက်ဆိုင်၌ စားသောက်နေကျဖောက်သည်များပင် ဖြစ်သည်။

ကြယ်ပြာစားသောက်ဆိုင်သည် အစားအသောက်ကောင်းသဖြင့် အထက်တန်းစားများ လာရောက်စားသောက်ကြသည်။



မင်းဝါသည် ဤမြို့၌ လူကုံထံသူဌေးသားတစ်ဦးဖြစ်ရာ ကြယ်ပြာစားသောက်ဆိုင်သို့ အမြဲလာရောက်စားသောက်တတ်သူတစ်ဦး ဖြစ်သည်။

ဝေယန်းက...

"မင်းကလဲ... တစ်ခါ... တစ်ခါ ပျောက်သွားလိုက်ရင် ဘယ်မှာမှ ရှာလို့မတွေ့တော့ဘူး။ ဘယ်မှာရှာရမှန်းလဲ မသိဘူး"

"ငါ ထိုက်စန်းတောင်သွားနေတာပါကွာ"

မင်းဝါက ပြန်ဖြေလိုက်ရ၏။

"ထိုက်စန်းတောင် ဟုတ်လား... ဘာဖြစ်လို့သွားတာလဲ... မင်းက တရားအားထုတ်ဖို့သွားတာလား"

ဝေယန်းက ရယ်မောပြီး မေးသည်။

"မဟုတ်ပါဘူးကွာ... တရားအားထုတ်တာ တောတောင်ထဲသွားအားထုတ်မှ ရတာမဟုတ်ပါဘူး... အိမ်မှာတရားအားထုတ်လဲ ရတာပဲ၊ အဲဒီမှာ ငါ့ဆရာရှိတယ်ကွ၊ ငါ့ဆရာကို သွားကန်တော့တာပါ"

"ဪ... မသိပါဘူး။ ငါက တရားအားထုတ်တာ များလားလို့၊ ကဲ... တို့ ဘာစားကြမလဲ"

ဝေယန်းက မေးသည်။

"အစားအသောက်ကိုနောက်မှမှာ... ပထမဆုံး အရက်တစ်အိုး အရင်မှာကွာ... အရက်အရင်သောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းဝါ၏စကားကြောင့် ဝေယန်း မျက်လုံးပြူးသွားလေသည်။

မင်းဝါသည် အရက်ကြိုက်တတ်သူမဟုတ်ပေ။

အရက်ကို အနည်းငယ်မျှ မသောက်တတ်ချေ။ နည်းနည်းပါးပါးသောက်ဖို့ပင် ဝေယန်းက အလွန်တိုက်တွန်းရ၏။

သောက်လျှင်လည်း တစ်ငုံနှစ်ငုံမျှသာ သောက်သည်။

ယခုမင်းဝါက စတင်၍ အရက်သောက်မည်ဟု ပြောသောအခါ သူအံ့ဩသွား၏။

သို့သော် သူသည် စားပွဲထိုးကိုလှမ်းခေါ်ပြီး အရက်တစ်အိုးနှင့် စားစရာဟင်းလျာများကို မှာလိုက်၏။

ဝေယန်းက....

"နေပါဦး... မင်း ဘယ်လိုဖြစ်လာတာလဲ၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူး"

"အခု ဘာဖြစ်လို့လဲကွ"

"မင်း အရက်သောက်ချင်တယ်ပြောလို့ပါ"

"ဒါ အဆန်းလား"

"ဆန်းတော့ မဆန်းပါဘူး။ ငါထင်တာက မင်း တစ်ခုခုများ စိတ်ညစ်လာသလားလို့ပါ"

မင်းဝါသည် မည်သည့်အဖြေမျှ ပြန်မပေးဘဲ သက်ပြင်းတစ်ချက်သာ ချလိုက်သည်။ ပြီးမှဝေယန်း၏မျက်နှာကို ကြည့်သည်။



"ဝေယန်း...."

"ဘာလဲ... ပြော"

ထိုစဉ် အရက်နှင့်အစားအသောက်များ ရောက်ရှိလာသဖြင့် သူတို့သည် အရက်တစ်ခွက်စီ ကောက်မော့လိုက်၏။

ဝေယန်းသည် အမြည်းတစ်ဖက်ကို တူနှင့်ညှပ်ယူစားလိုက်လေ၏။

ဝေယန်း၏စိတ်ထဲတွင် မင်းဝါ စိတ်ညစ်လာသည်ဟု သာ ထင်သည်။

"ကဲ... မင်း ဘာစကားပြောချင်သလဲ ပြော"

သူတို့သည် အရက်တစ်ခွက်စီ သောက်လိုက်သဖြင့် မျက်နှာများ နီလာကြသည်။

အာသွက်လျှာသွက်လည်း ဖြစ်လာကြသည်။

"ငါ နည်းနည်းစိတ်ညစ်နေတယ်ကွာ"

မင်းဝါက စတင်ပြော၏။

"ငါထင်သားပဲ... မင်း စိတ်ညစ်လာတယ်လို့ ငါထင်နေတာ"

"မင်းက ဘာဖြစ်လို့ ဒီလိုထင်ရတာလဲ"

"ဟ... အရက်မသောက်စဖူး အသောက်ထူးလို့ပေါ့ကွ... အရက်မသောက်ဖူးတဲ့လူ အရက်သောက်ပြီဆိုတော့ စိတ်ညစ်လာ

www.burmeseclassic.com



လို့ပေါ့ကွာ"

"အေး... ဟုတ်တယ်၊ ငါ စိတ်ညစ်လာတယ်"

"ပြောစမ်းကွာ... ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့ရဲ့ဂေဟာဟာ အရင်ကနဲ့မတူတော့ဘူးကွ"

ဝေယန်းက ရယ်မောလိုက်၏။

"မင်းကလဲ ဂေဟာဆိုတာ ဒီလိုပေါ့ကွာ၊ အရင်တုန်းကနဲ့တော့ ဘယ်တူမလဲ၊ တဖြည်းဖြည်း ဟောင်းနွမ်းလာမှာ ဓမ္မတာပဲ... ဆေးသုတ်ဘာသုတ် ပြုပြင်ရတာပေါ့ကွာ"

မင်းဝါက ဝေယန်းကို မျက်လုံးပြူးကြည့်ပြီး...

"မင်း... ဘာတွေပြောနေတာလဲ၊ ဂေဟာဟောင်းနွမ်းလာတာကို ပြောတာမဟုတ်ဘူးကွ၊ ငါတို့ဂေဟာရဲ့အတွင်းရေးကို ပြောနေတာကွ"

"ဩော်... ဩော်"

"ငါ့အဖေနဲ့အမေဟာ ခါတိုင်းလို ရွှင်ရွှင်ပျပျ မရှိကြဘူးဆိုတာ ငါ အသေအချာသိတယ်၊ အကဲခတ်မိတယ်... နောက်ပြီး စီးပွားရေးကလဲ ကျဆင်းနေတယ်၊ အရင်လို ဖောဖောသီသီ မသုံးနိုင်တော့ဘူး။ ငါ သိချင်တာက ငါမရှိတဲ့အချိန်မှာ ငါ့မိဘတွေ ဘာဖြစ်တယ်လို့ကြားမိသလဲ"



မင်းဝါ၏စိတ်ထဲတွင် သူ့မိဘများသည် လှိုထန်တို့မိသားစုကဲ့သို့ပင် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်နေသည်ဟု ထင်မိလေ၏။

နောက်တစ်ချက် သူမြင်တွေ့သည်မှာ သူတို့ဂေဟာ၌ ရတနာကုန်သည်များကို မတွေ့ရတော့ခြင်းပင်တည်း။

ယခင်ကဆိုလျှင် ရတနာကုန်သည်များမှာ တရုန်းရုန်းနှင့်ပင်။

ယခုမူ ဧည့်သည်များသည် ဝင်ထွက်မှုမရှိသလောက်ဖြစ်သွားပြီး သူတို့ဂေဟာ၏ ငွေကြေးသုံးစွဲမှုမှာလည်း ကျဆင်းသွား၏။

အိမ်ဖော်အချို့ကိုပင် ထုတ်ပစ်လိုက်ရသည်။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။ ထိုအဖြေကို မင်းဝါရှာကြည့်နေခြင်း ဖြစ်သည်။

ဝေယန်းသည် အနည်းငယ်စဉ်းစားပြီးမှ...

"အေး... ငါလဲ မင်းတို့ဂေဟာကိုတော့ နည်းနည်းသတိထားမိတယ်... ဟိုအရင်ကနဲ့ လုံးဝမတူတော့တာ အမှန်ပဲကွ၊ နောက်ပြီး မင်းအဖေရဲ့လုပ်ငန်းလဲ သိပ်အဆင်ပြေပုံမရဘူး။ တချို့ကပြောတော့လဲ မင်းအဖေဟာ အရက်တွေ အလွန်အကျွံသောက်တယ်ဆိုပဲ... တချို့ကလဲ လောင်းကစားဝိုင်းကို သွားတယ်လို့ ပြောကြတယ်... တချို့လူတွေရဲ့အပြောနော်... ငါတွေ့တာမဟုတ်ဘူး"

www.burmeseclassic.com



"အေးကွာ… အိမ်ကြီးလဲ ဘယ်လိုဖြစ်နေသလဲ မသိတော့ပါဘူးကွာ"

မင်းဝါသည် အရက်ကိုတစ်ခွက်လုံးကုန်အောင် မော့သောက်လိုက်၏။ ပြီးမှ ပါးစပ်ကို သူ့လက်ခုံနှင့်သုတ်လိုက်၏။

ဝေယန်းက….

"ငါက မင်းတို့အိမ်မှာ အိမ်ဖော်တွေနည်းသွားတာတော့ သတိပြုမိတယ်… မင်းအမေနဲ့မတည့်လို့ အလုပ်ဖြုတ်ပစ်တယ်လို့ ထင်နေတာကွ"

"ငါ့အမေက သဘောကောင်းပါတယ်ကွာ… ငါ့အဖေလဲ အလုပ်အကိုင်မကောင်းတော့ လုပ်ချင်ရာတွေ လျှော့လုပ်နေတယ်နဲ့ တူပါရဲ့ကွာ"

မင်းဝါသည် စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်၏။

"ကဲ… သူငယ်ချင်းရယ်… ဒီအကြောင်းတွေချည်း သိပ်မတွေးပါနဲ့ မင်း ဦးနှောက်ခြောက်သွားလိမ့်မယ်၊ တို့နှစ်ယောက်ပြန်ဆုံတုန်း ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင်"

ဝေယန်းက ပြောလိုက်၏။

အိုးထဲမှအရက်များကို ပန်းကန်များထဲသို့ လောင်းငှဲ့ထည့်လိုက်သည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ လူသုံးယောက်ဝင်လာကြ



လေ၏။ စားသောက်ဆိုင်ထဲ၌ လူများပြည့်ကျပ်နေသည်။

ဝင်လာသော လူသုံးယောက်အနက် တစ်ယောက်တည်း ဗလကောင်းကောင်း။ နှုတ်ခမ်းမွေးနှင့်လူက ဆိုင်တာဝန်ခံအား လှမ်းပြောသည်။

"ဟေ့… မင်းတို့ဆိုင်မှာ အရက်သောက်ချင်တယ်၊ အခန်းလွတ် မရှိဘူးလား"

ဆိုင်တာဝန်ခံသည် ပျာပျာသလဲ ဖြစ်သွား၏။ သို့သော် အခန်းတိုင်း လူအပြည့်ရှိနေသည်။

ဆိုင်တာဝန်ခံသည် လူလွတ်လို လွတ်ငြားကလေး လျှောက်ကြည့်၏။

ဆိုင်တာဝန်ခံက…..

"ဆရာရှောင်ရယ် သည်းခံပါခင်ဗျာ၊ လူတွေအားလုံးပြည့်နေပါတယ်… အားနာစရာကောင်းလိုက်တာ"

ဆိုင်တာဝန်ခံက တောင်းပန်လိုက်၏။ သူ့အနေဖြင့် မတောင်းပန်၍မဖြစ်ပါ။

ဆရာရှောင်ဆိုသူ၏ နာမည်အပြည့်အစုံမှာ ထန်တုရှောင်ဖြစ်သည်။

ထန်တုရှောင်သည် ယန်ကြူးမြို့၌ နာမည်ကြီးလူမိုက်တစ်ယောက် ဖြစ်လေ၏။

www.burmeseclassic.com



သိုင်းလောကသားများက သူ့အား သံလက်ချောင်းဟု ခေါ်ကြ၏။

သံလက်ချောင်းထန်တုန်ရှောင်ဟု ခေါ်ဆိုကြသည်မှာ ထန်တုရှောင်၏ လက်ချောင်းများမှာ သံချောင်းကဲ့သို့ မာကျောနေသောကြောင့်တည်း။

သူသည် ယခုရက်သတ္တနှစ်ပတ်အတွင်း၌ အခြားသောဒုစရိုက်လောကထဲမှ သိုင်းသမားနှစ်ယောက်၏ဝမ်းဗိုက်ကို သူ၏လက်ချောင်းများထိုးသွင်းလျက် အသေသတ်ခဲ့သည်။

ထို့ကြောင့် သူ၏သံလက်ချောင်းများမှာ ပို၍ ကျော်ကြားလာလေ၏။

သံလက်ချောင်း ထန်တုရှောင်....

ယခု သူသည် ဆိုင်တာဝန်ခံ၏စကားကို သိပ်ကျေနပ်ခြင်းမရှိပါ။ ဆိုင်ထဲတွင် လူပြည့်ကျပ်နေသည်မှာ မှန်သည်။

သို့သော် သူတို့စားသောက်မည်ဆိုသဖြင့် အခြားသူများကို မောင်းထုတ်ပေးရမည့်တာဝန်ရှိသည်ဟု သူက ယူဆလေသည်။

"လူပြည့်နေတာ မင်းပြောမှမဟုတ်ဘူး... ငါ့မျက်စိလဲ မြင်တာပဲ... ငါလိုချင်တာက ငါတို့စားဖို့သောက်ဖို့ အခန်းတစ်ခန်းပဲ၊ စကားမရှည်နဲ့ သူတို့ကိုသွားမောင်းထုတ် ပေးပေတော့"

ဆိုင်တာဝန်ခံမှာ ဘာလုပ်ရမည်မှန်းမသိဘဲ ဖြစ်သွားသည်။



သူ့ဆိုင်၌ အမြဲတမ်း လာရောက်စားသောက်သူများကို မောင်းထုတ်ရမည်ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ပါ။

"ဆရာရှောင်... ခဏလေး စောင့်ပါနော်"

"ဘာ... ငါက စောင့်ရမယ်ဟုတ်လား။ ကဲကွာ..."

"ခွပ်...."

သံလက်ချောင်းထန်တုရှောင်သည် သူ၏စကားဆုံးသည်နှင့် ဆိုင်တာဝန်ခံ၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်၏။

"အား...."

ဆိုင်တာဝန်ခံမှာ အော်ဟစ်ရင်း နောက်သို့လွင့်စဉ်ထွက်သွားတော့၏။

သူသည် ဒုစရိုက်သိုင်းလောကသားတစ်ဦးဖြစ်ရာ သူထိုးလိုက်သည့်လက်သီးမှာ အလွန်ပြင်းထန်လှသည်။

ထိုလက်သီးချက်ကြောင့် ဆိုင်တာဝန်ခံမှာ မထနိုင်တော့ချေ။

ဆိုင်တာဝန်ခံ၏တပည့်များမှာ သူတို့၏ဆရာအား အပြေးအလွှား ပြုစုကြ၏။

www.burmeseclassic.com

## အခန်း(၃)

## ရန်လိုသူနှင့်ဆုံမသူ

ထန်တုရှောင်သည် လူမိုက်ပီပီ ဒေါသအလွန်ကြီး၏။

သူသည် ဆိုင်တာဝန်ကို လက်သီးနှင့်ထိုးပြီးသည်နှင့် စား
သောက်ခန်း အခန်းများဆီသို့ သွားရောက်လေတော့၏။

အခန်းတိုင်း အခန်းတိုင်း စားသောက်သူများနှင့် ပြည့်နေ
သည်။

သူ၏ တပည့်နှစ်ယောက်ကလည်း သူ့နောက်မှ ကပ်၍



လိုက်ပါသွား၏။

ထန်တုရှောင်သည် တစ်ခန်းပြီးတစ်ခန်း ကြည့်သွား၏။ အ
ခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ သူ၏ခြေအစုံ ရပ်တန့်သွား၏။

ဤအခန်းထဲ၌ရှိသော လူများမှာ လူအနည်းဆုံးပင်တည်း။

သူသည် အခန်းထဲ၌ စားသောက်နေသူနှစ်ယောက်ကို
မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေ၏။

အခန်းထဲရှိ လူနှစ်ယောက်ကား ထန်တုရှောင်ကို မမြင်ကြ
ပေ။ သူတို့ဘာသာ စကားပြောနေကြ၏။

ထိုနှစ်ယောက်မှာ မင်းဝါနှင့်ဝေယန်းတို့ဖြစ်ကြသည်။

ထန်တုရှောင်သည် အခန်းထဲသို့ ဆောင့်ကြီးအောင့်ကြီးနှင့်
ဝင်သွား၏။

သူသည် ဘာမျှပြောဆိုခြင်းမရှိဘဲ ဝေယန်း၏လည်ကုပ်ကို
ဆွဲကိုင်၍ အပြင်သို့ပစ်ပေါက်လိုက်၏။

"ဝုန်း....."

ဝေယန်းမှာ အပြင်ဘက်သို့ဝုန်းခနဲ လွင့်စဉ်သွားလေ၏။

မင်းဝါသည် မျက်စိပြာခနဲဖြစ်သွားသည်။

သူ၏သူငယ်ချင်းကို အနိုင်ကျင့်စော်ကားသူမှာ မည်သူဖြစ်
သနည်း။ သူသည် ဒေါသထောင်းခနဲဖြစ်သွားသည်။

သူသည် ထန်တုရှောင်နှင့်ရင်ဆိုင်လိုက်သည်။ ထန်တုရှောင်

www.burmeseclassic.com

www.burmeseclassic.com



ကို စူးရဲစွာစိုက်ကြည့်လိုက်သည်။

ထန်တုရှောင်က လက်နှစ်ဘက်ခါးထောက်ကာ ကြည့်နေ၏။

သူ့အား စူးရဲစွာ စိုက်ကြည့်နေသည့် မင်းဝါကို သူသည် မခန့်လေးစား စိုက်ကြည့်နေလေသည်။

"မင်း ဘာကြည့်နေတာလဲ"

မင်းဝါက ဘာမျှမပြော။

"မင်း အဲဒီကောင်လို အပြင်ဆွဲထုတ်တာခံချင်လို့ စောင့်နေတာလား... ဖယ်စမ်း အခန်းထဲက မြန်မြန်ဖယ်စမ်း"

မင်းဝါသည် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော မျက်လုံးများဖြင့် ကြည့်နေရင်းမှ တစ်လုံးချင်း စကားပြောတော့သည်။

"မင်း မိုက်ရိုင်းလှချည်လား"

"ဘာ..."

"မင်း ဘာကြောင့် ငါ့သူငယ်ချင်း ဝေယန်းကို အခုလို လုပ်လိုက်ရတာလဲ"

"ဘာ..."

ထန်တုရှောင်မှာ မင်းဝါထံမှ မမျှော်လင့်သောစကားသံကို ကြားလိုက်ရသောအခါ အတော်ပင် အံ့အားသင့်သွားသည်။



ဟန်ကြူးမြို့မှ လူငယ်အတော်များများသည် သူ့အား ဤသို့ ပြန်လှန်ပြောဆိုဝံ့သူမရှိပေ။

အစ်ကိုကြီးဟူ၍လည်းကောင်း... ဆရာဟူ၍လည်းကောင်း သူ့အား လေးလေးစားစား ကြောက်ကြောက်ရွံ့ရွံ့ခေါ်ဆိုကြပြီး ခေါင်းလျှိုသွားသူများချည်းသာ ဖြစ်ကြသည်။

ထို့ကြောင့် သူ့အား မင်းဝါက ခက်ခက်ထန်ထန် ပြန်လည်ပြောဆိုသောအခါ သူသည် အလွန်ဒေါသဖြစ်သွားသည်။

"အံမာ... မနေ့တစ်နေ့ကမှ သိုင်းပညာ မတောက်တစ်ခေါက်တတ်ထားတဲ့ကောင်က ငါ့ကိုအန်တုချင်လို့ရမလား။ ကဲ... ပြောနေကြတယ်"

"ဖတ်...."

ထန်တုရှောင်သည် ဆိုင်တာဝန်ခံအား ထိုးသလို လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

မင်းဝါက သူ၏လက်သီးအား လှမ်းဖမ်းလိုက်သည်။

ထိုအခါ ဖတ်ခနဲ အသံမြည်သွားလေ၏။

မင်းဝါသည် သူ၏ညာလက်ဖြင့် ထန်တုရှောင်၏လက်သီးကိုတားဆီးပြီး ဘယ်လက်ဖြင့်ရင်ဝသို့ ရိုက်ချလိုက်၏။

"ဝုန်း...."

ထန်တုရှောင်မှာ အပြင်သို့လွင့်ထွက်သွားသည်။

www.burmeseclassic.com



မင်းဝါသည် အပြင်သို့ခုန်ထွက်လိုက်၏။

စားသောက်သူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

ထန်တုရှောင်သည် မခံရစဖူး ခံလိုက်ရသဖြင့် မျက်လုံးများ မီးဝင်းဝင်းတောက်သွား၏။

သူ့အား လာရောက်မွေ့ထူသည့် လူနှစ်ယောက်အား တွန်းဖယ်ပစ်လိုက်သည်။

"သွားစမ်းကွာ"

သူသည် မတ်တတ်ထရပ်လိုက်ပြီး....

"ဩော်... မင်းက ငါ့ကိုစမ်းတယ်ပေါ့"

မင်းဝါသည် သူ့ကိုရဲရဲဝံ့ဝံ့ ရင်ဆိုင်သည်။

"ကျား...."

ထန်တုရှောင်သည် မာန်သွင်းအော်ဟစ်ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့် ရန်းကန်လိုက်သည်။

"ဗိုး...."

သူ၏ခြေထောက်သည် လေထဲ၌ဖြတ်သန်းသွား၏။

မင်းဝါကို မထိပေ။

ထန်တုရှောင်၏တပည့်နှစ်ယောက်မှာ ဝဲယာညှပ်၍ တိုက်သည်။



"ကျား...."

"ကျား...."

ထိုနှစ်ယောက်သည် မာန်သွင်းအော်ဟစ်ပြီး ခုန်ဝင်သည်။

"ဗုစ်...."

"ဗိုး...."

"ဖျောင်း...."

ကြယ်ပြာစားသောက်ဆိုင်တစ်ခုလုံး ဝရုန်းသုန်းကားဖြစ်သွားတော့သည်။

တိုက်ခိုက်သံများသည် ဆူညံသွား၏။

ဝေယန်းသည်လည်း မဖျော့ညံ့ပါ။

သူက သိုင်းပညာမတတ်သော်လည်း ကုလားထိုင်များနှင့် ထန်တုရှောင်၏ တပည့်နှစ်ယောက်ဆီသို့ ပစ်ပေါက်လိုက်သည်။

"ဝုန်း...."

"ဖုန်း...."

"ခွပ်...."

"အား...."

ထန်တုရှောင်က ဝေယန်း၏မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေ၏။

"ခွပ်...."

www.burmeseclassic.com



"ဝုန်း...."

ဝေယန်း လွင့်စဉ်ထွက်သွားသည်။

မင်းဝါသည် စားပွဲတစ်လုံးပေါ်သို့ ခုန်ပျံရောက်ရှိသွားသည်။

သူသည် စားပွဲပေါ်မှကျွမ်းပစ်ပြီး ထန်တုရှောင်ကို ကန်လိုက်၏။

"ဗိုး...."

မင်းဝါ၏ကန်ချက်မှာ မထိပါ။

သူ့ခြေထောက်သာ လေထဲ၌ ဖြတ်သန်းသွားပါသည်။

သူသည် အရှိန်လွန်သွား၏။ သူ့အရှိန်ကို သူမထိန်းနိုင်ဘဲ ဖြစ်သွားသည်။

ထိုစဉ် ထန်တုရှောင်၏ဘယ်ခြေသည် အရှိန်လွန်သွားသော မင်းဝါ၏ဝမ်းဗိုက်ဆီသို့ တန်းတန်းမတ်မတ် ဝင်သွားလေ၏။

"ဝုန်း...."

"အား...."

မင်းဝါ လွင့်စဉ်သွားသည်။

သူလောကြီးသွားသဖြင့် ဟာကွက်ဖြစ်ပေါ်သွားသည်။

သူ၏ဟာကွက်ကို ထိထိမိမိအသုံးချလိုက်ခြင်း ဖြစ်ပါသည်။

ထန်တုရှောင်သည် မင်းဝါထံသို့ ခုန်ဝင်လာ၏။

သူသည် ညာဘက်လက်ကို မင်းဝါ၏လည်မျိုဆီသို့ ထိုးသွင်းလိုက်၏။



သူသည် မင်းဝါကိုသတ်ဖြတ်လိုက်ခြင်းသာ ဖြစ်ပါသည်။

သူ၏ သံလက်ချောင်းများဒဏ်ကို မင်းဝါ၏လည်မျိုသည် မည်သို့မျှ ခံနိုင်မည်မဟုတ်ပါ။

မင်းဝါသည် မည်သို့မျှ မရှောင်တိမ်းနိုင်တော့ပါ။ မင်းဝါသည် မျက်စိမှိတ်လိုက်၏။ သူသေပြီ။

ထန်တုရှောင်၏လက်ချောင်းများသည် သူ့လည်မျိုဆီသို့ ပြေးဝင်လာလေပြီ။

ထိုစဉ်....

"ဖတ်...."

အသံတစ်သံအား ကြားလိုက်ရ၏။

ထန်တုရှောင်၏လက်ချောင်းများသည် မိမိ၏လည်မျိုနှင့် ထိတွေ့ခြင်းမရှိသည်ကို တွေ့ရသောအခါ မျက်လုံးပြန်ဖွင့်ကြည့်မိလေ၏။

ထိုအခါ လူတစ်ယောက်သည် ထန်တုရှောင်၏လက်ကိုဖမ်းဆီးဆုပ်ကိုင်ထားသည်ကို တွေ့ရလေ၏။

ထိုလူကို မင်းဝါ အသေအချာကြည့်လိုက်၏။

သူ အံ့ဩသွားသည်။

ထိုလူကား ရုပ်ရည်ချောမောသူဖြစ်သည်။ သန့်စင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဝိန်ဝိန်ပါးပါးဖြစ်သော်လည်း အဖြူရောင်ဝတ်စုံ ခပ်မှုံမှုံကို ဝတ်ဆင်ထားသည်။ အဖြူရောင်ဖိနပ်ကို စီးထား၏။

ထိုလူသည် ထန်တုရှောင်၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထား၏။

ထန်တုရှောင် မျက်နှာရှုံ့မဲ့သွားသည်။ အဘယ်ကြောင့် လက်ကောက်ဝတ်ကို ဆုပ်ကိုင်ရုံနှင့် မျက်နှာရှုံ့မဲ့နေရပါသနည်း။

ထိုလူက ကိုင်ထားရုံကိုင်ထားသည် မဟုတ်ပါလား။

ဆုပ်ကိုင်ဖျစ်ညှစ်ထား၍ ထန်တုရှောင် ရှုံ့မဲ့နေခြင်းဖြစ်ပါသည်။

မှန်ပါသည်။ ထိုလူသည် ထန်တုရှောင်၏ညာလက်ကို ဖြူဝတ်ကြီးဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ထားသည့်အလား ဖျစ်ညှစ်ဆုပ်ကိုင်ထားသောကြောင့် ဖြစ်ပါသည်။

ထန်တုရှောင်သည် သူ၏လက်ကိုရုန်းသည်။ ရုန်း၍မရပေ။

ထိုအခါ လက်ဖြင့် ထိုလူ၏မျက်နှာကိုထိုးချလိုက်သည်။

"ဖတ်...."

ထန်တုရှောင်၏ဘယ်လက်ကို ညာဘက်လက်ဖြင့် ဖမ်းကိုင်သည်။

ထန်တုရှောင်သည် လက်နှစ်ဘက်စလုံး ဖမ်းဆီးချုပ်ကိုင်ခြင်းကို ခံလိုက်ရပြီဖြစ်ပါသည်။



ထန်တုရှောင်သည် သွေးရူးသွေးတန်း ရုန်းကန်လေ၏။

သို့သော် လွတ်အောင် မရုန်းနိုင်ပါ။ နည်းနည်းလေးမျှ ရုန်းကန်၍မရပါ။

သူသည် မျက်လုံးပြူးမျက်ဆံပြူးဖြင့်လူစိမ်းကို မော့ကြည့်လိုက်၏။

"မင်း... မင်း ငါ့ကိုစော်ကားဝံ့တယ်ပေါ့လေ... မင်းတစ်နေ့ နောင်တရစေရမယ်"

ထန်တုရှောင်က ခြိမ်းခြောက်လိုက်၏။

လူစိမ်းက ပြုံးသည်။

"မင်းတော်တော် ရယ်ဖို့ကောင်းတဲ့ကောင်ပဲ"

ထန်တုရှောင်သည် ဒေါသဖြင့် အော်လိုက်၏။

"ဘာ... ရယ်ဖို့ကောင်းတာလဲ"

"လက်ရှိအခြေအနေကို ပြန်ကြည့်စမ်းပါဦး... မင်းရဲ့လက်ကောက်ဝတ်နှစ်ဘက် ကျိုးသွားနိုင်တယ်ဆိုတာ သဘောပေါက်ရဲ့လား"

အမှန်တော့ လူစိမ်းပြောလိုက်သည့်စကားမှာ မမှားပါ။

ထန်တုရှောင်၏ လက်နှစ်ဘက်စလုံးသည် သူ၏လက်တွင်းတွင် ဖမ်းဆီးချုပ်ကိုင်ခံနေရသည် မဟုတ်ပါလော။

သူက ပါးစပ်မှခြိမ်းခြောက်သော်လည်း လောလောဆယ်

www.burmeseclassic.com



သူ့လက်က လူစိမ်း၏လက်ထဲ ရောက်နေသည်။

သူ့လက်သာ ကျိုးသွားမည်ဖြစ်သည်။

ထန်တုရှောင်၏ တပည့်နှစ်ယောက်မှာလည်း သူတို့ဆရာကို မည်သို့မျှ မကူညီနိုင်ချေ။

သူတို့ဝင်ကူညီလိုက်သည်နှင့် လူစိမ်းက လက်ကိုချိုးပစ်ခဲ့သော်အခက်ပင် မဟုတ်ပါလော။

"မင်း... ဘာတွေပြောနေတာလဲ၊ ငါ ဘာကောင်ဆိုတာသိသွားရင် မင်းပြောတော့မှာမဟုတ်ပါဘူး"

ထန်တုရှောင်က....

"မင်း သေချင်လို့လား... ငါ့လက်ကိုလွှတ်စမ်း ဟန်ကြူးမြို့မှာ ငါ့နာမည်ကို မသိသူမရှိဘူးကွ၊ မင်းခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်"

"မင်း ဘာကောင်လဲဆိုတာ ငါသိတယ်... ငါ ဘာကောင်လဲဆိုတာ မင်းမသိဘူး... အဲဒါခက်တာပေါ့"

ထန်တုရှောင်သည် လူစိမ်း၏မျက်နှာကို အသေအချာကြည့်လိုက်သည်။

"မင်းက ဘာကောင်လဲ"

ထန်တုရှောင်၏ အမေးစကားကို မရယ်မိကြပါ။

လူစိမ်းကိုတော့ အများက ချီးကျူးနေကြပါသည်။



သို့သော် တိုးတိုးတိတ်တိတ်သာ....။

ထန်တုရှောင်သည် လူစိမ်းအာရုံလွင့်ပါးနေသည်ဟု ထင်သဖြင့် သူ့ရုန်းကန်လှုပ်ရှားလိုက်သည်။

လူစိမ်းမှာ အာရုံမလွင့်ပါးပါ။

ထန်တုရှောင်ကို ချုပ်ကိုင်ထားနိုင်ပါသည်။

သို့သော် ကြာရှည်မချုပ်ကိုင်ကားလိုသဖြင့် လွှတ်ပေးလိုက်သည်။

ရိုးရိုးလွှတ်ပေးလိုက်ခြင်းတော့ မဟုတ်ပါ။ ဆောင့်တွန်းလွှတ်ပေးလိုက်ခြင်းသာ ဖြစ်ပါသည်။

ထန်တုရှောင် လွင့်ထွက်သွားသည်။

"ဝုန်း...."

သူသည် နံရံနှင့်ခေါင်း ဆောင့်မိသွား၏။

ထန်တုရှောင်သည် နံရံနှင့်တိုက်ပြီး ရပ်တန့်သွား၏။

သူသည် ကုန်းရုန်းပြီး ပြန်ထလာသည်။ သူသည် ငြိမ်သက်စွာ ပြန်မထနိုင်ပါ။ ဒယီးဒယိုင် ထလာရပါသည်။

သူသည် လူစိမ်းအနီးသို့ မကပ်ရဲပါ။ ခြေလှမ်းငါးလှမ်းမျှ ခွာ၍ရပ်ပါသည်။

"ဟေ့ကောင်... မင်း ဘယ်သူလဲ၊ မင်းကို ဟန်ကြူးမြို့မှာ တစ်ခါမှ မမြင်ဖူးဘူး၊ မင်း ဘာကောင်လဲဆိုတာကို ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ထန်တုရှောင်က မေးမြန်းလိုက်လေ၏။

လူစိမ်းသည် တစ်စုံတစ်ခုကို ပြန်ပြောရန် ဟန်ပြင်လိုက်သော်လည်း တစ်ခုခုကိုစဉ်းစားမိကာ မည်သို့မျှ ပြန်မပြောတော့ချေ။

သူပါးစပ်ပိတ်သွားသည်။

ထန်တုရှောင်သည် လူစိမ်းကို ငြိမ်းချောက်နေသော်လည်း နဖူးပေါ်မှချွေးများက တရဟော ကျဆင်းနေသည်။

နံရံနှင့်ဆောင့်မိ၍ နဖူးပေါက်သွားချေပြီ။

လူစိမ်းသည် ထန်တုရှောင်ကို မကြည့်တော့ပေ။

သူသည် မင်းဝါဘက်သို့ လှည့်လိုက်၏။

မင်းဝါနှင့်ဝေယန်းတို့သည် ယှဉ်တွဲရပ်ရင်း အခြေအနေကို စောင့်ကြည့်နေကြသည်။

လူစိမ်းက....

"မင်းဝါ... အခုဖြစ်သွားသေးသလဲ"

"ဘာမှမဖြစ်ပါဘူး ခင်ဗျာ"

"ဟိုတစ်ယောက်ကော..."

ဝေယန်းဘက်သို့ မေးငေါ့ပြီး မေးလေ၏။

"ကျွန်တော်လဲ ဘာမှမဖြစ်ပါဘူး။ နည်းနည်းပါးပါး ဖူးရောင်တာက လွဲရင်ပေါ့လေ"

လူစိမ်းက....



"ဒါဖြင့် သွားကြစို့"

သူတို့သုံးယောက်သည် ကြယ်ပြာစားသောက်ဆိုင်ထဲမှ ထွက်သွားကြတော့သည်။

ထန်တုရှောင်မှာ ချွေးသံရဲရဲနှင့် ကျန်ရစ်ခဲ့သည်။

သည်ကောင်သည် ဟန်ကြူးမြို့ လူလည်လာလုပ်သည်။ သည်ကောင် မည်သည့်ကောင်ဖြစ်မှန်း သူမသိချေ။

သူသည် အံကိုတင်းတင်းကြိတ်လေ၏။

www.burmeseclassic.com

## အခန်း(၄)

## စုံစမ်းခြင်း

လူစိမ်းကား အခြားသူမဟုတ်ပေ။

ဟန်ကြူးမြို့သို့ ရောက်ရှိလာသော ခြသေ့်ဂိုဏ်းသားတစ်ဦး ဖြစ်သူ ဝမ်ချိုင်းပင် ဖြစ်တော့သည်။

ဝမ်ချိုင်းသည် ခြသေ့်ဂိုဏ်း၏ နံပါတ်တစ်ဂိုဏ်းသားဖြစ်၏။

သူသည် အသက်အားဖြင့် နှစ်ဆယ်နှင့်သုံးဆယ်ကြားသာ ရှိသဖြင့် အလားအလာကောင်းသည့် သိုင်းသမားတစ်ဦးဖြစ်နေ



သည်။

သူသည် ထူးချွန်ထက်မြက်သည့် သိုင်းပညာများကို တတ်မြောက်ထားသည်။

သူသည် နန်ကင်းမြို့ သိုင်းပညာယှဉ်ပြိုင်ပွဲကြီးတွင် ပထမဆုဘွဲ့ကို ရရှိထားသူဖြစ်သည်။

ထို့နောက် ခြသေ့်ဂိုဏ်း တည်ထောင်သောအခါ ခြသေ့်ဂိုဏ်း၏ ရည်ရွယ်ချက်များကို မေးမြန်းစုံစမ်းပြီးနောက် ပထမဦးဆုံး စာရင်းပေးသွင်းသူဖြစ်သည်။

ခြသေ့်ဂိုဏ်းချုပ်ကြီးသည် ဝမ်ချိုင်း၏သိုင်းပညာရပ်များနှင့် စိတ်နေသဘောထားကို လွန်စွာကြိုက်နှစ်သက်သောကြောင့် သူ့အား နံပါတ်တစ်နေရာကို ပေးလိုက်သည်။

သူတို့ဂိုဏ်း၌ နံပါတ်စဉ်ငယ်သူကို နံပါတ်စဉ်ကြီးက သူ၏အမိန့်နာခံရမည်ဖြစ်လေရာ နံပါစဉ်တစ်သည် လက်ထောက်ဂိုဏ်းချုပ်တစ်ယောက်ပင် ဖြစ်ပေတော့သည်။

ဂိုဏ်းချုပ်ကြီးသည် ဝမ်ချိုင်းအား လုံထန်တို့မိသားစုကိစ္စကို ကူညီဆောင်ရွက်ပေးရန် တာဝန်ချထားသည်။

အဘယ့်ကြောင့်ဆိုသော် လုံထန်တို့မိသားစုသည် ကြေးစားလူသတ်သမားများနှင့် ကြုံတွေ့နေရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် လုံထန်တို့မိသားစု၏လုံခြုံရေးတာဝန်မှာ သူ၏

www.burmeseclassic.com



တာဝန်ပင် ဖြစ်ပေတော့၏။

သူက အလုပ်တစ်ခုကို ဝတ်ကျေတန်းကျေ လုပ်တတ်သည့် လူစားမျိုး မဟုတ်ချေ။

သူတာဝန်ယူရသည့်အလုပ်ကို စိတ်ပါလက်ပါလုပ်ကိုင်တတ်သည်။ အားတက်သရော ဆောင်ရွက်တတ်၏။

ရေဆုံးမီးဆုံး လုပ်တတ်သည်မှာ ဝမ်ချိုင်း၏အကျင့်ဖြစ်ကော့သည်။

ထို့ကြောင့် သူသည် လုံထန်တို့မိသားစုကို စောင့်ရှောက်နေခြင်း ဖြစ်သည်။

သူက လုံထန်တို့မိသားစုကို စောင့်ရှောက်နေရာမှ ကြေးစားလူသတ်သမားများ လုံထန်တို့မိသားစုအပေါ် အဘယ့်ကြောင့် မျက်စိကျနေသည်ကို တွေးတောနေ၏။ စဉ်းစားနေသည်။

ကြေးစားလူသတ်သမားဟူသည်မှာ အလကားနေရင်း လူတွေကို လျှောက်မသတ်ချေ။ ငွေရမ်းသည့်လူရှိမှ လူကိုသတ်သည်။

ငွေရမ်းသည့်လူ မည်သူဖြစ်မည်ကို ဝမ်ချိုင်းတွေးတောနေလေသည်။ သို့သော် သူသည် အဖြေရှာမရချေ။

သူသည် မင်းဝါကို လုံထန်ဂေဟာ၌ အမှတ်မထင် တွေ့လိုက်ရ၏။

ထိုအခါ သူက စိတ်စနိုးစနောင့်ဖြစ်ရလေ၏။ သူ စိတ်စနိုးစ



နောင့်ဖြစ်ရခြင်းမှာ မင်းဝါကြောင့် မဟုတ်ပါ။

မင်းဝါပြောသည့်စကားကြောင့် ဖြစ်သည်။

မင်းဝါက ရိုးသားသောစေတနာဖြင့် လုံထန်တို့မိသားစုအတွက် အကာအကွယ်ဖြစ်စေရန်အတွက် ကြောဂိုဏ်းကို အကူအညီယူ၍ စောင့်ရှောက်ခိုင်းမည်ဟူသောစကားသည် ဝမ်ချိုင်း၏စိတ်ကို စနိုးစနောင့်ဖြစ်စေ၏။

လုံထန်တို့မိသားစုကို ခြသေ့်ဂိုဏ်းက ဂရုစိုက်ပြီး စောင့်ရှောက်ပေးနေသည်ကိုသိပါလျက် အဘယ့်ကြောင့် ကြောဂိုဏ်းကို အကူအညီတောင်းခံချင်ပါသနည်း။

မင်းဝါအနေဖြင့် အစိုးရိမ်လွန်ကဲနေသဖြင့် ပြောလိုက်သည့်စကား ဖြစ်နိုင်ပါ၏။

သို့သော် မင်းဝါအားကိုးသော ကြောဂိုဏ်းသည် နာမည်သိပ်ကောင်းသော ဂိုဏ်းတစ်ဂိုဏ်း မဟုတ်ပေ။

ဤသို့ဆိုလျှင် ကြောဂိုဏ်း၏ အကာအကွယ်ယူသင့်မသင့်ဟူသောကိစ္စမှာ ပြီးပြတ်လောက်ပေပြီ။

အခြားကိစ္စတစ်ခုမှာ လွန်ခဲ့သောခြောက်နှစ်ခုနစ်နှစ်ခန့်က လုံထန်တို့မိသားစု မည်သည့်နေရာ၌ နေထိုင်ခဲ့သည်ကို သိခဲ့ရခြင်းဖြစ်သည်။

လွန်ခဲ့သည့် ခြောက်နှစ်ခုနစ်ခန့်က လုံထန်တို့မိသားစုသည်

www.burmeseclassic.com



ဟန်ကြူးမြို့တွင် နေထိုင်ခဲ့ပေသည်။

နောင်မှသာ ဟိုနန်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူတို့ ဟိုနန်းမြို့သို့ အဘယ်အကြောင်းကြောင့် ပြောင်းရွှေ့လာသနည်း။

ရိုးရိုးသားသား ပြောင်းရွှေ့လာခြင်းလား သို့မဟုတ် ပြဿနာနှင့်ပြောင်းရွှေ့လာခြင်းလား...။

ဤသည်ကို သိဖို့လိုအပ်လာသည်။

ယခု ကြေးစားလူသတ်သမားများ အဆက်မပြတ်ရောက်ရှိနေခြင်းမှာ ဟန်ကြူးမြို့၌ လုံထန်တို့နှင့်ပတ်သတ်ခဲ့သည့် ပြဿနာများနှင့် သက်ဆိုင်နိုင်သည်ကို သူတွေးထင်မိသည်။

လုံထန်တို့ မည်သည့်ပြဿနာများ ဖြစ်ပျက်ခဲ့ပါသနည်း။

ထို့ကြောင့် မင်းဝါပြန်သွားပြီး နောက်တစ်နေ့မှာပင် ဝမ်ချိုင်းသည် ဟန်ကြူးမြို့သို့ လိုက်လာခဲ့သည်။

သူသည် မင်းဝါနှင့်ဝေယန်းတို့ ကြယ်ပြာစားသောက်ဆိုင်အတွင်း မရောက်မီကပင် ရောက်နှင့်နေသူဖြစ်သည်။

သူက မင်းဝါ ဤဆိုင်သို့လာလိမ့်မည်ဟု သိသောကြောင့် မဟုတ်။ သူ့ဘာသာ သူတွေ့ရလေ၏။

သူသည် ရှေ့ဘက်ဧည့်ခန်းတွင် ဝင်ထိုင်စားသောက်နေခြင်း ဖြစ်သည်။



အပေါင်းအဖော်နှင့်မဟုတ်သဖြင့် အခန်းများကို သူမရွေးခြင်းဖြစ်၏။

ဧည့်ခန်းမ၌ ဝင်ထိုင်စားခြင်းဖြင့် လူတကာကို လေ့လာခွင့်ရနေသည် မဟုတ်ပါလော။

မင်းဝါတို့ဝင်စားသည့်အခန်းမှာ ဝမ်ချိုင်းစားသည့်စားပွဲနှင့် မဝေးလှချေ။

ထို့ကြောင့် အခန်းထဲမှပြောသည့်စကားများကို ဝမ်ချိုင်းအကုန်ကြားနေရ၏။

ထို့နောက် သံလက်ချောင်း ထန်တုရှောင် ရောက်လာသည်။

ဆိုင်တာဝန်ခံကို ထိုးလိုက်သည်ကိုလည်း ဝမ်ချိုင်းမြင်၏။

သူ့အရပ်နှင့်သူ့ဓာတ်ဖြစ်သဖြင့် ဝမ်ချိုင်း ဝင်မပါချေ။

သံလက်ချောင်း ထန်တုရှောင်သည် အခန်းများဆီသို့ လျှောက်သွားသည်။

ဝေယန်း၏လည်ကုပ်ကိုကိုင်၍လွှင့်ပစ်သည်။

မင်းဝါနှင့်တိုက်နိုက်သည်။ ထိုအခါ ဝင်မပါ၍မရတော့ချေ။

သူနှင့် ပတ်သက်ဆက်စပ်နေသည့်လူကို ဒုက္ခပေးနေပြီမဟုတ်ပါလား။

မင်းဝါသည် အလွန်ဝမ်းသာသွား၏။

သူ့အား သံလက်ချောင်းက အသေသတ်မည့်ဆဲဆဲ ဝမ်ချိုင်း

www.burmeseclassic.com



က ဝင်ကယ်ခြင်းဖြစ်သည်။

မင်းဝါသည် သူ့အသက်ကို ကယ်တင်ခဲ့သူလည်းဖြစ်၊ ဟိုနန်းမြို့က လုံထန်မိသားစုကို ကယ်တင်ခဲ့သူလည်း ဖြစ်သောကြောင့် ဝမ်းသာအားရဖြင့် သူ့ဂေဟာသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဧည့်ခန်းထဲတွင် မင်းဝါ၏မိခင်နှင့် ဝမ်ချိုင်း တွေ့ဆုံရသည်။

"သူ့နာမည်က ဝမ်ချိုင်းလို့ခေါ်တယ် အမေ"

ဝမ်ချိုင်း အမေသည် ခေါင်းညိတ်၍ အသိအမှတ်ပြု၏။

"ကျွန်တော့် အမေနာမည်ကတော့ ရှမ်းကီး... အဖေကတော့ ရတနာအရောင်းအဝယ်နဲ့ ခရီးထွက်နေပါတယ်"

မင်းဝါသည် သူ့မိခင်နှင့်ဝမ်ချိုင်းအား မိတ်ဆက်ပေးသည်။

သူသည် သူ့မိခင်အား ဝမ်ချိုင်းအကြောင်း ဆက်လက်ပြောပြလိုက်သည်။

"ဝမ်ချိုင်းဟာ သာမန်အရပ်သားမဟုတ်ဘူး မေမေရဲ့... သူဟာ ခြင်္သေ့ဂိုဏ်းသားတစ်ယောက်ပါ"

"ခြင်္သေ့ဂိုဏ်းသား..."

ရှမ်းကီးက ရေရွတ်လိုက်၏။

"မေမေက ခြင်္သေ့ဂိုဏ်းဆိုတာကို မသိဘူးနဲ့တူတယ်၊ ခြင်္သေ့ဂိုဏ်းဟာ ဟိုနန်းမြို့မှာ သိပ်နာမည်ကြီးတယ်မေမေရဲ့၊ ဟိုနန်းမြို့တစ်မြို့လုံးကို ခြင်္သေ့ဂိုဏ်းက စောင့်ရှောက်နေတယ်လို့ဆိုရမယ်...



ကျွန်တော်ရောက်စက မေမေ့ကိုပြောပြခဲ့တယ် မဟုတ်လား၊ ဦးလေးလုံထန်တို့ကို ခြင်္သေ့ဂိုဏ်းသားတစ်ယောက်က စောင့်ရှောက်နေတယ် ဆိုတာလေ၊ အဲဒါဝမ်ချိုင်းပေါ့... သူ အင်မတန်တော်လို့ ကြေးစားသုံးယောက်စလုံးကို ဖမ်းမိလိုက်တာ မေမေရဲ့"

မင်းဝါက ဝမ်ချိုင်းကို ချီးမွမ်းခန်းဖွင့်လိုက်သည်။

ရှမ်းကီးသည် ပြုံးနေ၏။ သို့သော် သူ့စိတ်ထဲတွင်တော့ မှုံနေသည်။

"မင်းလား... ငါ လက်နဲ့ရေးတဲ့အလုပ်ကို ခြေနဲ့ဖျက်တာ... နေနှင့်ဦးပေါ့ကွာ"

သူမသည် စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။

သူမ၏နှုတ်ကမူ....

"သြော်... လူချွမ်းကောင်းလေး ဝမ်ချိုင်းဆိုတာ မင်းကိုး၊ အားကွယ်... လုံထန်တို့မိသားစုမှာ ကျရောက်နေတဲ့အန္တရာယ်ကို မင်းက ခုလို အကာအကွယ်ပေးတာကို အဒေါ်ဘယ်လိုကျေးဇူးတင်မှန်း မသိပါဘူး"

ရှမ်းကီးသည် ကျေးဇူးတင်စကားပြောလိုက်လေ၏။

ဝမ်ချိုင်းက....

"ဒီကိစ္စလေးနဲ့တော့က ကျေးဇူးမတင်ပါနဲ့အဒေါ်... ကျွန်တော်တို့ခြင်္သေ့ဂိုဏ်းက ဒီလိုကိစ္စတွေကို ကူညီနေတာပါ... ခြင်္သေ့

www.burmeseclassic.com



ဂိုဏ်းရဲ့ရည်ရွယ်ချက်ကလဲ မတော်မတရားတာတွေကို ကာကွယ်တားဆီးဖို့ပါ… ကျွန်တော့်ကိုကျေးဇူးတင်ဖို့ မလိုပါဘူးခင်ဗျာ"

သူသည် ယဉ်ကျေးစွာ ပြောလိုက်သည်။

"ဘယ် ဒီလိုဟုတ်ပါ့မလဲကွယ်… ဘာရည်ရွယ်ချက်နဲ့ဖွဲ့ထားဖွဲ့ထား ကိုယ်ဖိရင်ဖိ ကူညီတယ်ဆိုတာ ကျေးဇူးတင်ရမှာပဲ၊ ဒီကသခင်ကြီး လုံကျန်ပေဝါးကလဲ မင်းကိုကျေးဇူးတင်မှာအမှန်ပါ… ဘာဖြစ်လို့လဲဆိုတော့ လုံထန်ဟာ သူ့ညီဝမ်းကွဲတော်တယ်မဟုတ်လား၊ သူ့အမျိုးအနွယ်ကို စောင့်ရှောက်တယ်ဆိုတော့ ကျေးဇူးတင်ရမှာပဲလေ"

ဝမ်ချိုင်း ဘာမျှထပ်မပြောတော့ပါ။ ထပ်ပြောစရာလည်းလိုမည်မထင်တော့ပါ။

ထိုအခါ မင်းပါက သူသေဘေးကြုံခဲ့ရသည်ကို ပြောပြလေ၏။

သူနှင့်ဝေယန်း ကြယ်ပြာစားသောက်ဆိုင်သို့သွားပြီး သံလက်ချောင်း ထန်တုရှောင်နှင့် ရန်ဖြစ်ခဲ့သည်တို့ကို ပြောပြလေ၏။

ရှမ်းကီး ရင်မ,နေရတော့သည်။

"ဝေယန်းလဲ လဲနေပြီ… ကျွန်တော်လဲ လဲနေပြီ၊ ကျွန်တော်လည်မျိုကို သူ့သံချောင်းနဲ့ ထိုးသတ်တော့မလို့လုပ်နေတုန်း ဝမ်ချိုင်းရောက်လာပြီး ဝင်ကယ်လိုက်တာပဲ"



"အောင်မယ်လေး… ကံကောင်းလို့ပေါ့၊ ဝမ်ချိုင်းသာ ရှိမနေရင် မခက်ပါလား၊ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ… ထန်တုရှောင်ဆိုတာ ဟန်ကြူးမြို့မှာ လူမိုက်ကြီးကွယ့်၊ သိပ်မကြာသေးခင်က ရက်ပိုင်းအတွင်းမှာ လူနှစ်ယောက်ကိုသတ်ခဲ့သေးတယ်၊ ခုလိုရန်ဖြစ်ရင် သူ့လက်ချက်နဲ့ သေသွားရတာပဲ"

ဝမ်ချိုင်း စိတ်ပျက်သွားသည်။

သူတို့ဂိုဏ်းက လူမသေစေရန် ဂရုပြုသလောက် အခြားသူများကတော့ သောက်သောက်လဲ သတ်နေကြသည်။

"အင်း… လူတွေကိုသတ်နေတာ မကောင်းတဲ့အလုပ်ပဲ အဒေါ်ရယ်… သူသတ်နိုင်တဲ့လူကိုတော့ သူသတ်မှာပေါ့လေ၊ ကျွန်တော်က ဒီအကြောင်းတွေမသိတော့ သူ့ကိုအသက်ချမ်းသာခွာ ပေးလိုက်မိတယ်၊ ဒီလိုမှန်းသိရင် သူ့ကိုသတ်လိုက်တာပေါ့… သူ့ကိုသတ်လိုက်ရင် လူဆယ့်လေးငါးယောက်ရဲ့အသက်ကိုကယ်သလို ဖြစ်သွားမှာပဲ"

သားဖြစ်သူ၏အသက်ကို ကယ်တင်လိုက်သူဖြစ်ကြောင်းသိသွားသောအခါ ရှမ်းကီးသည် ဝမ်ချိုင်းအား အလွန်ကျေးဇူးတင်သွားတော့သည်။

သူမသည် လှိုက်လှိုက်လှဲလှဲပြုံး၍ ပြောဆိုဆက်ဆံသောအခါ ဝမ်ချိုင်း၏စိတ်ထဲတွင်လည်း သူမသည် သဘောမနောကောင်းသူ

www.burmeseclassic.com



တစ်ဦးဟု ထင်မြင်သွားတော့သည်။

"အင်း... သူ့ကိုသတ်လိုက်ရင်တော့ အေးသွားတာပေါ့၊ ဒါပေမယ့် သူက သေမှမသေနိုင်တာပဲဥစ္စာ၊ သူ့ကိုတိုက်တုန်းက ကျွန်တော့်မှာ ဟာကွက်ပေါ်သွားလို့ ခံလိုက်ရတာပါ... နို့မို့ရင် သူ့ကိုအလဲတိုက်နိုက်နိုင်ပါတယ်"

"ဒါပေမယ့် သားရယ်... မိဘဆိုတာတော့ စိုးရိမ်တာပေါ့"

"မေမေတို့ အဲဒါခက်တာပေါ့... ဘာစိုးရိမ်စရာရှိသလဲ၊ သူလဲယောကျ်ား... ကျွန်တော်လဲ ယောကျ်ားပဲ တိုက်နိုက်တယ်ဆိုတာ သိုင်းသမားအတွက် အဆန်းမဟုတ်ပါဘူးဗျာ၊ သူ့တပည့်တစ်ယောက် ဝင်တိုက်လို့ပါ၊ တစ်ယောက်ချင်းဆိုရင် ဒီကောင့်ခေါင်းကိုတောင် ကျွန်တော်ဖြတ်နိုင်မှာပါ"

"အဲဒါပြောတာပေါ့... လူဆိုးလူမိုက်ဆိုတာ ဖြေဆေးမရှိဘူးကွယ့်... မြွေဆိုးကိုက်ရင် ဆေးရှိသေးတယ်၊ သူတို့က အဲဒီလိုလူအုပ်နဲ့တိုက်တာတို့ ဘာတို့လုပ်တော့ သားခံရရောမဟုတ်လား"

သားကိုချစ်သော ရှမ်းကြီးသည် သားအား ဖျောင်းဖျောင်းဖျဖျ ပြောဆိုလေ၏။

ပြီးမှ ဝမ်ချိုင်းဘက်သို့လှည့်လေ၏။

"ဩော်... ဒါထက် ငါ့တူက ဒီကိုလာတာ အလည်သက်သက်လား... ဒါမှမဟုတ် ကိစ္စရှိလို့လား"



ရှမ်းကြီးမေးလိုက်သည်မှာ အကြောင်းရှိသည်။

ဝမ်ချိုင်းသည် လုံထန်မိသားစုကိုလာသတ်သော ကြေးစားသုံးယောက်ကို ဖမ်းမိသွားသောသူဖြစ်သည်။

သူဟန်ကြူးမြို့သို့ ရောက်ရှိလာသည်မှာ ထိုကြေးစားသုံးယောက်နှင့် ပတ်သက်မည်ဟုထင်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်ဟန်ကြူးမြို့ကိုလာတာကတော့ တရားခံလာရှာတာပါခင်ဗျာ"

ရှမ်းကြီး သွေးပျက်မတတ်ဖြစ်သွား၏။

"ဘာ... တရားခံဟုတ်လား"

သူမသည် ကြားကြားချင်း သွေးပျက်မတတ်ဖြစ်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လိုက်လေ၏။

"ဟုတ်ပါတယ် အဒေါ်... ကျွန်တော်ဟာ အလုပ်တစ်ခုကိုလုပ်မယ်ဆိုရင် ရေဆုံးမြေဆုံးလုပ်တတ်ပါတယ်၊ သူဌေးကြီးလုံထန်တို့မိသားစုကို ကြေးစားလူသတ်သမားတွေ တစ်ဦးပြီးတစ်ဦး လာသတ်နေတယ်၊ အဲဒီကြေးစားတွေဟာ အင်မတန်သစ္စာရှိကြပါတယ်... သူတို့ကိုနိုင်းလိုက်တဲ့ အလုပ်ရှင်ကို ဘယ်တော့မှဖွင့်မပြောကြပါဘူး... ဒီတော့ ကျွန်တော်တို့မှာ အခက်အခဲတွေ တွေ့နေရတယ်"

ရှမ်းကြီးသည် မနည်းပင် ဟန်ဆောင်နေရလေ၏။

သူမသည် ခေါင်းတညိတ်ညိတ် လုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"မင်းရဲ့စိတ်ထဲမှာ လုံထန်တို့မိသားစုကိုသတ်ဖြတ်ဖို့ စေလွှတ်နိုင်းတဲ့တရားခံဟာ ဒီဟန်ကြူးမြို့မှာရှိနေတယ်လို့ ထင်နေသလား"

သူမက ပြန်မေးလိုက်သည်။

"ဒီလိုပါ အဒေါ်... အတိအကျတော့ ကျွန်တော်မပြောနိုင်ပါဘူး။ ဦးလေးလုံထန်တို့မိသားစုဟာ ဒီမြို့ကပြောင်းသွားမဟုတ်လား... ဒီမြို့ကမပြောင်းခင် ပြဿနာတစ်စုံတစ်ခုများ ဖြစ်ခဲ့မလားလို့ ကျွန်တော် သံသယရှိနေတယ်"

ရှမ်းကီး၏ရင်သည် တထိတ်ထိတ်ခုန်နေသည်။

ဝမ်ချိုင်းသည် မြေခွေးတစ်ကောင်ထက် ကြောက်စရာကောင်းသောလူစားမျိုးဖြစ်ကြောင်း တဖြည်းဖြည်း စဉ်းစားမိလေ၏။

"မင်း အခု တော်တော်စုံစမ်းပြီးပြီလား"

ဝမ်ချိုင်းက ခေါင်းယမ်းလိုက်၏။

"ကျွန်တော် မစုံစမ်းရသေးပါဘူး... အဒေါ်တို့ ဒီမှာရှိနေမှတော့ ကျွန်တော်က ဘယ်သွားပြီး စုံစမ်းရဦးမှာလဲ"

ရှမ်းကီးသည် တစ်ဝက်တစ်ပြက်တော့ ရင်အေးသွားသည်။ အားလုံးအတွက် ရင်မအေးနိုင်သေးပါ။



"အင်း... မင်း ဒီလိုဆုံးဖြတ်တာ မှန်ပါတယ်၊ ဒါနဲ့ မင်းက လုံထန်တို့ကို မေးဖို့ကောင်းတာ၊ ဘာဖြစ်လို့မမေးတာလဲ... ပြဿနာရှိတယ် မရှိဘူးဆိုတာ ကာယကံရှင်ကိုမေးကြည့်တာ အကောင်းဆုံးပေါ့၊ သူ့မေးလိုက်ရင် ပြီးတာပဲ"

ရှမ်းကီးပြောသည်မှာ နည်းလမ်းကျသည်။

ဝမ်ချိုင်း သိသည်။

သူ့ငွေးကြီး လုံထန်အကြောင်းကို သူတော်တော်သိခဲ့သည်။

လုံထန်သည် မည်သူ့အကြောင်းကိုမျှ စပ်စပ်စုစုမပြောလိုသူ ဖြစ်သည်ကို သူသိသည်။

ဤအကြောင်းကို သူမေးလျှင်လည်း လုံထန်တို့ ပြောမည်မဟုတ်ချေ။

သူတို့အတွင်းရေးကို မပြောလို၍လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် သူတို့မသိ၍လည်း ဖြစ်နိုင်ပေသည်။

"အဒေါ်ပြောတာ မှန်ပါတယ်... ဒါပေမယ့် ကျွန်တော်မေးရင် အင်မတန်အားနာစရာကောင်းပါလိမ့်မယ်... အတွင်းရေးကိစ္စတွေကို မေးရတာကိုး။ တချို့လူတွေက သူတို့အတွင်းရေးကိစ္စတွေကို မပြောချင်ကြဘူးလေ၊ ဒါကြောင့် မမေးခဲ့တာပါ... သူတို့ ဒီမှာနေစဉ်တုန်းက ပြဿနာရှိမရှိ အဒေါ် သိမှာပေါ့နော်"

ရှမ်းကီးသည် သက်ပြင်းချလိုက်၏။

www.burmeseclassic.com



သူမသည် တစ်စုံတစ်ခုကိုပြောရန် ဝန်လေးနေပုံရသည်။ သူမသည် ထိုပုံစံမျိုးကို ဖမ်းထားသည်။

ရှမ်းကီးနှင့်ဝမ်ချိုင်းတို့သည် စကားပြောနေကြစဉ် မင်းဝါသည် သူတို့အနီး၌ မရှိတော့ပေ။ အခန်းထဲသို့ ဝင်သွားပေပြီ။

သူတို့အနီးတွင် မည်သူမျှ မရှိတော့ပေ။

ဝမ်ချိုင်းသည် ရှမ်းကီး၏အမူအရာကို အကဲခတ်နေ၏။

သူမသည် တစ်စုံတစ်ခုကို ပြောချင်ဟန်ရှိကြောင်း ဝမ်ချိုင်း အကဲခတ်မိသည်။

"မှားတာမှန်တာ အပထားပေါ့ အဒေါ်ရယ်... အဒေါ်သိသလောက်တော့ ပြောပြပါ။ အဒေါ်တို့ဆွေမျိုးသားချင်းတွေကိစ္စပါ... အဒေါ်တို့ပြောပြမှ ကျွန်တော်တူးဆွရတာ လွယ်မှာပေါ့"

ရှမ်းကီး သက်ပြင်းချလိုက်၏။ ပြီးမှ ခပ်မှန်မှန်လေသံဖြင့် ပြောသည်။

"လုံထန်တို့မိသားစုဟာ ဒီဟန်ကြူးမြို့မှာနေတာ ဘယ်သူတွေနဲ့နေတယ်လို့ မင်း ထင်သလဲ"

"ကျွန်တော် မထင်တတ်ပါဘူး အဒေါ်ရယ်"

"ဟဲ... ဟဲ... ဟဲ၊ အဒေါ်တို့နဲ့အတူတူ နေသွားတာပဲကွယ့်"

"ဗျာ... အဒေါ်တို့နဲ့အတူ နေသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်... ဒီခြံဝင်းထဲမှာ နေသွားတာပါပဲ၊ အဒေါ်



ကိုယ်တိုင် ဟောဟိုက အိမ်ကလေးမှာ နေစေခဲ့တာပဲ၊ သူ့ရဲ့သားနဲ့သမီးကိုလဲ မင်းဝါနဲ့အတူ ကျောင်းထားပေးခဲ့တာ အဒေါ်ပါပဲ၊ သူတို့အဝတ်အစားတွေ မညိုးနွမ်းရအောင် မုန့်ဖိုးမပြတ်လပ်အောင် ကြည့်ရှုစောင့်ရှောက်ခဲ့တာလဲ အဒေါ်ပါပဲ"

ဤအထိတော့ သူမပြောသည်များမှာ မှန်သည်။

ရှမ်းကီးက ဆက်ပြော၏။

"နောက်ပြီး လုံထန် ရတနာအရောင်းအဝယ် တတ်မြောက်အောင်လဲ အဒေါ်ပဲ သင်ကြားပြသပေးခဲ့တယ်၊ နောက်ပိုင်းမှာ သူ့အရင်းအနှီးလုပ်ဖို့လဲ ငွေထုတ်ပေးခဲ့တယ်၊ ဒီလိုနဲ့သူလဲ ရတနာအရောင်းအဝယ်ကို နားလည်တတ်ကျွမ်းလာပြီး အတော်ကလေး အလုပ်ဖြစ်လာခဲ့တယ်၊ သူတို့တော်တော် ပစ္စည်းလေးတောင့်တင်းလာတော့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေချင်လာတယ်ထင်ပါရဲ့ကွယ်... သူ့အစ်ကိုကြီးနဲ့တိုင်ပင်ပြီး ဟိုနန်းမြို့ကို ပြောင်းသွားတော့တာပါပဲ"

မထူးခြားပါ။ အဖြစ်အပျက်မှာ မထူးခြားပါ။

ရှမ်းကီးထံမှ ကြားရသည့်စကားများအရ လုံထန်တို့မိသားစုသည် ဟန်ကြူးမြို့၌ ထူးခြားသောအဖြစ်အပျက်မရှိခဲ့ပါ။

"သူဌေးကြီးလုံထန်ဟာ အခြားသူတွေနဲ့ ပြဿနာဖြစ်တယ်လို့ကော ကြားဖူးပါသလား"

ရှမ်းကီးသည် တွေဝေစဉ်းစားနေသည်။

www.burmeseclassic.com



အတန်ကြာမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်းလေး ခါယမ်းလိုက်သည်။

"အဲဒီလိုတော့ တစ်ခါမှ မကြားဖူးပါဘူးကွယ်… သူတို့လင်မယားနှစ်ယောက်စလုံးဟာ သိပ်ပြီးစိတ်သဘောထားကောင်းကြတဲ့လူတွေပါ… တစ်ခါတလေ အဒေါ်က ဆူပူကြိမ်းမောင်းတာတောင် အဒေါ့်ကိုစိတ်မဆိုးကြဘူး။ ဘယ်လောက်ပဲဆူဆူဆဲဆဲ အမြဲပြုံးပြီး သည်းခံစိတ် အင်မတန်ရှိတဲ့ လင်မယားပါကွယ်၊ သူတို့ပြောင်းသွားတော့ အဒေါ် အတော်ပဲ စိတ်ထိခိုက်ခဲ့ရတယ်"

ရှမ်းကီး၏စကားက ဝမ်းနည်းသံပါနေသည်။

ဝမ်ချိုင်းပင် စိတ်မကောင်းဖြစ်သွားရသည်။

ရှမ်းကီးက ခံစားချက်အပြည့်နှင့်ပြောဆိုနေသည် မဟုတ်ပါလား။

"အင်း… တစ်ခုတော့ရှိတာပေါ့ကွယ်"

"ဘာများလဲ ပြောပါအဒေါ်"

"လုံထန်တို့လင်မယား ဒီခြံထဲကိုရောက်မလာခင် အချိန်ကာလတုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ အဒေါ်လဲမပြောနိုင်ဘူး"

"ဟာ… သိပ်ဟုတ်တာပေါ့။ ဒါဆို အဒေါ်တို့က ခေါ်မထားခင်အချိန်တုန်းက သူတို့ဘယ်လိုများ နေထိုင်ခဲ့ကြသလဲခင်ဗျာ၊ အဒေါ်သိသလောက် ပြောပြပါလား"



ရှမ်းကီးသည် ပြတင်းပေါက်မှ အဝေးသို့ကြည့်လိုက်၏။

"လုံထန်ဟာ အင်မတန် ဆင်းရဲခဲ့ပါတယ်… သူဟာ လှေတစ်စင်းနဲ့ အနယ်နယ်အရပ်ရပ်ကို ပို့ဆောင်ရေးလုပ်ငန်းတွေ လုပ်ခဲ့သေးတယ်၊ သိတယ်မဟုတ်လား… လှေသမားဆိုတာ တကယ်ဆင်းရဲတာနော်၊ အဲဒီအချိန်တုန်းက ဘာတွေဖြစ်ခဲ့တယ်၊ ဘာတွေလုပ်ခဲ့တယ်ဆိုတာတော့ အဒေါ်မသိဘူးကွယ်၊ အဲ… အဲ… သူတို့ကို ဒီရောက်အောင် ခေါ်ခဲ့တာလဲ သူ့အစ်ကိုကြီး လုံကျန်ပေဝါးပေါ့… လုံကျန်ပေဝါးနဲ့လုံထန်ဟာ လှေပေါ်မှာ သွားတွေ့ကြတယ်၊ အဲဒီမှာ လုံကျန်ပေဝါးဟာ သူ့ညီကို ဒီခြံထဲခေါ်လာခဲ့တာပဲ… အဲ… လုံကျန်ပေဝါးကတော့ သူ့ညီအကြောင်း သိချင်သိမှာပေါ့ကွယ်"

ရှမ်းကီးက ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်၏။

ဝမ်ချိုင်းက….

"အခု ဦးလေးလုံကျန်ပေဝါးပါ ခရီးထွက်နေသလားအဒေါ်"

"အေးကွယ်"

"ဘယ်တော့လောက် ပြန်လာမလဲ အဒေါ်"

"သူက အချိန်မှန်မဟုတ်ဘူး… တစ်ခါတလေတော့ နှစ်ရက်သုံးရက်ပဲ… တစ်ခါတလေကျတော့လဲ ဆယ့်ငါးရက် တစ်လလောက်ကြာတတ်တယ်၊ သူရတနာအရောင်းအဝယ်ထွက်ရတာ မဟုတ်

www.burmeseclassic.com



လား... နယ်မြေခံတွေကကြိုက်ရင် အဲဒီမှာကျောက်ချပြီး ရောင်းဝယ်နေရတာပါပဲကွယ်"

"အခု ဦးလေးလုံကျန်ပေဝါး ခရီးထွက်သွားတာ ဘယ်လောက်ကြာနေပြီလဲဟင်"

"မနေ့ကမှ သွားတာပါ... မနေ့ကမှ သွားတယ်ဆိုလို့ စိတ်ပျက်မသွားနဲ့ဦး။ သူက နှစ်ရက်သုံးရက်နဲ့လဲ ရောက်ချင်ရောက်လာတတ်တာ၊ အဒေါ်တို့အိမ်မှာ အားနာစရာမရှိပါဘူးကွယ်၊ မင်းဦးလေးနဲ့တွေ့ရအောင် ခဏစောင့်ပါဦး မဟုတ်ဘူးလား"

ဝမ်ချိုင်းက....

"ဟုတ်ကဲ့... အခြေအနေအရပဲဆိုပါတော့ ခင်ဗျာ၊ ကျွန်တော် စီးစဉ်ကြည့်ပြီး ကရပါမယ်"

သူသည် စကားကို မတင်မကျ ပြောလိုက်၏။

ဝမ်ချိုင်းကပင်....

"အဒေါ်...."

"ပြောလေ ဝမ်ချိုင်း... ဘာပြောမလို့လဲ"

"ကျွန်တော်တစ်ခုလောက် ပြောချင်တယ်... ကျွန်တော့်ကို စပ်စုတယ်လို့မထင်ပါနဲ့"

"မင်းဟာ အဒေါ်သားရဲ့အသက်ကို ကယ်ထားတဲ့လူပဲကွယ် မေးပါ၊ မင်း မေးပါ... အဒေါ်တတ်နိုင်သလောက် သိသလောက်



တော့ ဖြေပါ့မယ်၊ ကျေးဇူးဆပ်တာပေါ့ကွယ်"

"မင်းဝါက ပြောတယ်... စကြာဂိုဏ်းချုပ်ဟာ သူနဲ့ဆွေမျိုးတော်သတဲ့... စကြာဂိုဏ်းချုပ်ရန်ကျန်းဟာ အဒေါ်ရဲ့အစ်ကိုကြီးဆို"

"ဟင်း... ဟင်း... ဟင်း... ဟုတ်ပါတယ်ကွယ်၊ အဒေါ်ရဲ့အစ်ကိုကြီးပါ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အဒေါ်... စကြာဂိုဏ်းဟာ အင်မတန်နာမည်ကျော်တဲ့ဂိုဏ်းပါ... စကြာဂိုဏ်းရဲ့ဆွေမျိုးအနွယ်တွေကို ကြေးစားလူသတ်သမားတွေက လာစော်ကားဝံ့တယ်ဆိုတာ ဆွေမျိုးတော်မှန်းမသိလို့နဲ့ တူပါတယ်၊ အဒေါ်နဲ့စကြာဂိုဏ်းချုပ်နဲ့ မောင်နှမအရင်းကြီးဆိုတာ အတော်နီးတာပဲ"

ဝမ်ချိုင်းက တမင်ပင် မြှောက်မြှောက်ကလေး ပြောလိုက်ခြင်းဖြစ်ပါသည်။

စကြာဂိုဏ်းမှာ နာမည်မကောင်းလှပါ။ ဒါကို ဝမ်ချိုင်းက ထည့်မပြောချင်။

ရှမ်းကီးက ခပ်လွင်လွင် ရယ်မောလိုက်လေ၏။

"ဟင်း... ဟင်း... ဟင်း... မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ သူတို့မသိသေးလို့သာ ဖြစ်ရမယ်၊ တကယ်ဆိုရင် စကြာဂိုဏ်းရဲ့အမျိုးအနွယ်တွေကို ဘယ်လိုကြေးစားမျိုးက စော်ကားဝံ့မှာလဲ၊ ဒါကြောင့် မင်းဝါက အဒေါ်ကိုအပူကပ်နေတယ်... လုံထန်တို့မိသားစုကို စ

www.burmeseclassic.com



ကြာဂိုဏ်းက တိတိလင်းလင်း စောင့်ရှောက်ပေးဖို့ ငါ့ကိုအပြောခိုင်း နေတယ်ကွယ်"

ဝမ်ချိုင်းက မသိမသာလေး မြှောက်ပင့်ပြောလိုက်သည်

"ပိုကောင်းတာပေ့ါ အဒေါ်ရယ်... စကြာဂိုဏ်းသားတွေ နေမယ်... ကျွန်တော်တို့ကလဲ စောင့်ရှောက်နေမယ်ဆိုရင် လုံထန် မိသားစုပိုပြီး စိတ်ချလက်ချနေနိုင်တာပေ့ါ"

ထိုစဉ် မင်းဝါသည် အခန်းထဲမှ ပြန်ထွက်လာလေ၏။

"ကဲ... ဝမ်ချိုင်း... နောက်မှ မေမေနဲ့စကားပြောကြတာ ပေါ့... ရေချိုးဦးဗျာ..! စားဖို့သောက်ဖို့လဲ အဆင်သင့်ပြင်ထားတယ်"

ထိုအခါ ရှမ်းကီးက....

"ဟုတ်သားပဲ... စကားကောင်းနေလိုက်ကြတာ၊ မင်း အနားယူဖို့ ပြင်ဆင်ပါဦး။ တည်းခိုခန်းမှာ မသွားနဲ့... ဒီမှာပဲ တည် ခိုစားသောက်... ကဲ... ကဲ... ရေသွားချိုးလိုက်ပါဦး... ပြီးမှ စ သောက်ကြတာပေ့ါ"

ဝမ်ချိုင်းသည် ရေချိုးရန် ထသွားရတော့၏။

အခန်း(၅)

အပြစ်မှခွင့်လွှတ်ခြင်း

ထန်တုရှောင်....။

သံလက်ချောင်း ထန်တုရှောင်....။

သူသည် လူတကာအပေါ် ဝိုလ်ကျခဲ့သူဖြစ်၏။ လူကောင်း သူကောင်းများအပေါ်လည်း ဝိုလ်ကျသည်။

လူဆိုးလူမိုက်များ အပေါ်တွင်လည်း ဝိုလ်ကျသည်။ လူ ကောင်းသူကောင်းများက သူ့ကိုဝေးဝေးက ရှောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလူမိုက်များကတော့ အခန့်မသင့်သည်နှင့် ထိပ်တိုက်ရင်ဆိုင်ကြသည်။

ထို့ကြောင့်ပင် လူမိုက်နှစ်ယောက်ကို သံချောင်းကဲ့သို့ မာကျောနေသည့် လက်ချောင်းများဖြင့် ဝမ်းဗိုက်ထဲထိုးသွင်း အသေသတ်ခဲ့သည် မဟုတ်ပါလော။

ယခုတော့ သူ့နဖူးမှာ ပတ်တီးနှင့်ဖြစ်နေချေပြီ။

နံရံနှင့်ပြင်းထန်စွာ ဆောင့်မိသဖြင့် သူ့ဦးခေါင်းပေါက်သွားသည်။ သွေးသွင်သွင် ကျခဲ့သည်။

"တောက်...."

သံလက်ချောင်း ထန်တုရှောင်သည် ပြင်းထန်စွာ တက်ခေါက်လိုက်လေ၏။

သူ့တက်ခေါက်သံက ကျယ်လောင်စွာ ထွက်သွားသည်။

သူ့တပည့်လူမိုက်အချို့က သူနှင့်မလှမ်းမကမ်းတွင် မျက်နှာသေကလေးများဖြင့် ရပ်နေကြသည်။

သူတို့အသီးသီး၏ စိတ်ထဲတွင်....

"ငါတို့ဆရာကို ဆုံးမမယ့်လူတော့ ပေါ်နေပြီ"

ဟူ၍ တွေးနေကြလေသည်။

"တောက်...."

ကျယ်လောင်စွာ ထွက်ပေါ်လာသော တက်ခေါက်သံ



ကြောင့် တပည့်များလန့်သွားကြသည်။ သူတို့၏ဆရာသမားကို ငိုင်းကြည့်ကြသည်။

ထန်တုရှောင်က သူ့တပည့်များအား တစ်ယောက်ချင်းကြည့်သည်။

"မင်းတို့ ဘာမှမသုံးမကျဘူး"

အားလုံး ငြိမ်ကုပ်နေကြသည်။

"ဒီကောင် ဘယ်ကကောင်လဲဆိုတာ ဘယ်သူမှမသိကြဘူး မဟုတ်လား"

တစ်ယောက်မျှ ပါးစပ်မပွင့်ကြပါ။ အားလုံးတိတ်ဆိတ်နေပါသည်။

ဆိတ်ဆိတ်နေလျှင် ဝန်ခံသည်ဟူသောစကား ရှိသည်မဟုတ်ပါလော။

ဝမ်ချိုင်းကို သူတို့တစ်ယောက်မျှ မသိကြပါ။

"သူက မင်းဝါနဲ့အတူ ထွက်သွားပါတယ်"

တပည့်တစ်ဦးက ပြောသည်။

"မင်းပြောမှလား... မင်းဝါနဲ့အတူ ထွက်သွားတယ်ဆိုတာ ငါသိတယ်... မင်းမပြောလဲ ငါမြင်တယ်"

"မ... မဟုတ်ပါဘူး ဆရာ... သူက မင်းဝါရဲ့မိတ်ဆွေဖြစ်နိုင်တယ်လို့ ကျွန်တော်ပြောချင်တာပါ ဆရာ"

www.burmeseclassic.com



"အင်း... မင်းဝါ... မင်းဝါ... ဒီကောင် သိုင်းပညာလေးမ တောက်တစ်ခေါက် တတ်လာပြီးမှ ဒီကောင် ချိုထောင်ချင်နေတယ်"

ထန်တုရှောင်သည် တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

ထိုအခါ တပည့်သုံးယောက်အနက် တစ်ယောက်က ရှေ့သို့တိုးလာ၏။

"ဘာပြောချင်လို့လဲ"

"ကျွန်... ကျွန်တော်ပြောချင်တာက ကျွန်တော်... ကျွန်တော်တို့ဟာ လုံမိသားစုနဲ့ ရန်မဖြစ်သင့်ဘူးလို့ ထင်ပါတယ်ဆရာ"

"ဘာကွ... လုံကျန်ပေဝါးရဲ့သားကို ငါက ကြောက်နေရမှာလား၊ မင်းက ဘာသဘောနဲ့ပြောတာလဲ"

ထန်တုရှောင်က ဒေါသနှင့်အော်လိုက်သဖြင့် သူ့တပည့်မှာ ကြောက်ရွံ့သွားသည်။

သို့သော် စိတ်တင်းလိုက်ပြီး မျက်နှာချိုပြန်သွေးလိုက်သည်။

"ဒီ... ဒီလိုပါ ဆရာ"

"ပြောစမ်းပါကွာ"

"ကျွန်တော်ကြားသိထားတဲ့သတင်းတစ်ခု ရှိပါတယ်"

"ပြောပါလို့ဆိုနေမှ"

"မင်းဝါရဲ့အမေ ရှမ်းကီးဟာ စကြာဂိုဏ်းချုပ်ကြီးရဲ့ ညီမအ



ရင်းဆိုတဲ့သတင်းပါပဲ"

"ဟိုက်...."

သံလက်ချောင်း ထန်တုရှောင်မှာ မျက်လုံးမျက်ဆန်များ ပြူးသွားသည်။

သူ့မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားပါသည်။

စကြာဂိုဏ်း....။

ရက်စက်ကြမ်းကြုတ်သည့်နေရာတွင် နှစ်ယောက်မရှိသည့် ဂိုဏ်းဖြစ်သည်။

စိတ်မထင်လျှင် မထင်သလို လူပေါင်းမြောက်မြားစွာကို သတ်ခဲ့သည့်ဂိုဏ်းဖြစ်သည်။

စကြာဂိုဏ်းအကြောင်းကို ဝမ်ချိုင်းလည်း ဤအတိုင်းကြားသိထားသည်။

စကြာဂိုဏ်းသည် အောက်လမ်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်ကိုတော့ သူထုတ်မပြောခဲ့ချေ။

ထန်တုရှောင်က ဆက်လက်စဉ်းစားနေသည်။

စကြာဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတွင် ကိုယ်ရံတော်လေးယောက်ရှိသည်။

ထို ကိုယ်ရံတော်လေးယောက်မှာလည်း အလွန်ပင် ရက်စက်ကြမ်းကြုတ်သူများပင်။

www.burmeseclassic.com



သူတို့သည် ထိပ်တန်းသိုင်းသမားများလည်း ဖြစ်ကြ၏။ သူတို့သတ်ခဲ့သည့်လူများကို ရေတွက်၍မရဟုပင် ပြောနေကြသည်။

မိမိအား ကိုင်ပေါက်လိုက်သောလူသည် ကြောင်ဂိုဏ်းသား တစ်ဦးဖြစ်ပါသလော။

ထန်တုရှောင် ဆက်မတွေးရဲတော့ပါ။

သူ့တပည့်ကို သူသည် လှမ်းကြည့်လိုက်၏။

"ဟေ့ကောင်... မင်းစကားက သေချာရဲ့လား"

သူ့တပည့်သည် စိတ်သက်သာရာရသွား၏။ သူ့ဆရာလန့်သွားသည်ကို သူမြင်နေရပြီ။

"ဆရာရယ်... ကျွန်တော် သေသေချာချာ ကြားထားတဲ့သတင်းပါ... မဟုတ်တာနဲ့ဆရာ့ကို ကျွန်တော်က ပြောပါ့မလား"

ထန်တုရှောင်သည် မျောက်မီးခဲကိုင်မိသလို ဖြစ်သွားသည်။ ဂနာမငြိမ်ဖြစ်လာသည်။

"မနက်က ဝင်ကူညီတဲ့ကောင်ဟာ ကြောင်ဂိုဏ်းသားဖြစ်နိုင်သလားကွ"

သူ့တပည့်က....

"ဒါတော့ အသေအချာမပြောနိုင်ဘူး ဆရာ... ကျွန်တော့်စိတ်ထင်တော့ မဖြစ်နိုင်ဘူးလို့ထင်တာပဲ"

"ဟေ... မင်းက ဘာဖြစ်လို့မဖြစ်နိုင်ဘူးလို့ ထင်တာလဲ"



"ဒီလိုပါ ဆရာ... ကျွန်တော်တို့မနေ့ဖြစ်တာဟာ ကျွန်တော်တို့က ဆိုင်ထဲဝင်ရမ်းခဲ့တာပါ၊ ဒါကို အဲဒီလူက ဆရာ့ကို ဝင်တားတာပါ၊ မတရားတဲ့အလုပ်ကို ဝင်တားတဲ့သဘောပါ... နောက်ပြီး သူဟာ အဝတ်အစားကို သန့်သန့်ရှင်းရှင်း ဝတ်ထားတယ်... မျက်နှာကလဲ သန့်ပြီး ကြည်လင်နေတာပဲ၊ ကြောင်ဂိုဏ်းသားမဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်"

"အင်း... ကြောင်ဂိုဏ်းသားမဖြစ်ရင်တော့ ကောင်းတာပေါ့ကွာ"

ထန်တုရှောင်၏ နှုတ်ဖျားမှထွက်လာခြင်း ဖြစ်ပါသည်။

သူ့ရင်ထဲမှစကားကတော့ အပြင်သို့ထွက်မလာပါ။

"အင်း... ဒီအတိုင်းဆိုရင်တော့ ငါဟာ ကျားမြီးကိုဆွဲမိလျက်သားဖြစ်နေပြီ... ငါ့အဖွဲ့သားလေးယောက်စလုံးကို ကြောင်ဂိုဏ်းက လာသတ်မှာ သေချာတယ်"

ရင်ထဲမှ ပြောနေခြင်းဖြစ်၍ မည်သူမျှ မကြားနိုင်ပါ။ သူသည် ထပ်မံစဉ်းစားနေ၏။

"ငါ ဘာလုပ်သင့်သလဲ"

မိမိက မင်းဝါကို စတင်ရန်စမိခြင်းဖြစ်သည်။

မင်းဝါကိုလည်း မိမိက ထိုးကြိတ်မိသည်။ နောက်ဆုံး သတ်ရန်ပင် ကြံလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို မင်းဝါ၏မိခင်ကြီး သိသွားပါက စကြာဝိုဏ်းချုပ်ကြီးအား သွားရောက်အသိပေးမည်မှာ သေချာနေသည်။

စကြာဝိုဏ်းချုပ်ကြီးရန်ကျန်း သိသည်နှင့်တစ်ပြိုင်နက် မိမိတို့သည် ဤကမ္ဘာမြေကြီးအဆုံးသို့ ပြေးလျှင်လည်း လွတ်အောင်ပြေးနိုင်တော့မည် မဟုတ်ချေ။

သူ့တပည့်များကို သူကြည့်လိုက်သည်။ အားလုံးမှာ မျက်နှာငယ်ကလေးတွေနှင့် ဖြစ်နေသည်။

မိမိရှို့ခဲ့သောမီးကို မိမိပြန်ငြိမ်းမှ ဖြစ်တော့မည်။ မည်သို့ပြန် ငြိမ်းမည်နည်း။

ထန်တုရှောင်သည် အချိန်အတန်ကြာ စဉ်းစားနေ၏။

နောက်ဆုံး သူ့ဦးခေါင်းထဲသို့ အကြံတစ်ခုဝင်လာသည်။

ထိုအကြံမှာ လုံဂေဟာသို့သွား၍ သခင်မကြီးရှမ်းကီးအား ခြေသလုံးဖက်တောင်းပန်မှသာ ထိုရန်မီးသည် အေးငြိမ်းသွားပေတော့မည်။

"ဒီအကြံ အကောင်းဆုံးပဲ"

ထန်တုရှောင်သည် စဉ်းစားဆုံးဖြတ်ပြီး ထိုင်ရာမှ ထလိုက်လေ၏။

"ကဲ... မင်းတို့အားလုံး ငါ့နောက်လိုက်ခဲ့ကြ"

ထန်တုရှောင်သည် ရှေ့ဆောင်ပြီး ထွက်လာခဲ့၏။



သူတို့သည် လုံဂေဟာခြံဝင်းထဲသို့ ဝင်ခဲ့ကြသည်။

သခင်မကြီးရှမ်းကီးအား တောင်းပန်ရန်ဖြစ်သည်။

ထိုစဉ် ခြံရှေ့သို့မြင်းရထားတစ်စင်း ဆိုက်လာလေ၏။ ဂေဟာဆီသို့သွားရန် ခြေလှမ်းများ ရပ်သွားကြသည်။

သူတို့သည် ပန်းချုံအကွယ်များမှ စောင့်ကြည့်ကြသည်။

တံခါးပွင့်သွား၏။ အမျိုးသမီးကြီးတစ်ယောက် ဆင်းလာသည်။

ခြံဝင်းထဲသို့ရောက်သောအခါ သူမသည် ဦးခေါင်းကိုမော့လိုက်၏။

ထန်တုရှောင်နှင့်တပည့်များသည် ထိုအမျိုးသမီးကြီးကို မြင်လိုက်သောအခါ ချောက်ချားသွားကြလေ၏။

အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးကြီးမှာ ရှမ်းကီးဖြစ်နေကြောင့်တည်း။

သခင်မကြီးရှမ်းကီးကို ထန်တုရှောင်က မြင်ဖူးပါသည်။ သို့သော် သူမကြောက်ခဲ့ပါ။

ယခုမြင်ရသောအခါ ဒူးတုန်အောင် ကြောက်နေမိပါသည်။ သူ့တပည့်များကတော့ ဆိုဖွယ်ရာမရှိတော့ပါ။

အဘယ်ကြောင့် သခင်မကြီးရှမ်းကီးကို ကြောက်နေရပါသနည်း။

www.burmeseclassic.com



သူ့တပည့်ပြောသည့် ကြောဂိုဏ်းချုပ်ရှန်ကျန်းနှင့် သခင်မကြီးရှမ်းကီး မောင်နှမတော်သည်ဟု ပြောသည့်စကားကို ကြားရသောကြောင့်တည်း။

ကြောဂိုဏ်းကိုတော့ သူကြောက်သည်။ ကြောဂိုဏ်းက သူ့ကိုသတ်နိုင်သည် မဟုတ်ပါလား။

လူမိုက်ဆိုသည်မှာ များသောအားဖြင့် ဤလိုလူများပင် သူများအသက်ကိုတော့ မိုက်မိုက်ကန်းကန်း သတ်ရဲပေသည်။

ဘယ်နှစ်ယောက် သတ်ရသတ်ရ သတ်ရဲဉည်။

မိမိအသက်ကလေးတစ်ချောင်းကျတော့ နှမြောနေသည်။ မသေရဲကြချေ။ သတ်ရဲသေရဲသောလူမိုက်များမှာ အတော်ရှားသည်။

သံလက်ချောင်း ထန်တုရှောင်သည် ဤလိုလူမျိုးပင်။ သူသေမည့်ကိစ္စကို ကြောက်ဒူးတုန်နေသည်။

သူက သခင်မကြီးရှမ်းကီးကို ယခင်က မကြောက်ခဲ့ချေ။

ယခု ကြောဂိုဏ်းချုပ်ကြီးနှင့် ေ ာင်နှမတော်စပ်မှန်း သိရှိသောအခါမှ ကြောက်ရွံ့နေ၏။

သခင်မကြီး၏မျက်နှာထားမှာ တင်းလှသည်။ သူရောက်လာသည့်အချိန်မှာ အချိန်ကောင်းပင်ဖြစ်သည်။

လုံဂေဟာ၌ မင်းဝါနှင့်ဝမ်ချိုင်းတို့ မရှိသောအချိန်ပင် ဖြစ်သည်။



သူသည် သခင်မကြီးအား ကြိုတင်၍လာရောက်ပါရစေဟု ခွင့်တောင်းထားခဲ့၏။

ငိုငိုယိုယို ပြောလာသောအဖြစ်ကိုကြည့်၍ သခင်မကြီးရှမ်းကီးက နဝေဝါမိတောင်ဖြစ်သွားသည်။

မင်းဝါနှင့်ဝမ်ချိုင်းတို့ကို အိမ်အပြင်ထွက်ရန် ပြောမည်ပြုစဉ် သူတို့ကိုယ်တိုင်က အပြင်သွားရန်ရှိသည်ဆိုသဖြင့် ရှမ်းကီးငြိမ်နေလိုက်သည်။

မည်သို့ပင်ဖြစ်စေ ထန်တုရှောင်အဖို့ သခင်မကြီးရှမ်းကီးစိတ်ကျေနပ်အောင် တောင်းပန်ရပေတော့မည်။

သခင်မကြီးရှမ်းကီးသည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်၏။

ထန်တုရှောင်နှင့်တပည့်သုံးယောက်သည် ငြိမ်သက်စွာဖြင့် ကုပ်ချောင်းကုပ်ချောင်း နောက်မှလိုက်လာကြသည်။

တံခါးအနီးသို့ရောက်သောအခါ....

"သခင်မကြီး ကျွန်တော်တို့ ဝင်ခဲ့ပါရစေ"

သခင်မကြီးသည် မျက်နှာထားတင်းတင်းနှင့် ကြည့်လိုက်သည်။

"ဝင်ခဲ့...."

ထန်တုရှောင်ဦးဆောင်သော လူလေးယောက်သည် ရှမ်း

www.burmeseclassic.com



ကီးရှေ့ရှိ ကုလားထိုင်များတွင် ကုပ်ချောင်းကုပ်ချောင်းဖြင့် ဝင်ထိုင်လိုက်ကြ၏။

ထန်တုရှောင် ကြောက်နေသည်။

ဤသည်ကို ရှမ်းကီးက အပွေးမြင် အပင်သိသည်။

"ဒီကောင်တွေ ငါ့သားကိုစော်ကားခဲ့တယ်... အခု ကြောက်ကြောက်ရွံ့ရွံ့နဲ့လာတယ်... ငါဟာ စကြာဂိုဏ်းချုပ်ရဲ့နှမဖြစ်တယ်ဆိုတာကို ဒီကောင်တွေ သိသွားပြီနဲ့တူတယ်... ဒီကောင်တွေရဲ့အခြေအနေကို စောင့်ကြည့်ရမယ်"

ရှမ်းကီးက ထိုသို့ပင် တွေးလိုက်၏။

ထို့ကြောင့် သခင်မကြီးရှမ်းကီးက မျက်နှာထားကိုတင်းမာသထက် တင်းမာအောင် အံကိုကြိတ်ထားလိုက်သည်။

လေးယောက်စလုံး ခေါင်းငုံ့ထားကြ၏။

ရှမ်းကီးသည် သူတို့တစ်ယောက်စီ၏ မျက်နှာများကို ကြည့်လိုက်၏။

"ကဲ... မင်းတို့ဘာပြောချင်သလဲ... ပြောပါ"

သူမက ဒေါသသံဖြင့် ငေါက်လိုက်၏။

ထန်တုရှောင်မှာ ဒူးထောက်လျက်သားဖြင့် တရွေ့ရွေ့သွားပြီး သခင်မကြီးရှမ်းကီး၏ခြေသလုံးကို ဖက်လိုက်လေ၏။

"သခင်မကြီး... သခင်မကြီး... ကျွန်တော်မိုက်မှားမိပါ



တယ်"

သခင်မကြီး၏မျက်နှာသည် တင်းမာလှ၏။

ထန်တုရှောင်က...

"ကျွန်တော် အရက်နည်းနည်းမူးလို့ မင်းဝါကိုလူမှားပြီး စော်ကားမိတာပါ... မင်းဝါမှန်းသိရင် ကျွန်တော် ဒီလိုပြုမူမှာ မဟုတ်ပါဘူး... ကျွန်တော့်မိုက်ပြစ်ကို တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပါ သခင်မကြီးရယ်... စကြာဂိုဏ်းချုပ်ကြီးကိုလဲ မရိုသေလို့မဟုတ်ပါဘူး။ ကျွန်တော် စကြာဂိုဏ်းချုပ်ကြီးကိုလဲ ကြောက်ရွံ့ပါတယ်... သခင်မကြီးကိုလဲ ကြောက်ရွံ့ပါတယ်... ကျွန်တော့်အပြစ်အတွက် သခင်မကြီး ကျွန်တော့်ကိုရိုက်ပါခင်ဗျာ"

"မင်းကိုရိုက်လို့ ဒီအပြစ်က ကျေမလား"

"သတ်ပါခင်ဗျာ... သခင်မကြီး သတ်ချင်သတ်ပါ၊ သခင်မကြီးဆီ ကျွန်တော်တို့ကိုယ်တိုင် လာအပ်တာပါခင်ဗျာ"

"မင်းတို့ကို သတ်ပစ်ဖို့ကောင်းတယ်"

"နောက်နောင်ဆိုရင် ကျွန်တော်တို့ မင်းဝါကို မျက်စိနဲ့စေ့စေ့တောင် မကြည့်တော့ပါဘူး။ ကျွန်တော်တို့ တစ်ကြိမ်တစ်ခါ မှားတာပါခင်ဗျာ... ခွင့်လွှတ်ဖို့သင့်ပါတယ်"

"မင်းတို့ကို ငါက လွယ်လွယ်နဲ့ခွင့်လွှတ်ရမှာလား"

"ခွင့်မလွှတ်ပါနဲ့ခင်ဗျာ... ကျွန်တော်တို့ကို အသက်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပေးရင် တော်ပါပြီ… သခင်မကြီး ခိုင်းချင်တာခိုင်းပါ၊ ကျွန်တော်တို့ သက်နဲ့လဲပြီး ဆောင်ရွက်ပေးပါ့မယ်"

ရှမ်းကီးသည် ကျေနပ်စွာ ပြုံးလိုက်သည်။

"ကောင်းပြီ… တစ်ကြိမ်တစ်ခါတော့ ရှိစေတော့… မင်းတ အသက်ကို ချမ်းသာပေးလိုက်မယ်"

အသက်ကိုချမ်းသာပေးလိုက်မည်ဟု ကြားလိုက်ရသော ခါ ထန်တုရှောင်တို့လေးယောက်မှာ အလွန်ဝမ်းသာသွားကြလေ၏

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက် ကြသည်။ သူတို့၏ဝမ်းသာမှုကို မဖုံးဖိနိုင်ကြချေ။

သူတို့၏ရင်ထဲက အလုံးကြီးများသည် ကျသွားလေ၏။

"လွတ်ပြီ… လွတ်ပြီ၊ ငါတို့မသေတော့ဘူး… စကြာဂိုဏ်း လာမသတ်တော့ဘူး"

ထန်တုရှောင်၏ရင်ထဲ၌ ဤသို့ပင် အော်ပြည်နေ၏။

သူသည် သခင်မကြီးရှမ်းကီးကိုကျေးဇူးတင်စွာ ကြည့်လိုက် သည်။

"အောင်မယ်လေး… ခုလိုကြားရတာ ဝမ်းသာလိုက်တာ ခင်မကြီးရယ်… ကျွန်တော်တို့သခင်မကြီးကို ဝိုင်းဝန်းစောင့်ရှောက် မယ်ခင်ဗျာ"

ထန်တုရှောင်က ဝ [illegible] အားရ ကတိပေးသည်။



ရှမ်းကီးက…

"မင်းတို့စောင့်ရှောက်ဖို့ မလိုပါဘူး… ငါ့အစ်ကိုရဲ့စကြာ ဂိုဏ်း ရှိနေတာပဲ"

ထန်တုရှောင် မျက်လုံးပြူးသွား၏။

"ဟုတ်ပါတယ်… ဟုတ်ပါတယ်၊ ကျွန်တော်က စကားအား ဖြင့် ပြောတာပါ၊ သခင်မကြီးကိုစောင့်ရှောက်ဖို့ စကြာဂိုဏ်းရှိတယ်ဆို တာ ကျွန်တော်သိပါတယ်… ခွင့်လွှတ်ပါ သခင်မကြီးရယ်… ခွင့်လွှတ် ပါ၊ တစ်ခါတလေ စကားမှားတာကို ခွင့်လွှတ်ပါ"

ရှမ်းကီးသည် ထန်တုရှောင်ကို ကြည့်လိုက်၏။

ထန်တုရှောင်ခေါင်းတွင် ပတ်တီးစည်းထားသည်ကိုတွေ့ လိုက်ရလေ၏။

ရှမ်းကီး မျက်မှောင်ကြုတ်ခဲ့စားသည်။

ဤဒဏ်ရာသည် ဝမ်ချိုင်းနှင့်တိုက်ခိုက်ရာမှရသော ဒဏ် ရာဖြစ်လေသလော။

"မင်း ခေါင်းက ဒဏ်ရာက ဘယ်လိုဖြစ်ရတာလဲ"

ထန်တုရှောင်သည် မည်သို့ပြောရမှန်း မသိတော့ချေ။

သူသည် အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလေ၏။

"အို… အဲ… ဟိုဟို… မနာပါဘူး… မနာပါဘူး၊ မင်းဝါကို လူများမိတဲ့အတွက် မင်းဝါရဲ့မိတ်ဆွေက ဝင်ဆုံးမသွားတာပါ၊ မနာပါ

www.burmeseclassic.com



ဘူး... မနာပါဘူး... ဘာမှမဖြစ်ပါဘူး၊ မဖြစ်စလောက်ကလေးပါဗျာ"

ရှမ်းကြီးက....

"ဘာ... မနာဘူး ဟုတ်စ"

"မနာပါဘူးခင်ဗျာ"

"ခေါင်းကြီးတစ်ခုလုံး ပေါက်သွားတာတောင် မင်းက မနာဘူးလို့ ပြောနေရသေးတယ်လား"

"ဟုတ်ကဲ့... မနာပါဘူးခင်ဗျာ၊ ကျွန်တော် ခုလိုခံရတာတောင် နည်းပါသေးတယ်... တကယ်ဆိုရင် မင်းဝါကို လူမမှားသင့်ပါဘူး"

"ဟိတ်စမ်း...."

ရှမ်းကြီးက အော်ငေါက်လိုက်၏။

ထန်တုရှောင် ကြောင်သွားသည်။ ပါးစပ်ပိတ်သွားသည်။

မင်းဝါ၏မိတ်ဆွေက တိုက်ခိုက်သွားသဖြင့် သခင်မကြီးကျေနပ်အောင် သူက မနာပါဘူးဟုပြောလိုက်ရခြင်းဖြစ်သည်။

သို့သော် သခင်မကြီးက မကျေနပ်ချေ။ သူ့အား အော်ငေါက်နေသည်။

သူ ဘာပြောရတော့မည်နည်း။ သူပါးစပ်ပိတ်ထားမှ ဖြစ်ပေတော့မည်။

ရှမ်းကြီးက....



"မင်း... တစ်ခါမှားခဲ့တယ်"

ထန်တုရှောင်က ပါးစပ်ပိတ်ထားသည်။

"မင်း ငါ့သားအပေါ် လူမှားပြီးတိုက်ခိုက်တာကို ငါခွင့်လွှတ်တယ်"

"ဟုတ်... ဟုတ်ကဲ့ သခင်မကြီး... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"မင်းကိုဝင်တိုက်ခိုက်တဲ့လူဟာ...."

ရှမ်းကြီးသည် စကားကိုရပ်လိုက်သည်။

ထန်တုရှောင် နားထောင်နေသည်၊

ရှမ်းကြီးက ဆက်၍...

"အဲဒီလူဟာ မင်းဝါရဲ့ မိတ်ဆွေလဲမဟုတ်ဘူး... ငါ့မိတ်ဆွေလဲ မဟုတ်ဘူး"

"ဒါ... ဒါ... ဒါပေမယ့် မင်းဝါနဲ့...."

"ဟေ့... ထန်တုရှောင်"

"ခင်ဗျာ...."

"ငါပြောတဲ့စကားက အတည်ကွ... မင်းက ဘယ်သူ့စကားကိုများ နားထောင်ချင်သေးလို့လဲ... မင်းက ဘာထပ်ကွန့်တက်နေရတာလဲ"

"မ... မဟုတ်ပါဘူး ခင်ဗျာ"

www.burmeseclassic.com



ထန်တုရှောင်သည် အပြေးအလွှား စဉ်းစားနေရ၏။

အတန်ကြာမှ သူသဘောပေါက်သွားသည်။

မနေ့က ဝင်တိုက်သူသည် မင်းဝါအား ဝင်ကူညီသော်လည်း သူတို့၏မိတ်ဆွေမဟုတ် သူတို့၏ရန်သူသာဖြစ်သည်ဟု သခင်မကြီးရှမ်းကီးက ပြောလိုခြင်းဖြစ်ပေလိမ့်မည်။

သခင်မကြီးရှမ်းကီး၏ရန်သူ....။

သူသည် သဘောပေါက်သွားလေသည်။

ရှမ်းကီးက....

"မင်းကို ငါက ရှည်ရှည်ဝေးဝေးရှင်းပြနေရမှာလား... မင်း သဘောမပေါက်သေးဘူးလား"

"ပေါက်ပါပြီ သခင်မကြီး"

"ငါ့မိတ်ဆွေမဟုတ်ရင် သူဟာ ဘာလဲ"

"ရန်သူပါ သခင်မကြီး"

ရှမ်းကီးသည် ကျေနပ်စွာ ပြုံးလိုက်၏။

ပြီးမှ....

"မင်း ငါ့အပေါ် သစ္စာရှိပါ့မလား"

"ဘယ်နဲ့ပြောပါလိမ့်မယ်ခင်ဗျာ... အသက်ပေးပြီးသစ္စာရှိပါတယ်"

ရှမ်းကီးသည် ထန်တုရှောင်ရှေ့သို့ ငွေတုံးများ ပစ်ချပေး



လိုက်၏။

"အဲဒီလူကို အသက်ရှင်လျက်နဲ့ ဟန်ကြူးမြို့မှာ ငါမမြင်ချင်ဘူး"

ထန်တုရှောင် ပြုံးလိုက်၏။ သခင်မကြီးရှမ်းကီး၏ လိုအင်ဆန္ဒကို သူသိရှိလေပြီ။

သခင်မကြီး၏ လိုအင်ဆန္ဒနှင့် သူ၏လိုအင်ဆန္ဒသည် တစ်ထပ်တည်း ရှိနေလေပြီ။

"သခင်မကြီး စိတ်အေးလက်အေးနဲ့ အိပ်ပျော်အောင်သာ အိပ်ပါတော့ ခင်ဗျာ"

ထန်တုရှောင်က ဝမ်းသာအားရ ပြောလိုက်လေသည်။

www.burmeseclassic.com

အခန်း(၆)

## လုပ်ကြံသည့်ရန်သူ

နံနက်ခင်းနေရောင်ခြည်သည် နှင်းထုကို ထိုးဖောက်တိုက်ခိုက်၍ ဒရောသောပါး ဝင်ရောက်လာလေ၏။

ထိုအခါ နှင်းပဝါခြုံထားသော ဟန်ကြူးမြို့သည် မလုံခြုံနိုင်တော့ဘဲ သူ၏နှင်းပဝါကို ရုပ်သိမ်းလိုက်ရလေတော့၏။

ထိုအခါ သာယာလှပသော ဟန်ကြူးမြို့ကလေးသည် သူ၏ ပကတိအလှကို ဖော်ကျူးပြလေတော့သည်။



ဝမ်ချိုင်းသည် နံနက်စောစော အပြေးလေ့ကျင့်လေ့ရှိ၏။

အပြေးလေ့ကျင့်ပြီး ပေါ့ပါးသော သိုင်းလေ့ကျင့်ခန်းများကို လေ့ကျင့်လေ့ရှိသည်။

သူတစ်ပါးအိမ်၌နေစဉ် ပြေးရုံသာ ပြေးရတော့သည်။

သူသည် နေရောင်ခြည်အထိအတွေ့ကို ခံစားလိုက်ရတော့သည်။

သူသည် လမ်းမကြီးအတိုင်းပြေးလာရာ ပူပူနွေးနွေးရောင်းချနေသော နို့ဆန်ပြုတ်ဆိုင်ကိုတွေ့ရှိရသည်။

သူသည် ထိုဆိုင်သို့ဝင်လိုက်၏။

"နို့ဆန်ပြုတ်တစ်ခွက်"

လာချပေးသော နို့ဆန်ပြုတ်ကို ဝမ်ချိုင်းသည် စားသောက်လေတော့သည်။

ဝမ်းဗိုက်ထဲသို့ နို့ဆန်ပြုတ်ပူပူနွေးနွေးကလေး ဝင်သွားသဖြင့် နေသာထိုင်သာရှိသွားသည်။

ဝမ်ချိုင်းမှာ နံနက်စောစော နိုးနေသည်။ သူသည် မင်းဝါကို စောင့်နေခြင်း ဖြစ်သည်။

မင်းဝါများ လိုက်ပြေးမည်လားဟုစောင့်ခြင်း ဖြစ်သည်။ မင်းဝါက မလိုက်ဟုဆိုသဖြင့် သူ့တစ်ယောက်တည်း ထပြေးခြင်းဖြစ်သည်။

www.burmeseclassic.com



သူသည် နှိုဆန်ပြုတ်သောက်ပြီးနောက် သူဌေးကြီးလုံထန် ဘို့ကိစ္စကို စဉ်းစားနေလေ၏။

ရှေးဦးစွာ လုံဂေဟာမှ သခင်မကြီးရှမ်းကီးကို ထည့်သွင်း စဉ်းစားသည်။

အချို့မိသားစုများမှာ မိသားစုအချင်းချင်း မနာလိုဝန်တိုမှု များ ရှိတတ်သည်။

အထူးသဖြင့် ထိုစိတ်ထားမျိုး ရှိတတ်ကြသည်မှာ အမျိုးသ မီးများပင် ဖြစ်သည်။

ထို့ကြောင့် ရှမ်းကီးကို ထည့်သွင်းစဉ်းစားခြင်းဖြစ်၏။

သို့သော် ရှမ်းကီးသည် လုံထန်တို့အသတ်ခံရမှုတွင် ထည့် သွင်းစဉ်းစားရန်ပင် မလိုသူတစ်ယောက်ဖြစ်သည်။

သူသည် သဘောကောင်းသည်။ စကားပြောချိုသာသည်။

ရှမ်းကီးအပေါ်၌ မြူတစ်မှုန်မျှပင် ဝမ်ချိုင်း သံသယမရှိ ပေ။

ရှမ်းကီးသည် လုံထန်တို့မိသားစုအပေါ် မကျေနပ်သော လက္ခဏာလုံးဝမပြချေ။

သူမ ပြောသောစကားများက ချိုးကျူးစရာပင် ကောင်းနေ သေးသည်။

လုံထန်၏သားနှင့်သမီးကို သူမကပင် ကျောင်းထားပေးခဲ့



သည်။ အဝတ်အစား ဆင်ယင်ပေးသည်။ မုန့်ဖိုးပေးသည်။

ဤလိုကောင်းသော အိမ်ရှင်မတစ်ဦးကို မည်သည့်နေရာ၌ လိုက်ရှာရပါမည်နည်း။

သူဌေးကြီးလုံထန်ကိုလည်း သူမကပင် အရင်းအနှီးထုတ် ပေးခဲ့၏။ ဤငွေဖြင့် လုံထန်ကြီးပွားသွားသည်။

ယခုအချိန်ထိ သူမ၏သားဖြစ်သူ မင်းဝါအား လုံထန်တို့အိမ် သို့ သွားခွင့်ပြုထား၏။

အကယ်၍ သူမသည် လုံထန်မိသားစုအပေါ် မကျေနပ် လျှင် သားအား ဝင်ထွက်ခိုင်းမည်မဟုတ်ချေ။

သည်တော့ ရှမ်းကီးသည် လုံထန်တို့မိသားစုအား အ ကောက်ကြံစရာမရှိဟု ဝမ်ချိုင်းသတ်မှတ်သည်။

သံသယဖြစ်စရာရှိသူများ အသိုင်းအဝိုင်းတွင်းမှ ရှမ်းကီးကို ထုတ်ပယ်လိုက်သည်။

သူဌေးကြီးလုံကျန်ပေဝါး....

သူ့ကိုတော့ ဝမ်ချိုင်း မတွေ့ရသေးချေ။ စကားပြောခွင့်မရ သောကြောင့် အကဲခတ်၍မရသေးချေ။

အချို့ညီအစ်ကိုများကလည်း တစ်ဦးကိုတစ်ဦး မကျေနပ်မှုရှိ တတ်သည်။

အမွေကိစ္စနှင့်လည်းကောင်း၊ ညီအစ်ကိုချင်း မတည့်သော

www.burmeseclassic.com



ကြောင့်လည်းကောင်း၊ တစ်ဦးကိုတစ်ဦး လုပ်ကြံတတ်သည်။ အကောက်ကြံတတ်ကြသည်။

ထို့ပြင် သူဌေးကြီးလုံထန်သည် စီးပွားတက်ပြီး ဤမြို့မှ ထွက်ခွာသွားသူဖြစ်သည်။

သူဌေးကြီးလုံကျန်ပေဝါးအနေဖြင့် သူညီအပေါ် အကောက်ကြံချင်ကြံနိုင်သည်။

ထို့ပြင် သွေးကလည်း ဝေးလှသည်။ သုံးဝမ်းကွဲညီအစ်ကိုဆိုတော့ လုပ်ကြံချင်လျှင် လုပ်ကြံနိုင်သည်။

ထို့ကြောင့် သူဌေးကြီးလုံကျန်ပေဝါးကို တွေ့ရမည့်သူစာရင်းတွင် တေးမှတ်ထားလိုက်သည်။

ထို့ပြင် လုံထန်တို့မိသားစုအကြောင်းကိုသိချင်လျှင် အတူနေထိုင်ကြသော ဆွေမျိုးသားချင်းများကိုလေ့လာ၍ မလုံလောက်နိုင်ပါ။

အကြောင်းအမျိုးမျိုးကြောင့် ဖုံးကွယ်ပြောကြားနိုင်သည်။

အနီးကပ်ဆုံးနေသည့် သူစိမ်းတရုတ်စာများကို မေးမြန်းစုံစမ်းမှသာ ရပေလိမ့်မည်။

ထို့ကြောင့် လုံဂေဟာနှင့် အနီးကပ်ဆုံး အိမ်နီးချင်းများဆီသို့ တခေါက်တခေါက် မေးမြန်းစုံစမ်းမှသာ သင့်လျော်လိမ့်မည်ဟု သူယူဆသည်။



သူသည် ဤသို့တွေးကြည့်သည်နှင့် နိုဆန်ပြုတ်ဆိုင်မှ ထွက်ခွာလာတော့သည်။

ထိုလမ်းသည် လုံဂေဟာ၏ အနောက်ဘက်ခြမ်းလမ်းဖြစ်လေ၏။

လမ်းတစ်လမ်းလုံး ကျယ်ဝန်းသောခြံကြီးများနှင့် ကြီးမားသော အိမ်ဂေဟာကြီးများကိုသာတွေ့ရသဖြင့် ဝမ်ချိုင်းအတော်ကလေး စိတ်ညစ်သွားလေသည်။

လုံဂေဟာ၏ ပတ်ဝန်းကျင်တွင်ရှိသော အိမ်များမှာ ငွေကြေးချမ်းသာသောသူများဖြစ်ပြီး ထိုလူများသည် သူများကိစ္စကို စပ်စုပြောဆိုတတ်ခြင်း မရှိချေ။

ထိစပ်နေသော ခြံဝင်းကြီးများမှာ ကျယ်ဝန်းလှသဖြင့် အိမ်ရှင်များ စကားပြောရန်လည်း အကြောင်းမရှိတော့ပေ။

ဝမ်ချိုင်းသည် စိတ်ပျက်လက်ပျက်နှင့် ပြန်လှည့်လိုက်၏။

ထိုစဉ် ဝမ်ချိုင်းသည် မျက်နှာလေးခုနှင့် ပက်ပင်းတိုးမိလေ၏။

ထိုမျက်နှာလေးခုအနက် မျက်နှာသုံးခုကို ဝမ်ချိုင်းကောင်းကောင်းကြီး မှတ်မိပေသည်။

တစ်ယောက်ကတော့ သံလက်ချောင်း ထန်တုရှောင်ဖြစ်သည်။

www.burmeseclassic.com



နစ်ယောက်က ကြယ်ပြာစားသောက်ဆိုင်ထဲမှ တွေ့ခဲ့သော တပည့်နှစ်ဦးဖြစ်သည်။

သခုပါလာသော မျက်နှာသစ်ကတော့ ထန်တုရှောင်၏ တပည့်တစ်ဦး ဖြစ်ဟန်ရှိသည်။

ထိုမျက်နှာသစ်သည် လက်နက်နှင့်ဖြစ်သည်။

ရိုးရိုးလက်နက် မဟုတ်။ သံကြိုးကြီးတစ်ချောင်း ဖြစ်သည်။ သုံးပေကျော်မျှ ရှည်လျားသည်။

ထိုလေးယောက်သည် ဝမ်ချိုင်းအား စားမည်ဝါးမည်ကဲ့သို့ ကြည့်နေကြလေ၏။

ထန်တုရှောင်သည် ဓားမြှောင်တစ်လက်ကို ကိုင်ထား၏။

သူသည် လက်ကိုအုပ်ကိုင်ထားခြင်း ဖြစ်သော်လည်း ဝမ်ချိုင်းမြင်နေရသည်။

ကျန်နှစ်ယောက်က ေးရှည်များကို ကျောခွဲသိုင်းလွယ်ထားကြသည်။

သူတို့သည် ဝမ်ချိုင်း၏သွားလမ်းကို ပိတ်ဆို့ရပ်နေကြသည်။

ရန်ငြိုးရန်စ.....။

မနေ့က ကြယ်ပြာစားသောက်ဆိုင်တွင် မင်းဝါကို ကူညီခဲ့သည့်ရန်စဟု ်ချိုင်းထင်သည်။



ဝမ်ချိုင်းသည် ထိုလူလေးယောက်နောက်သို့ အကဲခတ်ကြည့်၏။

သူတို့လေးဦးအပြင် အခြားသူများပါလာသေးသလားဟု ကြည့်ခြင်း ဖြစ်သည်။

မရှိပါ။ အခြားသူများ ပါမလာပါ။ ထိုလေးယောက်တည်းသာ ဖြစ်ပါသည်။

သို့သော် လေးယောက်စလုံးက လက်နက်ကိုယ်စီနှင့်ဖြစ်နေသည်။

သံလက်ချောင်း ထန်တုရှောင်သည် သူ၏သံလက်ချောင်းကို အားမကိုးတော့ဘဲ ဓားမြှောင်ကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ဝမ်ချိုင်း ရပ်တန့်လိုက်သည်။

ထန်တုရှောင်ကို စူးစိုက်ကြည့်ကာ မေးလိုက်သည်။

"မင်းတို့ဘာလုပ်ကြတာလဲ ကိုယ့်လူ"

ဝမ်ချိုင်းက လေသံပြတ်ပြတ်နှင့်မေးလိုက်သည်။

ထန်တုရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ငါတို့အခြေအနေကိုကြည့်ပြီး မင်း မခန့်မှန်းနိုင်ဘူးလား။ မင်းကို ဟန်ကြူးမြို့က ကြိုဆိုစည့်ခံဖို့ ငါတို့ကို လွှတ်လိုက်တာ"

"မြို့မိမြို့ဖတွေကတော့ မင်းတို့ကိုစေလွှတ်မှာ မဟုတ်ပါ

www.burmeseclassic.com



ဘူး... ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က ကြမ်းပိုးသူခိုးရုပ်တွေ မဟုတ်လား"

ထန်တုရှောင်က မဲ့လိုက်၏။

"အေး... ငါတို့က မင်းကိုသေစေချင်လို့မလို့ လာကြတာ... မင်းဘယ်သချိုင်းသွားချင်သလဲ ပြော"

ထန်တုရှောင်သည် ပြောပြောဆိုဆို ဓားမြှောင်ဖြင့်တွက်ထည့်လိုက်၏။

"ဗိုး..."

သူ၏ဓားမြှောင်တွက်ချက်သည် ထိရောက်ခြင်းမရှိပါ။ ထိရောက်လျှင်လည်း ကိစ္စမရှိပါ။

ထန်တုရှောင်သည် ဟန်ရေးပြတိုက်ခိုက်လိုက်ခြင်းဖြစ်သောကြောင့်တည်း။

ဓားမြှောင်သည် လေထဲတွင် ဖြတ်သန်းသွားသည်။

"ဗိုး... ဝှစ်"

သံကြိုးသမားသည် သ၏သံကြိုးကိုလေထဲ၌ ဝှေ့ယမ်းလေတော့၏။

ပြီးသည်နှင့်....

"ဟေး..."

လူလေးယောက်စလုံး ဝြာသ်ပေးပြီး တိုက်ခိုက်ကြတော့၏။



သံကြိုးသမားသည် သူ၏သံကြိုးကို တရကြမ်းဝှေ့ယမ်း၍ တိုက်ခိုက်သည်။

ဝမ်ချိုင်းမှာ နောက်သို့ဆုတ်နေရတော့၏။ သံကြိုးရိုက်ချက်မိသွားလျှင် လောကကြီးကိုမေ့သွားမည်ဖြစ်သည်။

"ကျား...."

ထန်တုရှောင်သည် အမြင့်မှ ခုန်ဝင်တိုက်ခိုက်၏။ ခြေလက်ဓားမြှောင်ပါ တစ်ပြိုင်နက်တိုက်ခိုက်ခြင်းဖြစ်သည်။

ရန်သူလေးယောက်သည် ဝမ်ချိုင်းကိုအမဲဖျက်သကဲ့သို့ ဝိုင်းဖျက်နေကြခြင်းဖြစ်သည်။

ဝမ်ချိုင်းသည် သံကြိုးကို သတိထားနေရသည်။

သံကြိုးရိုက်ချက်မိသွားပါက ဓားရှည်ကိုင်သူများသည် သူ့ဘဝကို နိဂုံးချုပ်ပေးကြပေလိမ့်မည်။

"ဗိုး... ဗိုး... ဗိုး"

သံကြိုးသမားသည် တဝီးဝီးဝှေ့ယမ်းရင်း ရှေ့သို့ဝင်လာနေသည်။

ဝမ်ချိုင်းသည် ရှေ့သို့တိုးဝင်သွားပြီး သံကြိုးကို မိမိရရဆွဲကိုင်လိုက်သည်။

ကံအားလျော်စွာ သူသည် သံကြိုးစကို ဖမ်းမိသွားလေ၏။

"လာလေရော့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းသည် သံကြိုးကိုဆောင့်ဆွဲလိုက်၏။

သံကြိုးကိုင်သူသည် ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်နှင့် ပါလာသည်။

ဝမ်ချိုင်းသည် အခွင့်အရေးကို လက်မလွှတ်ပေ။ ရင်ဝသို့ ခြေထောက်ဖြင့် ကန်ထည့်လိုက်သည်။

"ဝုန်း...."

သံကြိုးသည် သူ့လက်မှထွက်သွားပြီး နောက်သို့ လွင့်စဉ်သွားသည်။ သံကြိုးသည် ဝမ်ချိုင်း၏လက်ထဲတွင် ကျန်ရစ်ခဲ့သည်။

သံကြိုးရပြီဖြစ်၍ ရန်သူသုံးယောက်ကို ဝမ်ချိုင်းမမှုတော့ပါ။

သံကြိုးရရှိပြီးဖြစ်၍ နောက်ထပ် ဤလိုရန်သူမျိုး ဆယ်ယောက်ရောက်ရှိလာလျှင်လည်း ဝမ်ချိုင်းမမှုတော့ပါ။

"ဗိုး... ဗိုး... ဗိုး"

လေတိုးသံက ကြောက်မက်စရာ ပေါ်ထွက်လာသည်။

ထန်တုရှောင်တို့သည် ဝမ်ချိုင်း၏လက်သို့ လက်နက်ရောက်သွားပြီဖြစ်၍ မပေါ့ဆရဲတော့ချေ။

ယခင်ကထက် သတိပိုထားရတော့သည်။

လေထဲတွင် သံကြိုးရိပ်ကိုသာမြင်ရသည်။ သံကြိုးကို မမြင်ရတော့ချေ။



"ကျား...."

ဝမ်ချိုင်းသည် မာန်သွင်းအော်ဟစ်ပြီး ဓားရှည်သမားတစ်ဦးကို တိုက်ခိုက်လိုက်သည်။

"ထန်း...."

ဓားရှည်သမားသည် သူ၏ဓားရှည်ဖြင့် ဆီးခံသည်။

သံကြိုးက ဓားရှည်ကိုပတ်မိသွားသည်။

ဝမ်ချိုင်းဆောင့်ဆွဲလိုက်ရာ ဓားရှည်သည် သံကြိုးထဲ၌ ပါလာတော့သည်။

ထိုစဉ် ထန်တုရှောင်က ခုန်ဝင်လာ၏။ လှံပ်တစ်ပြက် ဝင်လာခြင်းဖြစ်သည်။

ဝမ်ချိုင်း ဓားရှည်သမားဆီသို့အာရုံစိုက်နေစဉ် သူ့အလစ်ဝင်တွယ်ခြင်း ဖြစ်သည်။

"ထန်း...."

ဝမ်ချိုင်းသည် သံကြိုးကိုတစ်ပတ် ဆွဲလှည့်လိုက်ရ၏။

သံကြိုးနှင့်ဓားမြှောင်သည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ထိမိက်မိသွားသည်။

ထန်တုရှောင်သည် ကမန်းကတန်း နောက်ဆုတ်သွားလေ၏။

ထိုစဉ် သံကြိုးသမားသည် မိုက်မိုက်မဲမဲ ခုန်ဝင်လာသည်။

www.burmeseclassic.com



ဝမ်ချိုင်းက ထိုလူကို သံကြိုးဖြင့် လှဲရိုက်လိုက်၏။

"ချွမ်... ချလွမ်"

သံကြိုးသမားသည် သွေးများရဲခနဲ ဖြာကျလာပြီး အရှ ကြိုးပြတ်လဲကျသွားတော့၏။ တစ်ယောက်တော့ သွားပေပြီ။

"ဝှစ်... ဝှစ်"

ဓားရှည်သမားတစ်ဦး ခုန်ဝင်လာ၏။ နှစ်ချက်တိတိ ဝ ချိုင်းကိုခုတ်သည်။

"ဝိုး... ဝိုး... ဝိုး"

ဝမ်ချိုင်းသည် သူ့ခေါင်းပေါ်တွင် သံကြိုးကို တအားကုန် ယမ်းနေသည်။ ထို့နောက် ဓားရှည်သမားအား ရိုက်ချလိုက်၏။

"ချွမ်... ချလွမ်"

ဓားရှည်သမား ကိုယ်အလှည့်၊ ဓားရှည်က သူ့ကျောကုန်း ရိုက်ချသည်။

"အား..."

ဓားရှည်သမား မှောက်သွားပေပြီ။

သံကြိုးသမားနှင့် ဓားသမားတို့နှစ်ယောက်မှာ မြေပြ တုတ်တုတ်မျှ မလှုပ်တော့ပေ။

ထိုအခါ ထန်တုရှောင်သည် အတော်ကလေး ဖြန့်သွာ သူ ရဲရဲတင်းတင်း မဝင့်တော့ပေ။ အဘယ်မှာလျှင် ဝ



တော့မည်နည်း။

လေးယောက်လာသည့်အနက် နှစ်ယောက်မှာ လဲကျနေပြီ မဟုတ်ပါလား။

မိမိတို့သည်လည်း အကြောင်းမညီညွတ်လျှင် ထိုနှစ်ယောက် နောက်သို့ လိုက်သွားနိုင်ပေသည်။

ထို့ကြောင့် ထန်တုရှောင်သည် ဓားမြှောင်ကို တင်းတင်း ဆုပ်လျက် ဝမ်ချိုင်းကို ဝိုင်းပတ်နေသည်။

နောက်မှ ဓားရှည်သမားတစ်ဦးကလည်း ဝိုင်းပတ်နေသည်။

ဝမ်ချိုင်းကတော့ သံကြိုးကိုသာ တဝီးဝီး လှည့်ပတ်နေသည်။

သူသည် ထန်တုရှောင်နှင့် ဓားရှည်ကိုင်သူကိုရိုက်ချရန် အပစ်ချောင်းနေသည်။

ထန်တုရှောင်နှင့် ဓားရှည်ကိုင်သူတို့မှာလည်း မဝင့်ံတော့ ဖြင့် ဝမ်ချိုင်းအနေဖြင့် သံကြိုးဖြင့်ရိုက်ချနိုင်ဖို့ ခက်နေသည်။

"ဝိုး... ဝိုး... ဝိုး"

သံကြိုးဝှေ့ယမ်းသံသည် အသံညီးယားစဖွယ် ထွက်ပေးနေသည်။

"ကျား...."

ဝမ်ချိုင်းသည် မာန်သွင်းအော်ဟစ်လိုက်သည်။

www.burmeseclassic.com



ထန်တုရှောင်ဆီသို့ ခုန်ဝင်မည်ပုံလုပ်ပြီး နောက်ဘက်သို့ခု
ဝင်လိုက်သည်။

ဓားရှည်ကိုင်ရန်သူအား သံကြိုးဖြင့် ရိုက်ချလိုက်တော
သည်။

"ဖျောင်း...."

"အား...."

ဓားသမားမျက်နှာတည့်တည့်သို့ သံကြိုးဖြင့်ရိုက်ချမိသဖြ
ဓားသမားသည် မရှိမဆန့်အော်ပြီး လွင့်စဉ်သွားတော့၏။

သွေးချင်းချင်း နီရဲသွားသည်။

ဝမ်ချိုင်းသည် သူ့နောက်၌ ထန်တုရှောင်ရှိနေသည်ကို
တိရပြီး လှည့်လိုက်သည်။

"ဟာ...."

ဝမ်ချိုင်း အံ့အားသင့်သွားသည်။

ထန်တုရှောင် မရှိတော့ပေ။ သူပြေးလေပြီ။

သူ့လူသုံးယောက်ကို ထားရစ်ခဲ့ပြီး ထွက်ပြေးသွားလေ

အခန်း(၇)

ထပ်ဆင့်ညှော်သည်

ထန်တုရှောင် ပြေးပြီ။

သူ့အဖော်သုံးယောက်မှာ မှောက်သွားပြီ။ ဝမ်ချိုင်းအဖို့
သွေးပူလေ့ကျင့်ခန်းလောက်သာ သဘောထားလိုက်သည်။

သူသည် လဲကျနေသူများကို တစ်ချက်ကြည့်လိုက်ပြီး ထို
နေရာမှ သွက်သွက်ကလေး ထွက်လာတော့၏။

သူထွက်လာခဲ့သည်မှာ အကြောင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်တုရှောင်သည် ခွဲနပဲကြီးသော လူမျိုးဖြစ်သည်။

သူသည် အခြားလူများကိုခေါ်လာပြီး တစ်ပွဲတစ်လမ်းနွဲချင် နွဲပေလိမ့်မည်။

ထန်တုရှောင်ကို ကြောက်၍တော့မဟုတ်ပေ။ မလိုလား အပ်ဘဲ ရန်ပွဲမနွဲချင်သောကြောင့်ဖြစ်သည်။

မိမိလာခဲ့သည့်ရည်ရွယ်ချက်မှာ ထန်တုရှောင်တို့နှင့် ရန်ဖြစ် ရန် မဟုတ်ပေ။

သည်ရန်ပွဲများ တစ်ခြိမ့်ခြိမ့်ဆင်နွဲနေလျှင် မိမိ၏ရည်ရွယ် ချက်ပျောက်သွားပေမည်။

ဝမ်ချိုင်းသည် လမ်းကျဉ်းထဲမှထွက်၍ ဟန်ကြူးမြို့ပြင်သို့ ဆက်၍ လျှောက်လာခဲ့၏။

မြေနီလမ်းမကြီးက ဖြောင့်တန်းနေပြီး တောင်ကုန်းတစ်ခု ဆီသို့ဦးတည်နေ၏။

ထိုတောင်ကုန်းအနီးသို့ ရောက်ရှိသောအခါ ဝမ်ချိုင်းမော့ ကြည့်သည်။

တောင်ကုန်းပေါ်တွင် လှပသော အဆောက်အအုံအချို့ ကို တွေ့ရ၏။

သူလျှောက်လာခဲ့သည့်ခရီးကို ဝမ်ချိုင်းပြန်ကြည့်၏။

ဟန်ကြူးမြို့ပြင်သို့ ဆယ့်ငါးမိုင် နှစ်ဆယ်မျှကွာဝေးပေလိ



မည်။ အဘယ်ကြောင့် လျှောက်လာမိမှန်း မသိပေ။

မြေနီလမ်းကြီး ဖြောင့်ဖြူးနေ၍လောဟု သူတွေးသည်။

သူသည် တောင်ကုန်းကလေး အထက်သို့တက်ကြည့်မိလေ၏။

လှပသောအဆောက်အအုံများသည် တဖြည်းဖြည်း နီးလာသည်။

အဆောက်အအုံ၌ ရေးထားသောစာလုံးများကိုပင် မြင်လာရသည်။

"ကြောဂေဟာ...."

ဝမ်ချိုင်းသည် မျက်လုံးပြူးသွားလေ၏။

ဝမ်ချိုင်းသည် ခေတ္တမျှ ငေးမောကြည့်ရှုမိသည်။

"ဩော်... လက်စသတ်တော့ ကြောဂိုဏ်းအဆောက်အအုံ ကြီးပါလား... မင်းဝါရဲ့အမေ အဒေါ်ရှမ်းကီးနဲ့ ကြောဂိုဏ်း သိပ်မဝေးတဲ့နေရာမှာ ရှိနေပါလား"

ကြောဂိုဏ်းအဆောက်အအုံ၏နောက်ဘက်တွင် တောတန်းကြီးတစ်ခုရှိ၏။

ထိုစိမ်းလန်းသောတောတန်းကြီးကို နောက်ခံထားနေရသဖြင့် ကြောဂိုဏ်းအဆောက်အအုံသည် ပိုမိုလှပနေခြင်းဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းသည် အဆောက်အအုံရှေ့ဘက်သို့ မသွားချေ။ အနောက်ဘက်ရှိ တောတန်းဆီသို့ဦးတည်သွားလေ၏။

ထိုစဉ်မှာပင် တောတန်းထဲမှ သာယာညှင်းပြောင်းသည့် သီချင်းသံကိုကြားလိုက်ရတော့သည်။

အသံရှင်သည် အေးမြသာယာလှသည်။ သီချင်းက အလွမ်းသီချင်း။ ရင်ထဲမှ ဆွေးဆွေးမြည့်မြည့်ခံစားချက်များကို နှုတ်မှထုတ်ဖော်သီဆိုနေခြင်းဖြစ်သည်။

"အိုကွယ်... လိပ်ပြာရယ်... မင်းဘဝက လွတ်လပ်လှတယ်ကွယ်၊ ဝတ်မှုန်ကလေးများစားကာ ပျော်ပါးရှာတယ်၊ ငါ့ဘဝနဲ့တော့ ကွာခြားလှတယ်... အိုကွယ် လိပ်ပြာရယ်... တတ်နိုင်ပါလျှင် မင်းဘဝထဲ ငါ့ကိုခေါ်သွားပါလားကွယ်"

အသံကလေးက ကြည်လင်အေးမြလှသည်။ ကြားရသူဘဝင်သိမ့်ပြီး နစ်ဝင်သွားသည်။

သီချင်းအဓိပ္ပာယ်က ကြေကွဲစရာကောင်းနေသည်။

ဝမ်ချိုင်း၏ရင်ထဲ၌ ကျင်ခနဲဖြစ်သွားခဲ့သည်။

လိပ်ပြာကလေးများက လွတ်လွတ်လပ်လပ်ဖြင့် ပန်းဝတ်မှုန်များကို စားသုံးစုပ်ယူနိုင်သော်လည်း သူမဘဝမှာ အကျဉ်းချခံထားရသူကဲ့သို့ ဖြစ်နေပါသည်ဟု ဖော်ကျူးထားသည်။

ထို့ပြင် လိပ်ပြာကလေးက ကယ်နိုင်မည်ဆိုလျှင် သူ့ဘဝကို



ကယ်တင်ပါဟု သီကျူးထားလေသည်။

သူမဘဝကို မည်သူကများ အကျဉ်းချထားပါသနည်း။

တကယ့်အဖြစ်လော... သီချင်းအဖြစ် သီဆိုခြင်းပေလော

ဝမ်ချိုင်းသည် စိတ်ဝင်စားသွားသည်။

သူသည် သီချင်းသံကြားရာဆီသို့ တဖြည်းဖြည်း တိုးကပ်သွားသည်။

သူသည် သစ်ပင်တစ်ပင်ကိုကွယ်၍ ချောင်းကြည့်လိုက်ရာ မိန်းကလေးတစ်ဦး သစ်တုံးပေါ်၌ ထိုင်နေသည်ကို တွေ့ရသည်။

မိန်းကလေးရှေ့၌ လိပ်ပြာကလေးများ ပျံဝဲနေသည်ကိုတွေ့ရလေသည်။

ဝမ်ချိုင်းသည် မိန်းကလေးရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

"ရှပ်... ရှပ်... ရှပ်"

မိန်းကလေးသည် တရှပ်ရှပ်ခြေသံကိုကြားပြီး လှည့်ကြည့်လိုက်သည်။

"အို...."

သူမသည် မျက်လုံးကလေးများ အဝိုင်းသားဖြစ်သွားသည်။ ထိတ်လန့်သွားသည်။

သူမ၏ မျက်နှာကလေးမှာ အလွန်လှပသည်။ လှသားင်

www.burmeseclassic.com



ဟုတ်မှဟုတ်ပါလေစဟု ထင်လိုက်မိသည်။

ကောင်းကင်ဘုံမှ ဆင်းသက်လာသော နတ်မိမယ်ကလေး များလားဟု ထင်မိသည်။

သူမသည် ဝမ်ချိုင်းအား မြင်သောအခါ သုတ်ခနဲထွက်ပြေး သွားတော့သည်။

"ဟေ့... ဟေ့... ဒီမှာ..."

ဝမ်ချိုင်းက လှမ်းတားသည်။

သို့သော် မိန်းကလေးမှာ ဘီဘူးသရဲတစ်ကောင်ကို ရှော့ လိုက်ရသည့်အလား နောက်ကြောင်းကို လှည့်မကြည့်ဘဲ ထွက်ပြေး သွားတော့သည်။

"ဒီမှာ... ဒီမှာ... ညီမ"

ဝမ်ချိုင်းသည် အော်ခေါ်ရင်း သူမနောက်သို့ ပြေးလိုက် သွားမိ၏။

မိန်းကလေးသည် အဆောက်အအုံတစ်ခုထဲသို့ လှစ်ခနဲပြေး ဝင် ပျောက်ကွယ်သွားတော့သည်။

ထိုအဆောက်အအုံမှာ စကြာဂိုဏ်း၏ အဆောက်အအုံများ ထဲမှ အဆောက်အအုံတစ်ခုဖြစ်၏။

ဝမ်ချိုင်းသည် စကြာဂိုဏ်း၏ နယ်ပယ်အတွင်း ဝင်ရောက်ခဲ့ မိသည်ကို သတိမပြုမိပေ။



နတ်မိမယ်ကဲ့သို့ လှပချောမောလွန်းသော မိန်းကလေး နောက်သို့သာ အပြေးကလေးလိုက်လာခဲ့မိသည်။

သူသည် အဆောက်အအုံအနီးသို့ရောက်မှ မိမိသည် စကြာ ဂိုဏ်း၏ နယ်ပယ်အတွင်း ဝင်ရောက်ခဲ့မိသည်ကို သတိပြုမိတော့ သည်။

မိန်းကလေးသည် မိမိကိုမြင်သည်နှင့် မည်သည့်အတွက် ကြောက်လန့်တကြား ပြေးထွက်သွားရပါသနည်း။

ယောကျ်ားသားများကို ရင်မဆိုင်ဝံ့၍လော။

စောစောက သူမသီဆိုသွားသောသီချင်းကဲ့သို့ သူမသည် အမှန်တကယ်ပင် အကျဉ်းချခံထားရပါသလော။

သူတွေးနေစဉ် လေတိုးသံတစ်ခုသည် သူ့ဦးခေါင်းအနီးမှ ဖြတ်သန်းသွားလေ၏။

"ဝှစ်..."

ရှောင်တိမ်းပြီး ဖြစ်လေ၏။

"ဒုတ်...."

ထိုအရာသည် ဝမ်ချိုင်း၏နောက်တွင်ရှိသော သစ်ပင်တစ် ပင်ဆီသို့သွားစိုက်နေလေ၏။

ပေါက်တားတစ်ချောင်းပင် ဖြစ်သည်။

ဝမ်ချိုင်းသည် လှည့်ကြည့်လိုက်၏။

www.burmeseclassic.com



"ဝှစ်...."

"ခွတ်...."

ပေါက်ဓားတစ်ချောင်းသည် လေကိုထိုးခွဲပြီး သစ်ပင်ကို သွားစိုက်ပြန်လေ၏။

ဝမ်ချိုင်းသည် ရှောင်တိမ်းပြန်လေ၏။

"ဟား... ဟား... ဟား... မင်း မဆိုးဘူး"

ရယ်မောသံနှင့်အတူ လူသုံးယောက်ထွက်ပေါ်လာတော့ သည်။

သူတို့သည် အစိမ်းရောင်ဝတ်စုံများဝတ်ဆင်ထားကြ၏။

ယင်းအစိမ်းရောင်မှာ စကြာဂိုဏ်း၏တူညီသော အစိမ်း ရောင်ဝတ်စုံများပင်။

ဝမ်ချိုင်းသည် ရင်ထိတ်သွားလေ၏။ သူသည် စကြာဂိုဏ်း ၏နယ်ပယ်အတွင်း ကျူးကျော်ဝင် ရောက်ခဲ့မိပြီ မဟုတ်ပါလော။

ဤသို့ နယ်ကျူးကျော်လာမှုများကို မည်သည့်ဂိုဏ်းကမျှ သည်းမခံကြချေ။ မိမိ၏အမှားအယွင်းပင် ဖြစ်၏။

ဤသည်မှာလည်း ချောမောလှပသော မိန်းကလေးကိုမြင် ပြီး ပြေးလိုက်ရာမှ သူတစ်ပါးနယ်မြေအတွင်း ကျူးကျော်မိခြင်း ဖြစ် တော့သည်။

ဝမ်ချိုင်းသည် အဖြစ်မှန်ကိုရှင်းပြမည်ဟု စိတ်ကူးထားလိုက်



၏။ လူသုံးယောက်သည် သူ့ရှိရာသို့ လျှောက်လာ၏။

အလယ်မှလူသည် သူ၏ဓားကို ဆွဲထုတ်ခြင်းမပြုသော် လည်း ဘေးမှလူနှစ်ယောက်ကတော့ ဓားများကိုအသင့်ပြင် ကိုင် ထားကြ၏။

အလယ်မှလူသည် ဌာနစုမှူး သို့မဟုတ် ဌာနခွဲမှူးအဆင့် လောက်ရှိမည်ဟု မှန်းဆရ၏။

ထိုလူသုံးယောက်သည် ဝမ်ချိုင်းရှေ့သို့ရောက်လာပြီး ရပ် တန့်လိုက်ကြ၏။

အလယ်မှလူက ဝမ်ချိုင်းကို ခြေဆုံးခေါင်းဆုံး အကဲခတ် လိုက်၏။

"မောင်ရင်... ဘယ်ကလဲ၊ ဘာကိစ္စနဲ့ဒီဂေဟာကို ရောက် လာရတာလဲ"

သူမည်သည့်အရပ်မှလာသည်ကို မေး၏။ မည်သည့်ကိစ္စ နှင့် လာသည်ကို မေး၏။ မေးခွန်းနှစ်ခုဖြစ်သည်။

ဝမ်ချိုင်းက ပြုံးလိုက်၏။

"ကျွန်တော် ဟန်ကြူးမြို့ကိုလာတဲ့ခရီးသည်တစ်ယောက် ပါ... မနက်ပိုင်း အပြေးလေ့ကျင့်ရင်းနဲ့ ဒီတောင်ကုန်းကလေးကို ရောက်လာတာပါ၊ တောင်ကုန်းကလေးက သာယာတော့ ကျွန်တော် တက်လာပြီး ကြည့်မိတာပါ"

www.burmeseclassic.com



အလယ်မှလူက မျက်မှောင်ကြုတ်သွားသည်။

"ဧည့်သည်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်က ဧည့်သည်လဲ"

"ဟိုနန်မြို့ကပါ... ဟန်ကြူးမြို့မှာရှိတဲ့ လုံဂေဟာကိုလာလည်တာပါ"

ဝမ်ချိုင်းက လုံဂေဟာကို တမင်ထည့်ပြောခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လုံဂေဟာမှသခင်မကြီး ရှမ်းကီးနှင့်စကြာဂိုဏ်းချုပ်ကြီးရှန်ကျန်းတို့သည် မောင်နှမတော်စပ်ကြသည် မဟုတ်ပါလော။

အလယ်မှလူက လုံဂေဟာ၏ဧည့်သည်ဖြစ်သည်ဟု ကြားလိုက်ရသောအခါ ချက်ချင်း မျက်နှာအနေအထားပြောင်းသွားလေ၏။

"ဪ... မောင်ရင်က လုံဂေဟာကိုလာလည်တဲ့ဧည့်သည်ကိုး... ဒါပေမယ့် ဒီအထဲကိုလူစိမ်းတွေ လာခွင့်မပြုဘူးကွ၊ လုံကျန်ပေဝါးနဲ့ရှမ်းကီးတို့က မင်းကိုပြောမပြဘူးလား"

ဝမ်ချိုင်းသည် အံ့ဩထိတ်လန့်သွားဟန်ပြုလိုက်သည်။

"ဟာ... ဟုတ်လား... ဒါဆိုရင် ကျွန်တော်တောင်းပန်ပါတယ်ဗျာ... သခင်မကြီးကလဲ စကြာဂိုဏ်းနဲ့ပတ်သက်ပြီး ဘာမှပြော



မထားပါဘူး၊ သခင်ကြီးလုံကျန်ပေဝါးကတော့ ခရီးထွက်နေပါတယ်... ဂေဟာမှာ မရှိပါဘူး"

ထိုအခါ အလယ်ကလူက....

"ဟေ့... သူ့ကိုခေါ်ခဲ့ကြ... ငါတို့သဘောနဲ့ ဆုံးဖြတ်လို့ မဖြစ်ဘူး။ ဂိုဏ်းချုပ်ကြီးကို အသိပေးမှဖြစ်လိမ့်မယ်"

သူက ရှေ့မှထွက်သွားတော့၏။

ကျန်သည့်လူနှစ်ယောက်က သူ့ဘေးတစ်ဘက်တစ်ချက်မှ လာရပ်၏။

ဝမ်ချိုင်းသည် အဆောက်အအုံကြီးထဲသို့ ဝင်လာလေတော့၏။

ဧည့်ခန်းမကြီးက ကြီးကျယ်ခမ်းနားလှသည်။ ဤလိုအခန်းမျိုး ရှိလိမ့်မည်ဟုပင် မထင်မိချေ။

ရွှေရောင်စကြာအမှတ်အသားကြီးသည် ခေါင်းရင်းတွင် ချိတ်ဆွဲထား၏။

နီရဲနှင့်ကပ်လျက် စားပွဲတစ်လုံးရှိလေ၏။ စားပွဲကို အစိမ်းရောင်ကတ္တီပါဖြင့် ဖုံးအုပ်ထား၏။

ယင်းစားပွဲ၌ လူနှစ်ယောက်ထိုင်နေ၏။ ထိုလူနှစ်ယောက်သည် ဝင်လာသူများကို မမြင်ပေ။ စကားကောင်းနေကြ၏။

စားပွဲတွင် ထိုင်နေသောလူနှစ်ယောက်အနက် တစ်ယောက်

www.burmeseclassic.com



မှာ စကြာဂိုဏ်းချုပ်ကြီးရှန်ကျန်းဖြစ်ပြီး ကျန်တစ်ယောက်မှာ ညှေ့သည်ဖြစ်၏။

ရှန်ကျန်းက ခေါင်းဆောင်ဝင်လာသည့်လူအား မေးမြန်းလိုက်၏။

"ဘာလဲဟေ့... ချူမား"

ဝမ်ချိုင်းအား ခေါ်ဆောင်လာသည့်လူ၏အမည်မှာ ချူမား ဖြစ်၏။

ချူမားက စကြာဂိုဏ်းချုပ်ကြီး၏လူယုံတော်ဖြစ်၏။

စကြာဂိုဏ်းချုပ်ကြီးသည် သူ့အား အစစအရာရာ အားထား၏။

ချူမားက ဦးညွှတ်အရိုအသေပေးလေ၏။

"လူစိမ်းတစ်ယောက် ကျွန်တော်တို့ရဲ့နယ်ပယ်ထဲဝင်လာလို့ ဂိုဏ်းချုပ်ကြီးဆီ ခေါ်လာတာပါ"

ချူမားက ရိုသေလေးစားစွာ ပြောလိုက်၏။

ထိုအခါ စကြာဂိုဏ်းချုပ်ကြီးနှင့် ညှေ့သည်တို့သည် ဝမ်ချိုင်းကိုကြည့်ကြလေ၏။

ဝမ်ချိုင်းသည် စကြာဂိုဏ်းချုပ်ကြီး ရှန်ကျန်းနှင့်ညှေ့သည်အား ကြည့်လိုက်၏။

ညှေ့သည်ကိုမြင်လိုက်သည်နှင့် ဝမ်ချိုင်းအကြီးအကျယ်အံ့



သင့်သွားတော့၏။

ထိုညှေ့သည်ကလည်း ဝမ်ချိုင်းအား မြင်သောအခါ သိသိသာသာ မျက်နှာပျက်သွား၏။

ညှေ့သည်သည် ဂိုဏ်းချုပ်ကြီးအနီးသို့ တိုးကပ်သွားပြီး တီးတိုးပြောလိုက်လေ၏။

စကြာဂိုဏ်းချုပ်ကြီးသည် ညှေ့သည်၏စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ထို့နောက် ညှေ့သည်သည် ဂိုဏ်းချုပ်ကြီးကိုနှုတ်ဆက်၍ ထပြန်သွား၏။

မပြန်မီ ညှေ့သည်သည် ဝမ်ချိုင်း၏မျက်နှာကို လှမ်းကြည့်သွားသေးသည်။

သူ့မျက်နှာသည် သရော်လှောင်ပြောင်သည့် အရိပ်အယောင်များ ယှက်သန်းနေသည်။

ဝမ်ချိုင်းမှာ ရင်ထဲ၌ လေးလံသွားလေတော့၏။

www.burmeseclassic.com

## အခန်း(၈)

## ကြောဂိုဏ်း

ဝမ်ချိုင်းသည် မိမိအား စူးစိုက်ကြည့်နေသော ဂိုဏ်းချု ကြီးရှန်ကျန်း၏ မျက်နှာကို မျက်တောင်မခတ် ပြန်လည်စိုက်ကြည့် နေ၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဝမ်ချိုင်း...."

ဝမ်ချိုင်းက သူ့နာမည်အမှန်ကိုပင် ပြောလိုက်သည်။



သူ့အနေဖြင့် မည်သည့်ကိစ္စမျှ လိမ်လည်၍ ပြောဆိုမရ တော့သည်ကို သူသိရှိလေသည်။

အဘယ့်ကြောင့်ဆိုသော် စောစောက ထပြန်သွားသော ညှိသည်သည် သူ့အကြောင်းကို အတော်အတန် သိထားပြီးသည့် ပုဂ္ဂိုလ် ဖြစ်နေသောကြောင့်တည်း။

သို့သော် ဝမ်ချိုင်းအနေဖြင့် ထိုဧည့်သည်ကို မသိသယောင် နေလိုက်သည်။

ကြောဂိုဏ်းချုပ်ကြီး....

"ဟေ့... သူ့ကို ဘယ်နေရာက တွေ့ခဲ့တာလဲ"

ချူမားက....

"အနောက်ဘက်အဆောင်တွေနားမှာ တွေ့ခဲ့တာပါ... ကျွန် တော်က စစ်ဆေးတော့ သူက အဆောက်အအုံတွေ သာယာလှပလို့ လျှောက်ကြည့်နေမိတာလို့ ပြောပါတယ်၊ နောက်ပြီး သူက လုံဂေဟာ ရဲ့ဧည့်သည်လို့လဲ ပြောပါတယ်"

ချူမားက ဝမ်ချိုင်းပြောသည်စကားများကို အပိုအလိုမရှိ ဂိုဏ်းချုပ်ကြီးအား ပြန်လည်အစီရင်ခံလိုက်လေ၏။

ဂိုဏ်းချုပ်ကြီး ရှန်ကျန်းသည် အံ့အားသင့်သွားလေ၏။ ဝမ်ချိုင်းကို ကြည့်လိုက်သည်။

"လုံဂေဟာကို လာလည်တာဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းက....

"ဟုတ်ပါတယ်...."

ဂိုဏ်းချုပ်ကြီးက....

"လုံဂေဟာကို ဘာလာလုပ်တာလဲ"

"အလည်လာတာပါ"

"မင်းဟာ ခြသေ့ဂိုဏ်းသားတစ်ယောက်မဟုတ်လား"

ဝမ်ချိုင်းသည် ကြောဂိုဏ်းချုပ်ကြီးက ထိုမေးခွန်းကိုမေးမည်ကို ကြိုတင်သိထား၏။

သို့သော် သူသည် အလွန်အမင်း အံ့အားသင့်သွားသည့် အမူအရာကို ဆောင်လိုက်သည်။

သူသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြောဂိုဏ်းချုပ်ကြီးကို ကြည့်လိုက်သည်။

"ဟာ... ဟုတ်ပါတယ်ဗျာ၊ ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ကို သိနေပါလား... အံ့ရောဗျာ... အံ့ရော"

ကြောဂိုဏ်းချုပ်ကြီးသည် နှုတ်ခမ်းတွန့်၍ပြုံးလိုက်၏။

"ဟင်း... ဟင်း... ဟင်း... မင်းသိအောင် ပြောပြလိုက်မယ်... ကျုပ်ရဲ့အထောက်တော်တွေ အများကြီးရှိတယ်ဆိုတာကို မင်း သိထားရင် လုံလောက်ပါပြီ၊ ဘယ်သူဘယ်ကိုလာတယ်...ဘယ်သူ ဘယ်ကိုသွားတယ်ဆိုတာ ကျုပ် အားလုံးသိတယ်"



ဤသည်မှာ ဖြီးလုံးများသာဖြစ်ပါသည်။

သူ့အထောက်တော်တွေ ရှိကောင်းရှိမည်ဖြစ်သော်လည်း ဟိုနန်းမြို့တစ်မြို့တည်း၌ ကျော်ကြားသောခြသေ့ဂိုဏ်းအတွက် အထောက်တော် မထားနိုင်ပါ။

အမှန်အားဖြင့် ဝမ်ချိုင်း ခြသေ့ဂိုဏ်းသားဖြစ်သည်ကို စောစောက ချည်သည်က ပြောသွား၍သာ ဖြစ်ပါသည်။

"မှန်တာပေါ့ ခင်ဗျာ... ကြောဂိုဏ်းချုပ်ကြီးရဲ့ အရှိန်ဩဇာ အာဏာ ဘယ်လောက်ထိ ပျံ့နှံ့နေတယ်ဆိုတာ ကျွန်တော်တို့ခြသေ့ ဂိုဏ်းချုပ်ကြီးက အမြဲချီးကျူးပါတယ်ခင်ဗျာ"

ဝမ်ချိုင်းသည် ကြောဂိုဏ်းချုပ်ကြီး၏ ပျော့ကွက်ကို နှိုက်မိသွားသဖြင့် မြှောက်ပင့်ချီးကျူးလိုက်သည်။

သူတို့ဂိုဏ်းချုပ်ကြီးသည် ကြောဂိုဏ်းချုပ်ကြီး အကြောင်း တစ်ခါမျှ ပြောဆိုခြင်း မရှိခဲ့ပါချေ။

သို့သော် ဂိုဏ်းချုပ်ကြီးသည် တစ်ခါတစ်ရံ မဲ့ပြုံးပြုံးသည်က လွဲ၍ မျက်နှာထားတင်းနေသည်။

ဝမ်ချိုင်း မည်သို့မြှောက်ပင့်နေသော်လည်း မျက်နှာထားမှာ လျော့ကျသွားခြင်း မရှိပါချေ။

ကြောဂိုဏ်းချုပ်ကြီးက....

"မင်း ကျုပ်ဂေဟာထဲကို ဘာအကြောင်းကြောင့် ရောက်

www.burmeseclassic.com



လာတယ်ဆိုတာ အမှန်အတိုင်း ပြောပါ"

ဝမ်ချိုင်းသည် အမှန်အတိုင်း ပြောပါသည်။

"ကျွန်တော် စောစောက ပြောသလိုပါပဲ... ဂိုဏ်းချုပ်ကြီးရဲ့ အဆောက်အအုံမှန်းလဲ မသိပါဘူး၊ အဝေးကကြည့်လိုက်တော့ တောင်ကုန်းပေါ်မှာ အင်မတန်လှပတဲ့ အဆောက်အအုံတွေတွေ့လို့ ကျွန်တော်လျှောက်လာခဲ့တာပါ"

ဝမ်ချိုင်းသည် သီချင်းဆိုနေသော မိန်းကလေးကို တွေ့ရှိကြောင်း လုံးဝထည့်မပြောခဲ့ချေ။

"ဒါဟာ ကျူးကျော်စော်ကားမှုပဲ... ကျုပ်တို့ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ဝမ်ချိုင်းသည် အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်မည့် ကိန်းကို မြင်လာမိသည်။

ဝမ်ချိုင်းက....

"ဒီကိစ္စအတွက် ဂိုဏ်းချုပ်ကြီးကို ကျွန်တော်တောင်းပန်ပါတယ်... အမှန်အတိုင်းပြောပြရင် ကျွန်တော် လုံးဝမသိလို့ ဝင်လာခဲ့မိတာပါ"

ထိုစဉ် ဧည့်ခန်းထဲသို့ လူတစ်ယောက်ပြေးဝင်လာသည်။

ထိုလူကိုတွေ့လိုက်ရသဖြင့် ဝမ်ချိုင်းသည် ရုတ်တရက် ဝမ်းသာသွား၏။



ဧည့်ခန်းထဲသို့ဝင်လာသူမှာ မင်းဝါဖြစ်လေ၏။

မင်းဝါသည် အခြေအနေကိုကြည့်လိုက်၏။

ကြောဂိုဏ်းသားနှစ်ယောက်၏အလယ်တွင် စစ်မေးခံနေရသောဝမ်ချိုင်းကိုကြည့်ပြီး စိုးရိမ်သွားလေ၏။

သူသည် စိုးရိမ်တကြီး ဝမ်ချိုင်းရှေ့သို့ ဝင်ရပ်လိုက်၏။

"ဦးရီးတော် ဒါ ကျွန်တော်တို့ဂေဟာကို လာလည်တဲ့ ဧည့်သည်ပါ... ကိုယ့်ဧည့်သည်ကို ဘယ်အိမ်ရှင်ကမှ ဘေးရောက်တာမမြင်ချင်ပါဘူး... ဒါကို ဦးရီးတော်နားလည်မှာပါ... သူ့ကို ဘာဖြစ်လို့ ဒီလိုစစ်ဆေးနေရတာလဲ"

ဂိုဏ်းချုပ်ကြီးရှန်ကျန်းသည် သူ၏တူဖြစ်သူ မင်းဝါကို စိတ်ပျက်ဟန်ဆိုး ဖြစ်သွား၏။

"အေး... မင်းဧည့်သည်ဆိုတာတော့ ဟုတ်ပါတယ်... မင်းဧည့်သည်က စည်းမရှိကမ်းမရှိ မပြောဘဲနဲ့ ငါ့ဂေဟာထဲ ဘာဖြစ်လို့ ဝင်လာရတာလဲ၊ အဲဒါလဲ မင်း လူကိုမေးစမ်းကြည့်ပါလား"

"ဟာ... ဦးရီးတော်ကလဲ သူက ဧည့်သည်တစ်ယောက်မဟုတ်လား၊ ဟန်ကြူးမြို့ကို အခုမှရောက်ဖူးတာပါ... ဒီဂေဟာကို ကြောဂေဟာမှန်းလဲ သူဘယ်သိမှာလဲ... နောက်ပြီး သူက ဦးလေးတို့ရဲ့အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေတဲ့သူပါ"

ရှန်ကျန်းသည် တူတော်မောင်မင်းဝါက အပြင်းအထန်ကန့်

www.burmeseclassic.com



ကွက်နေသည်ကိုကြည့်ပြီး ခေါင်းယမ်းနေသည်။

သို့သော် သူ၏မျက်နှာ၌မူ တင်းမာမှု လျော့ကျသွား၏။

ကြောဂိုဏ်းချုပ်ကြီး ရှန်ကျန်းက....

"ကောင်းပြီ... တစ်ကြိမ်တစ်ခါ မှားယွင်းတတ်ခဲ့တယ်လို့ ငါဆုံးဖြတ်လိုက်မယ်၊ ဒါထက် နေပါဦး... မင်းတို့ရဲ့ဂိုဏ်းချုပ်က ဘယ်သူလဲ"

ဝမ်ချိုင်းသည် ရှေ့သို့တိုးသွားလေသည်။

မင်းဝါနှင့်ယှဉ်၍ ရပ်လိုက်သည်။

"အဲဒါဟာ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးရဲ့ ထူးခြားချက်ပါပဲ ဗျာ... ဂိုဏ်းချုပ်ကြီး ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်တို့ဂိုဏ်းသား တွေ တစ်ယောက်မှမသိပါဘူးဗျာ"

ကြောဂိုဏ်းချုပ်ကြီးသည် မဲ့လိုက်သည်။

"ဟ... ဒီလိုဆိုရင် မင်းတို့က ဘယ်သူဘယ်ဝါမှန်းမသိတဲ့လူ တစ်ယောက်ကို ဂိုဏ်းချုပ်အဖြစ် ကိုးကွယ်နေရတာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"တခြားလူတစ်ယောက်ကဝင်ပြီး မင်းတို့ဂိုဏ်းချုပ် ဟန် ဆောင်လို့လဲ ရတာပေါ့"

"အဲဒီလိုတော့ မရပါဘူးခင်ဗျာ... ဂိုဏ်းချုပ်ကြီးဟာ ဘယ် သူ့ကိုတာဝန်တွေ ပေးထားတယ်ဆိုတာ မေးမြန်းစုံစမ်းပါတယ်...



နောက်ပြီး ဘာလုပ်သင့်တယ်ဆိုတာ လမ်းညွှန်မှုပေးပါတယ်... ဝင် ဟန်ဆောင်တဲ့လူဟာ ဒီအလုပ်တွေအားလုံးကို သိနိုင်မယ်လို့ ကျွန် တော်မထင်ပါဘူးခင်ဗျာ"

ဂိုဏ်းချုပ်ကြီးရှန်ကျန်းက....

"အကယ်၍ ကျုပ်တို့ကြောဂိုဏ်းက မင်းတို့ခြသေ့ဂိုဏ်းကို မိတ်ဆွေအဖြစ် ကမ်းလှမ်းလာခဲ့ရင် မင်းတို့ဂိုဏ်းက ကျုပ်တို့ဂိုဏ်းကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုနိုင်ပါ့မလား"

ထိုမေးခွန်းသည် ဖြေရန်မလွယ်သော မေးခွန်းဖြစ်သည်။ တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက်သော မေးခွန်းဖြစ်သည်။

ဝမ်ချိုင်းသည် သူ့သဘောနှင့်သူ လုံးဝမဖြေနိုင်ပါ။

"ဒီကိစ္စကို ကျွန်တော်မဖြေနိုင်ပါဘူးခင်ဗျာ... ကျွန်တော်တို့ ဟာ ဂိုဏ်းသားအဆင့်ပဲ ရှိပါတယ်... ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးရဲ့ သဘောထားကိုသိရမှ ကျွန်တော်ဖြေနိုင်မှာပါ"

ဂိုဏ်းချုပ်ကြီးရှန်ကျန်း၏စကားမှာ မကျော်ပါ။ တစ်ဘက် သားကို ရန်လိုသည့်သဘော ဆောင်နေသည်။

သူတို့အပေါ် မိတ်ဆွေဟု သတ်မှတ်လျှင်သတ်မှတ် မသတ် မှတ်လျှင် ရန်သူဟုသတ်မှတ်မည်ဟု ခြိမ်းခြောက်စကားပြောခြင်းပင် ဖြစ်သည်။

သူတို့ဂိုဏ်းက အင်အားကြီးနေသဖြင့် ဤသို့အထက်စီးမှ

www.burmeseclassic.com



တင်တင်စီးစီး ပြောခြင်းလည်း ဖြစ်ပါသည်။

စကြာဂိုဏ်းကို မိမိတို့ဂိုဏ်းချုပ်ကြီးက မည်သည့်နည်းနှင့်မျှ မိတ်ဆွေအဖြစ် လက်တွဲမည်မဟုတ်ချေ။

ဤသည်ကို ဝမ်ချိုင်းသိနေသည်။ စကြာဂိုဏ်းသည် အရမ်းလူသတ်သောဂိုဏ်းဖြစ်သည်။

အထက်လမ်းဂိုဏ်းတစ်ဂိုဏ်းသည် ဤသို့ လူများကို လျှောက်မသတ်ပါ။

ရှောင်လင်၊ ဝူတန်း၊ ခွန်းလွန်အစရှိသည့်ဂိုဏ်းကြီးများကို ကြည့်ပါ။ သူတို့ကြောင့် လူတစ်ယောက်မျှ အချိုးအနှိမ်မခံရသေးပါ။

စကြာဂိုဏ်းသည် နာမည်ပျက်ထားသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

ထိုဂိုဏ်းနှင့်ပူးပေါင်းပါက မိမိတို့ဂိုဏ်းပါ နာမည်ပျက်စရာ အကြောင်းများ ရှိနေသည်။

ဝမ်ချိုင်းက....

"ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးရဲ့သဘောထားကို ပြောရမယ် ဆိုရင်တော့ အခု ကျွန်တော်ပြောတာက ဂိုဏ်းချုပ်ကြီးလုပ်ဆောင်ခဲ့ တာတွေကို ပြန်ပြောပြတာပါ။ ဘယ်ဂိုဏ်းကိုမှ ရန်သူအဖြစ်သတ်မှတ်ခြင်းမရှိခဲ့သလို မိတ်ဆွေအဖြစ် ပူးပေါင်းတဲ့ဂိုဏ်းလဲ တစ်ဂိုဏ်းမှ မရှိပါဘူး"



ဝမ်ချိုင်းသည် ဂိုဏ်းချုပ်ကြီးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းကို ပြောပြလိုက်သည်။

"သြော်... မင်းဆိုလိုတာက မင်းတို့ဂိုဏ်းဟာ ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ဘူးလို့ ဆိုလိုတာပေါ့။ တစ်ဂိုဏ်းတည်းပဲ ထီးထီးနေတယ်ဆိုတဲ့ သဘောပဲပေါ့"

"ကျွန်တော့်အမြင်ကတော့ အဲဒီအတိုင်းပါပဲခင်ဗျာ... ဒါပေမယ့် ဂိုဏ်းချုပ်ကြီးရဲ့ အနာဂတ်မျှော်မှန်းချက်ကိုတော့ ကျွန်တော်မသိပါဘူး"

"ကောင်းပြီလေ... မင်းတို့သွားနိုင်ပြီ"

ရှန်ကျန်းက လက်ခါပြလိုက်၏။ နှင်ထုတ်သည့်သဘောပင်။

"ဦးရီးတော်... ကျွန်တော်တို့ပြန်ပါဦးမယ်"

ဝမ်ချိုင်းကလည်း....

"ဂိုဏ်းချုပ်ကြီး... ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျာ"

သူတို့သည် အသီးသီးဂါရဝပြုပြီး ဧည့်ခန်းထဲမှထွက်ခွာလာကြလေသည်။

သူတို့သည် စကြာဂိုဏ်းတောင်ကုန်းပေါ်မှ ဆင်းသက်ခဲ့ကြ၏။

မင်းဝါက ဝမ်ချိုင်းအား ကြည့်ကာ....

"ခင်ဗျား... ဘယ့်နှယ် ဒီဘက်ထွက်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းက ကြောဂေဟာကြီးကို သမင်လည်ပြန်ကြည့်လိုက်၏။

သူသည် မင်းဝါ၏အမေးကို ကြားဟန်မတူချေ။ သူ့စိတ်သည် ကြောဂေဟာသို့ရောက်နေ၏။

မင်းဝါသည် ဝမ်ချိုင်းကိုကြည့်ပြီး....

"ကျွန်တော်မေးနေတာကို ခင်ဗျားကြားရဲ့လား ဝမ်ချိုင်း၊ ခင်ဗျား ဘာတွေလှည့်ကြည့်နေတာလဲ... ဒီဂိုဏ်းက တကယ်ကြမ်းတဲ့ဂိုဏ်းဗျနော်"

ကြောဂိုဏ်းလူသတ်ကြမ်းသည်ကိုလည်း မင်းဝါ သိထားပေသည်။

ထိုအခါ ဝမ်ချိုင်းက မင်းဝါကိုကြည့်လိုက်ပြီး ဂေဟာကြီးနောက်မှ အဆောင်ငယ်များကို လက်ညှိုးထိုးပြလိုက်၏။

"မင်းဝါ... ဟိုအိမ်ကလေးကိုကြည့်စမ်း"

မင်းဝါက ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"အဲဒီအိမ်ကလေးတွေမှာ ဘယ်သူနေသလဲ"

"ဟာ... ကျွန်တော် ဘယ်သိပါ့မလဲ၊ ကြောဂိုဏ်းသားတွေနေတဲ့အဆောက်အအုံပဲ ဖြစ်မှာပါ... ခင်ဗျားကြည့်ရတာ တစ်ခုခုစိတ်ဝင်စားနေသလိုပဲ... ကျွန်တော့်ဦးရီးတော်ကို ခင်ဗျားစိတ်ဝင်စားတာ



မဟုတ်မှန်းတော့ ကျွန်တော်သိတယ်"

"ဟုတ်တယ်... ငါတစ်ယောက်ကို စိတ်ဝင်စားနေတယ်ကွ"

"ဘယ်သူများလဲဗျာ"

"မိန်းကလေးတစ်ယောက်ပဲ"

"ဗျာ...."

မင်းဝါ အံ့အားသင့်သွားလေ၏။ ဝမ်ချိုင်းကို ပြန်ကြည့်သည်။

"ဘယ်လိုဗျ... မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေတယ် ဟုတ်လား"

"အေးကွ... ဟုတ်တယ်၊ အဲဒီမိန်းကလေးကို စိတ်ဝင်စားနေတယ်"

"ဘယ်ကမိန်းကလေးလဲ"

မင်းဝါက ပြန်မေးသည်။

"အဲဒီအဆောင်တွေဆီကပဲပေါ့... ငါမသိလို့ မင်းကိုမေးနေတာ... မင်းက ပြန်မေးနေရတယ်လို့ကွာ"

မင်းဝါက ခေါင်းယမ်းလိုက်၏။

"ကြောဂိုဏ်းချုပ်ဟာ ကျွန်တော့်ဦးရီးတော် တော်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဘာမှသိတာမဟုတ်ဘူး၊ သူ့ကို ကျွန်တော် နှစ်ခါလားပဲ မြင်ဖူးတယ်၊ ဒီကြောဂေဟာဆိုတာကိုလဲ ကျွန်တော်တစ်

www.burmeseclassic.com



ခေါက်မှ မရောက်ဖူးဘူး... အခုတောင် ခင်ဗျား စောစောစီးစီး ဘယ်များသွားပါလိမ့်လို့ လိုက်ရှာတာဗျ"

"မင်းက ငါသွားရာကိုသိလို့ လိုက်လာတာလား"

"ပြောမယ်လေဗျာ... ခင်ဗျားကိုလိုက်ရှာရင်း အနောက်ဘက်ထဲမှာ ခင်ဗျားရန်ဖြစ်တယ်လို့သိရတယ်... ခင်ဗျားနဲ့ကျွန်တော်တွဲလာတာကိုမြင်တဲ့လူက ခင်ဗျားဟာ ကျွန်တော့်မိတ်ဆွေဆိုတာကိုသိပြီး ပြောပြလို့ သိရတာပါ... ခင်ဗျားဟာ အဲဒီမြေနီလမ်းအတိုင်း လျှောက်သွားတယ်ပြောလို့ ကျွန်တော်လဲ အပြေးလိုက်လာတာပါ"

"ဟုတ်တယ်ကွ... မင်းမိတ်ဆွေကြီး သံလက်ချောင်း ထန်တုရှောင်ပေါ့... ဒီကောင်တွေအုပ်စုက ငါ့ကို တော်တော်မကျေမနပ်ဖြစ်နေတာကလား... သူတို့ကိုကြည့်ရတာ ငါ့ကိုလူ့ပြည်မှာ သိပ်ထား ချင်ပုံမရဘူး"

ထိုအခါ မင်းဝါက ခွက်ထိုးခွက်လန်ရယ်တော့သည်။

"ဟား... ဟား... ဟား၊ သူတို့က ခင်ဗျားကို လူ့ပြည်မှာမ နေချင်ဘူး... မရှိမှာက သူတို့ဗျ၊ ထန်တုရှောင်ရဲ့တပည့်သုံးယောက် ရှုမလှ ဖြစ်သွားကြတယ် မဟုတ်လား"

ဝမ်ချိုင်းက ပခုံးကိုတွန့်လိုက်၏။

"မတတ်နိုင်ဘူးကွာ... သူတို့က ငါ့ကိုသတ်ဖို့ကြိုးစားတော့ လဲ ငါက တတ်နိုင်သလောက် ပြန်လုပ်လိုက်ရတာပဲကွာ... ငါမလုပ်



ချင်ပါဘူး"

သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လျှောက်လာရာ မကြာမီ ဟန်ကြူးမြို့တွင်းသို့ ပြန်လည်ရောက်ရှိလာကြလေတော့သည်။

"လာဗျာ... ကျွန်တော်တို့ ဒီဆိုင်ထဲ ဝင်ကြရအောင်"

မင်းဝါက ဆွဲခေါ်သဖြင့် ဝမ်ချိုင်းပါသွားရသည်။ လူရှင်းသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပင် ဖြစ်သည်။ သူတို့သည် ထိုင်ခုံတွင် ထိုင်မိကြ၏။

မင်းဝါက....

"ဒီကောင့်အကြောင်း ကျွန်တော်သိတယ်ဗျ... ဒီကောင် ခင်ဗျားကိုငြိုးသွားတာကိုတော့ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

ဝမ်ချိုင်းက....

"ဘာငြိုးတာလဲကွ"

မင်းဝါက ရှင်းပြသည်။

"ကျွန်တော်က ထန်တုရှောင်အကြောင်း ပြောနေတာဗျ၊ ကျွန်တော့်အတွက်နဲ့ ပတ်သက်ပြီး ခင်ဗျားထန်တုရှောင်နဲ့ ရန်ဖြစ်ရတာ မဟုတ်လား၊ ဒီကောင်က အင်မတန် အငြိုးကြီးတဲ့ကောင်ဗျ... ခင်ဗျား အသက်မသေမချင်း ဒီကောင် အန္တရာယ်ပေးနေမှာပဲ"

ဝမ်ချိုင်းက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဝါ၏ပခုံးပေါ် လက်တစ်ဖက်တင်လိုက်သည်။

"ငါ့အတွက် စိတ်မပူပါနဲ့ကွာ... စိတ်မကောင်းလဲ ဖြစ်မနေပါနဲ့... သူက အခဲမကြေတော့ ငါလဲ ဘာတတ်နိုင်မှာလဲ၊ မင်း ငါ့ကိုအပြီးမထားပါနဲ့ကွာလို့ သွားတောင်းပန်ရမှာလား။ ဒါနဲ့နေပါဦး... မင်းဦးလေးမှာ သမီးချောချောလှလှကလေးတွေများ မရှိဘူးလား"

မင်းဝါသည် ဆတ်ခနဲ ပြန်ပြောသည်။

"ဟာ... ကျွန်တော် ဦးရီးတော်ဟာ လူပျိုကြီးဗျ... သူက အိမ်ထောင်မပြုချင်လို့ကို မပြုတာ၊ မိန်းမရှိတာမှ မဟုတ်ဘဲ... ဘယ်ကလာပြီး သမီးချောချောလှလှလေး ရှိရမှာလဲ"

ဝမ်ချိုင်း အစဉ်းစားရကျပ်သွားလေသည်။ ဝိုဏ်းချုပ်ကြီး၏ သမီးလည်း မဟုတ်။

သူတွေ့မြင်ခဲ့ရသောမိန်းကလေးသည် ဘယ်သူ၏သမီးဖြစ်မည်နည်းဟု သူတွေးနေလေ၏။

"ဝမ်ချိုင်း... ခင်ဗျား ဘာတွေစဉ်းစားနေတာလဲ"

မင်းဝါက မေးလိုက်၏။

ဝမ်ချိုင်းက....

"ငါ စဉ်းစားနေတာကတော့ ငါတွေ့ခဲ့တဲ့မိန်းကလေးပဲ"

ဝမ်ချိုင်းသည် မိန်းကလေးကိုတွေ့ရပုံကို မင်းဝါအား အစအဆုံး ပြောပြလေ၏။



မင်းဝါသည် တိုအကြောင်းများကို ကောင်းစွာ နားထောင်သည်။ လုံးဝအံ့သြခြင်း မရှိပါ။

အဘယ်ကြောင့်ဆိုသော် ကြောဂိုဏ်းထဲ၌ မိသားစုများ မြောက်မြားစွာ ရှိနေပါသည်။

ထိုမိသားစုထဲမှာ မိသားစုတစ်စု၏သမီးသာ ဖြစ်ရပေလိမ့်မည်။

"ဒါကတော့ဗျာ... ကြောဂိုဏ်းမိသားစုထဲက သမီးတစ်ယောက်ယောက် ဖြစ်မှာပေါ့... သူဆိုတဲ့သီချင်းကလဲ သူ့မှာခံစားချက်တစ်ခုခုရှိလို့ ဖြစ်မှာပေါ့ဗျာ"

မင်းဝါက ခပ်ပေါ့ပေါ့ပင် ဖြေလိုက်သည်။

ဝမ်ချိုင်းက....

"အင်း... မင်းပြောသလို ဖြစ်နိုင်ကာပဲ၊ ကဲ... ဒီကိစ္စထားပါတော့... ငါ မင်းကိုတစ်ခုမေးချင်တယ်"

"မေးပါ... ကျွန်တော်သိသမျှ ဖြေရမှာပေါ့"

"ငါ ဒီကိုရောက်လာတဲ့ရည်ရွယ်ချက်က မင်းတို့ဦးလေးလိုလူနဲ့ရကိစ္စပဲ... ဒီအကြောင်းတွေကို ငါသိချင်တယ်၊ ငါ့စိတ်ထဲမှာထင်နေတာက လုံထန်ဟာ ဒီမှာနေတုန်းက ရန်ငြိုးတစ်ခုခုရှိသွားလိမ့်မယ်လို့ ငါထင်ထားခဲ့တယ်၊ အခု ငါစုံစမ်းကြည့်တော့ သူ့မှာဘာရန်ငြိုးမှမရှိဘူး။ အဲဒီတော့ မင်းအနေနဲ့ဝင်စဉ်းစားပေးစမ်းပါကွာ၊ သူ့မှာ ဘယ်

www.burmeseclassic.com



လိုရုန်ပြိုးတွေရှိမလဲလို့ အဲဒါတွေ စုံစမ်းမရရင်တော့ ငါဟန်ကြုံးမြို့ ကိုလာတာ သက်သက်အချိန်ဖြုန်းသလိုဖြစ်နေတော့မှာပဲ"

မင်းဝါသည် ခေတ္တတွေဝေ စဉ်းစားနေသည်။ ဦးလေးလုံ ထန်တို့ကို အပြိုးထားနိုင်သူများကို စဉ်းစားနေခြင်း ဖြစ်သည်။

သို့သော် ဦးလေးလုံထန်တို့အား အသက်သေသည်အထိ မုန်းတီးသည့်သူများကို စဉ်းစား၍မရပါ။

"ကျွန်တော်ကတော့ ဘာမှမစဉ်းစားတတ်ဘူးဗျာ... တစ်ခု စဉ်းစားမိတာတော့ ရှိတယ်... သူလဲ ရတနာကုန်သည်ပဲ မဟုတ် လား၊ ရတနာအရောင်းအဝယ်ကိစ္စနဲ့ ပတ်သက်လို့ သူနဲ့မပြေလည်တဲ့ လူတွေ ရှိချင်ရှိမှာပေါ့၊ အဲဒီလူတွေကလဲ လုပ်ကြံနိုင်ပါတယ်"

သူတို့သည် စကားမပြောဖြစ်ကြတော့ပေ။ လက်ဖက်ရည် သောက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ငေးနေကြသည်။

အတန်ကြာမှ မင်းဝါက....

"ကျွန်တော့်အနေနဲ့ စဉ်းစားမိတာ တစ်ခုရှိတယ်"

"မင်းစဉ်းစားမိတာကို ပြောပါကွာ"

"အခုခင်ဗျား ကြေးစားလူသတ်သမားတစ်ယောက်ကို ဖမ်း မိထားတယ် မဟုတ်လား"

"ဖမ်းမိထားတယ်... ကြေးစားလူသတ်သမား နာမည်က တော့ ကွေအော်ရောင်ပဲ၊ မင်းလဲသိပြီးသားပဲ... ငါသူ့ကိုအစာရေစာ



မပေးဘဲ ထုပ်တန်းမှာ ဆွဲနိုင်းထားလိုက်တာ မင်းသိတယ်မဟုတ် လား"

"သိပါတယ်ဗျာ"

"ငါလုပ်တာ သဘောပေါက်ရဲ့လား... အစာရေစာ မစားရ ရင်လူဟာ စိတ်ဓာတ်ရော ကိုယ်ဓာတ်ရော ကျသွားတာပဲကွ... တိ ရစ္ဆာန်တွေ ယဉ်ပါးအောင်လေ့ကျင့်တာကို မင်းသိရဲ့လား... အစာအ တော်ထားတာ... နောက်မှတဖြည်းဖြည်း အစာပေး... နောက်လေ့ ကျင့်ယူ... အဲဒီလိုပေါ့ကွာ"

"ကွေအော်ရောင်ကို ခင်ဗျားရိုက်စစ်လိုက်ရင် အဖြေပေါ် လာမှာပဲဗျ"

"ရိုက်မစစ်ချင်လို့ ထုပ်တန်းမှာ ဆွဲနိုင်းတာပေါ့ကွာ"

"ခင်ဗျားအကြမ်းမကိုင်ရင်တော့ ရမှာမဟုတ်ဘူး"

မင်းဝါသည် လွယ်လွယ်ကလေး ပြောနေခြင်း ဖြစ်သည်။ အလုပ်ကတော့ မလွယ်ကူပေ။

ကြေးစားလူသတ်သမားများသည် အလုပ်ရင်ပေါ်၍ မည် သည့်အခါမျှ သစ္စာဖောက်ခြင်းမရှိကြချေ။ သတ်သေခွင့်ရသွားလျှင် သတ်သေသွားကြသည်။

"မင်းပြောသလို မလွယ်ဘူးကွ... ကြေးစားလူသတ်သမား တို့တဲ့ကောင်တွေဟာ အင်မတန် ခေါင်းမာကြတာကွ... သူတို့အင်မ

www.burmeseclassic.com



တန် ခေါင်းမာကြလို့လဲ ကြေးစားလူသတ်သမားတွေ ဖြစ်လာကြတာပဲ"

"ဒါဖြင့် ခင်ဗျား ဘာလုပ်မယ်စိတ်ကူးထားသလဲ"

ဝမ်ချိုင်းက ပန်းတွန့်၍ ပြောလိုက်သည်။

"ငါ မနက်ဖြန် ဟိုနန်းမြို့ကိုပြန်မယ်"

မင်းဝါသည် အံ့ဩသွားလေ၏။

"ဟာ... ခင်ဗျားကလဲ ဒီမြို့မှာ ပွဲအောင်တောင် မစုံစမ်းရသေးဘူး... ဟိုနန်းပြန်လို့ ဘယ်ဖြစ်မှာလဲဗျ"

"ဖြစ်ပါတယ်ကွာ... ငါ့အလုပ် ငါသိပါတယ်... ဟိုမှာလုပ်စရာအလုပ်တွေ ရှိသေးတယ်ကွ"

ဝမ်ချိုင်းက ထိုသို့ပြောလိုက်သောအခါ မင်းဝါ ပါးစပ်ပိတ်သွားလေတော့၏။

---

# အခန်း(၉)

## ကောက်ကျစ်သောအကြံ

"နင် ဘာတွေလျှောက်လုပ်နေတယ်ဆိုတာ ငါ့ကိုပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဟိုဖုံး ဒီဖုံးလုပ်မနေစမ်းပါနဲ့... အဖြစ်မှန်တွေအားလုံး ငါသိချင်တယ်"

အသံက ကျယ်လောင်လှ၏။ ဒေါသသံ ပါနေသည်။ ဒေါသထွက်နေသဖြင့် အသံကျယ်လောင်သွား၏။

သို့သော် ဧည့်ခန်းမကြီးအတွင်း၌ လူတစ်ယောက်မျှ မရှိပါ

www.burmeseclassic.com



ချေ။

ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ဒေါသနှင့်အော်ဟစ်လိုက်သူမှာ စကြာဂိုဏ်းချုပ်ကြီး ရန်ကျန်းပင်ဖြစ်သည်။

သူ၏ရှေ့တွင် ညှိုးငယ်သောမျက်နှာဖြင့် ထိုင်နေသူတစ်ဦးရှိ၏။

သူမကား ရန်ကျန်း၏ညီမဖြစ်သူ ရှမ်းကီးပေတည်း။

ရန်ကျန်းနှင့်ရှမ်းကီးမှာ မောင်နှမနှစ်ယောက်ဖြစ်သည်။

ပြေးကြည့်မှ သည်မောင်နှမနှစ်ယောက်သာ ရှိသည်။ မောင်နှမအရင်းအချာများ ဖြစ်ကြသည်။

ရန်ကျန်းသည် အကြံကြီးသူဖြစ်၏။ အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားချေ။

သိုင်းလောက၌သာ ကျင်လည်ကျက်စားလိုသည်။

သူ၏ကြီးမားသောစိတ်ဆန္ဒကား သိုင်းလောကကြီးတစ်ခုလုံးကို အုပ်စိုးမင်းမူရန်ပင်တည်း။

အထင်နှင့်လက်တွေ့သည် တခြား စီဖြစ်လေ၏။

သူသည် စကြာဂိုဏ်းကြီးကို တည်ထောင်လိုက်သည်။

ဂိုဏ်းကြီး၏ရက်စက်မှုကြောင့် အတော်အတန် အောင်မြင်မှုရလာသည်။

ရန်ကျန်းက သူ့ဂိုဏ်းကြီးကို ဂိုဏ်းအသီးသီးက ရိုသေလေးစားဦးညွှတ်ရသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်စေချင်သည်။



သို့သော် သူ့အထင်သည် လက်တွေ့ဘဝတွင် ဘာမှုဖြစ်မလာချေ။

လက်တွေ့တွင် သူ့ဂိုဏ်းကို အချို့ဂိုဏ်းများက ဆက်ဆံနေကြသော်လည်း လုံးဝမကြီးကြချေ။

ခြသေ့်ဂိုဏ်းကဲ့သို့ပင် သေးငယ်လှသော ဂိုဏ်းကလေးများကပင် အထင်မကြီးချေ။

အဘယ်ကြောင့်ဆိုသော် စကြာဂိုဏ်းသည် ရက်စက်သည်။ ကြမ်းကြုတ်သည်။

အောက်လမ်းဂိုဏ်းဖြစ်သည်ဟူ၍ နာမည်ပျက်ရှိနေသောကြောင့်တည်း။

ဤသို့ဖြင့် ဂိုဏ်းချုပ်ကြီးရန်ကျန်းသည် ကြိတ်မနိုင်ခဲမရ ဒေါသူပုန်ထနေရလေ၏။

ရန်ကျန်း၏ညီမ ရှမ်းကီးကား မည်သို့သော မိန်းမစားပေနည်း။

ရှမ်းကီးသည် ငွေကြေးချမ်းသာချင်သည်။ ကြီးပွားချင်သည်။

အခြားသူများ ကြီးပွားသည်ကို အားကျသည်။ အခြားသူများ ကြီးပွားချမ်းသာသည်ကို မနာလိုဖြစ်သည်။ ထို့ပြင် သူမသည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသလည်းကြီး၏။

သို့သော် ဟန်ဆောင်အလွန်ကောင်းသည်။

သူမ၏ မနာလိုဝန်တိုစိတ်၊ ဒေါသစိတ်ကို အခြားသူများ သိရှိသွားမည်ကို အလွန်စိုးသည်။

ထို့ကြောင့် သူမ၏စိတ်အရင်းအမှန်ကို အပြုံးမျက်နှာဖုံးဖြင့် ကွယ်ဝှက်ခဲ့သည်။

သူမ၏မျက်လုံးများကို အသေအချာကြည့်လျှင် ထိုမနာလိုဝန်တိုမှုနှင့် ဒေါသစိတ်ကိုတွေ့ရှိနိုင်သည်။

ယခု သူမသည် မျက်နှာမသာမယာနှင့် သူ့အစ်ကိုရှန်ကျန်းရှေ့သို့ ရောက်ရှိနေရလေပြီ။

ရှန်ကျန်းသည် ညီမဖြစ်သူကို အော်ဟစ်ငေါက်ငမ်းနေ၏။ သူမ ဘာမျှမပြောနိုင်ပါ။

သူမ၏ရင်ထဲ၌ရှိသောစကားများကို သူမ၏အစ်ကိုအားဖွင့်ပြောမည်ဟု ဆုံးဖြတ်ပြီးလာခဲ့သော်လည်း ဘယ်ကစပြောရမည်မှန်း သူမ မသိဘဲရှိနေသည်။

"ရှမ်းကီး...."

ရှန်ကျန်းက ခေါ်လိုက်၏။

"ရှင်... အစ်ကိုကြီး"

"နင်တို့မိသားစုတွေ ဘာတွေဖြစ်နေသလဲ ငါ့ကိုပြောစမ်း



ပါ... ကသောင်းကနင်းကိုဖြစ်လို့ ငါကြားရတဲ့သတင်းတွေက မကောင်းဘူး နင်ဘာတွေ လုပ်နေသလဲ"

ရှန်ကျန်းသည် ဒေါသနှင့်အော်ဟစ်နေလေ၏။

"အစ်ကိုကြီး ဘာတွေကြားလို့လဲ"

"နင်က ငါမြို့ပြင်မှာနေတယ်ဆိုပြီး မျက်စိမမြင် နားမကြားဘူးထင်လို့လား"

ရှမ်းကီး ခေါင်းငုံ့နေသည်။ မျက်ရည်များ တွေတွေကျဆင်းလာသည်။

"ငါ ဘာကြားရမှာလဲ... ဟန်ကြူးတစ်မြို့လုံး လုံဂေဟာဆိုတာ အင်မတန်ချမ်းသာတယ်လို့ လူတိုင်းသိနေကြတယ်။ အခု နင့်မှာငွေတစ်ပြားမှ မရှိတော့ဘူးလို့ တစ်မြို့လုံးက ပြောနေကြပြီ"

"သူ... သူတို့..."

"ဘာလဲ.. သူတို့ညာပြောတယ်လို့ ပြောမလို့လား"

"မ... မဟုတ်ပါဘူး"

"သူတို့ညာပြောတာ မဟုတ်ဘူး... အမှန်တွေကို ပြောကြတာ... အခု နင်လုံဂေဟာကြီးကို ပေါင်ထားရတယ်မဟုတ်လား အဲဒါဟန်ကြူးတစ်မြို့လုံးသိနေတဲ့ကိစ္စ... ဘာဖြစ်လို့ ပေါင်ထားရတာလဲ... ငါ့ကိုပြောစမ်း"

ရှမ်းကီးမှာ မျက်ရည်များသာ စီးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျန်းသည် ညီမဖြစ်သူ ငိုနေသည်ကိုမြင်သောအခါ စိတ်မကောင်းဖြစ်သွားသည်။ လေသံလည်း ပျော့သွားသည်။

ညီမစီးပွားရေးကျ၍ ဆင်းရဲသွားလျှင် မိမိလည်း သိက္ခာကျမည်ကို ရန်ကျန်းတွေးမိလေ၏။

သူမ၏ စီးပွားရေးကို မိမိ၏စကြာဂိုဏ်းကြီးက ဖေးမထောက်ကူသင့်သည်ဟုလည်း တွေးမိသည်။

"ဒီမှာ ရှမ်းကီး...."

"ရှင်...."

"ငါ့ကို ဘာတစ်ခုမှမထိန်ဝှက်ဘဲ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဘာလဲ... လုံကျန့်ပေဝါးဟာ ဘာစီးပွားရေးမှ မလုပ်တော့ဘူးလား... သူမလုပ်ရင်လဲ နင်တို့မှာရှိတဲ့ပစ္စည်းတွေဟာ သုံးလေးသက်ဆိုင်စားလို့မကုန်ပါဘူးဟာ"

"သူက အရောင်းအဝယ်လုပ်နေပါတယ်"

"သူအရောင်းအဝယ်လုပ်နေရက်သားနဲ့ ဘာဖြစ်လို့ နင်တို့တွေကုန်ရတာလဲဟင်၊ ငါတော့ စဉ်းစားလို့ကိုမရဘူး"

ရှမ်းကီးမှာ မျက်ရည်သုတ်နေသည်။

"ဒါဖြင့် နင့်သား အရှမ်းသုံးဖြုန်းနေလို့လား"

ရန်ကျန်းသည် မင်းဝါအသုံးအစွဲကြမ်း၍ ရှမ်းကီးတို့စီးပွားပျက်ရသည်ဟုထင်၍ မေးလိုက်၏။



"မင်းဝါ မသုံးပါဘူးအစ်ကိုကြီး"

ရန်ကျန်းသည် ညီမဖြစ်သူကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။ စိတ်ထဲတွင်လည်း မချင့်မရဲ ဖြစ်လာသည်။

"ရှမ်းကီး လောကကြီးထဲမှာ နင်နဲ့ငါနဲ့မောင်နှမ နှစ်ယောက်တည်းပဲ ရှိတယ်... နင် ငါ့ကိုမတိုင်ပင်လို့ နင်က ဘယ်သူ့သွားတိုင်ပင်ဦးမှာလဲ... ဘာလဲ ဒီငွေတွေကို နင်သုံးဖြုန်းလို့ကုန်ပြီလား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

ရှမ်းကီးက မျက်ရည်သုတ်၍ ပြောလိုက်လေ၏။

ရန်ကျန်းသည် စိတ်ထဲတွင် အလွန်အမင်း အံ့သြသွားသည်။

သို့သော် မည်သို့သုံးပစ်သည်ကို သိချင်သောကြောင့် မျက်နှာကို အချိုသာဆုံးထား၍ ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား ကိုယ့်ဟာကိုယ် သုံးပစ်တာပဲ၊ ဘာဝမ်းနည်းစရာရှိသလဲ ရှမ်းကီးရယ်... ကဲ... ပြောစမ်း... ငါ့ညီမ ဘာတွေသုံးပစ်သလဲ"

"ကျွန်မ ကြေးစားလူသတ်သမားတွေကို ငှားတယ်"

"ဘုရားရေ...."

"ကြေးစားလူသတ်သမားတွေ ငှားတာ ငွေရှစ်သောင်းကုန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား... ဘုရား"

ရှန်ကျန်း ဘုရားတသွားသည်။ ထိတ်လန့်သွားသည်။

ရှန်ကျန်းက....

"ကြေးစားငှားတယ်ဆိုတော့ နင့်မှာ ရန်သူရှိနေလို့ပေါ့...နင် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ သူများတကာတွေ သိသွားရင် နင့်အတွက်ကော ငါ့အတွက်ပါ ဘယ်လောက်အထိ သိက္ခာကျတယ်ဆိုတာ နင်မသိဘူးလား၊ နင် ငါ့ကိုအစကတည်းက တိုင်ပင်ပါတော့လား...အဲ ဒီကိစ္စကို ငါဖြေရှင်းပေးမှာပေါ့... နင်ဘယ်သူ့ကိုသတ်ခိုင်းတာလဲ"

"လုံထန်မိသားစု"

"ဘာ...လုံထန်မိသားစု ဟုတ်လား... နင့် ခြံဝင်းထဲမှာနေသွားတဲ့လူ မဟုတ်လား၊ လုံကျန်ပေဝါးရဲ့ညီ မဟုတ်လား... နင့်ဥစ္စာက ဟုတ်မှလုပ်စမ်းပါကွယ်"

"ဟုတ်တယ်... လုံထန်မိသားစု... အဲဒီမိသားစုကို ကျွန်မ လုံးဝမကျေနပ်ဘူး... သူတို့က အစက ကျွန်မတို့နဲ့အတူ လာနေကြတယ်... နောက်တော့ ကြီးပွားချမ်းသာသွားရော အဲဒီအခါမှာ ကျွန်မတို့ကို လုံးဝသောက်ဂရုမစိုက်ဘူးတဲ့၊ ဒီသတင်းတွေကြားတော့ ကျွန်မ မခံချင်ဖြစ်မိတယ် အစ်ကိုကြီး"

ရှန်ကျန်းသည် ဒေါသဖြစ်သွားလေ၏။



"ဩော်... သူတို့က ငါတို့ကိုတောင် သောက်ဂရုစိုက်စရာမလိုဘူးလို့ ပြောတယ် ဟုတ်လား"

ကိုယ့်နှမနှင့်ပတ်သက်လာတော့လည်း အစ်ကိုဖြစ်သူမှာ ဒေါသဖြစ်သွားရသည်။ မခံချင်စိတ်လည်း ဖြစ်ပေါ်လာသည်။

"နေပါဦး... သူတို့ကြီးပွားချမ်းသာအောင် နင်တို့ကပဲ အရင်းအနှီးစိုက်ထုတ်ပေးတာ မဟုတ်လား၊ ရတနာကုန်သည်ဖြစ်အောင် သင်ပြခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး... သူတို့ကို ချောင်လည်အောင်လို့ နည်းပေးလမ်းပြလုပ်ခဲ့တာပါ။ သူတို့က ကျေးဇူးမသိတဲ့လူတွေဆိုတော့ ကျွန်မတို့နဲ့ရောင်းဝယ်တဲ့ကုန်သည်တွေကို သူတို့ကစည်းရုံးသွားတယ်၊ ကျွန်မတို့ရဲ့စီးပွားရေးကို ကျဆင်းအောင်လုပ်တယ်"

ဤသည်မှာ မမှန်ပါ။

လုံထန်တို့ကို လုံကျန်ပေဝါးက ရတနာကြည့်သည့် နည်းကလေးပင်မပြပါ။ ဟင်းစားသာ ပေးခဲ့ပါသည်။

သူသည် သူ့ခြံဝင်းထဲ၌ စောင့်ရှောက်ပေးကမ်းခဲ့ပါသည်။

ရတနာရောင်းဝယ်သည့်နည်းပညာကို မသင်ပြခဲ့ပါ။ အရင်းအနှီးထုတ်ပေးသည်ဆိုသည်မှာလည်း မဟုတ်ပါ။

သူတို့သည် လုံထန်ကို တစ်ပြားတစ်ချပ်မျှ ထုတ်မပေးခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်မှာ လုံထန်၏လှေလှော်ဘက် မိတ်ဆွေတစ်ယောက်သည် ရတနာအရောင်းအဝယ်ဖြင့် အောင်မြင်စွာ အသက်မွေးနိုင်ခဲ့သည်။

သူသည် သူ့မိတ်ဆွေလုံထန်ကို သတိရလာသည်။

လုံထန်သည် သူနှင့်ဆင်းရဲဖော်ဆင်းရဲဘက် မိတ်ဆွေကောင်းဖြစ်သည်။

သူ့မရှိကိုယ်စား ကိုယ့်မရှိသူစား စိတ်ထားမျိုးရှိသည်။ ရဲဘော်ရဲဘက်စိတ် ရှိသည်။

ထို့ကြောင့် သူသည် လုံထန်ရှိရာသို့ရောက်လာပြီး ခေါ်ဆောင်သည်။

ရတနာကြည့်နည်း။ အကဲဖြတ်နည်း။ ဈေးဖြတ်နည်းတို့ကို သင်ကြားပေးသည်။

လုံထန်က ပညာရပ်များကို တတ်မြောက်သောအခါ သူက အရင်းအနှီးထုတ်ပေးသည်။

ဤသို့ဖြင့် လုံထန်ကြီးပွားလာခြင်းဖြစ်ပေသည်။

"သူဟာ ကျွန်မတို့ကို စီးပွားကျဆင်းအောင် လုပ်ခဲ့ရုံမကဘူး ကျွန်မတို့မိသားစုဟာ စိတ်ထားယုတ်ညံ့ပါတယ်လို့ တခြားလူတွေကို ပြောခဲ့ပါသေးတယ်၊ ဒီတော့ ရတနာကုန်သည်တွေက လုံ



ကျန်ပေဝါးကို မယုံကြတော့ဘူးပေါ့... ဒါဟာ သက်သက်စော်ကားတာမဟုတ်လို့ ဘာလဲ"

သူမ၏စကားများမှာ မုသားများရည်းသာ ဖြစ်သည်။ ရှန်ကျန်း၏မျက်နှာကြီး နီလာသည်။

ဤမျှယုတ်ညံ့သောမိသားစုကို အရှင်ထား၍မကောင်းတော့ပေ။

"ဒါနဲ့နင်က ကြေးစားတွေ ငှားရောဆိုပါတော့"

"ဒါပေါ့အစ်ကိုကြီးရယ်... သူတို့နဲ့ကျွန်မတို့ဟာ တစ်မြို့စီမှာနေတာပါ... မြို့ချင်းလဲမတူပါဘူး... ဒါပေမယ့် သူတို့က တစ်မြို့မှာနေပြီး စော်ကားနေတယ်... ကျွန်မကြေးစားတွေငှားတာဟာ ငှားတာပါပဲ... ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာခြသေ့ဂိုဏ်းရဲ့ အကူအညီနဲ့ ကျွန်မတို့ရဲ့ကြေးစားနှစ်ယောက်ကို သတ်ပစ်လိုက်တယ်၊ တစ်ယောက်ကိုတော့ ဖမ်းထားတယ်"

ရှန်ကျန်းသည် ရှမ်းကီးအား ဆတ်ခနဲကြည့်လိုက်သည်။

"ဖမ်းထားတယ် ဟုတ်လား"

"ဟုတ်ကဲ့... တစ်ယောက်က ဖမ်းမိထားတယ်လို့ပြောပါတယ်"

"ဟာ... ဒုက္ခပဲ၊ အဲ... ကြေးစားလူသတ်သမားက ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောဘူးလို့ နင်ထင်နေသလား၊ ဖွင့်ပြောရင် နင့်လက်ချက်မှန်း သိသွားမှာပေါ့"

ရှမ်းကီးက မဲ့ပြုံးပြုံးလိုက်၏။

"ဒီအတွက် မပူပါနဲ့အစ်ကိုကြီးရယ်… ကြေးစားက ဖွင့်ပြောသည့်တိုင်အောင် ကျွန်မနာမည်ကို မပြောပါဘူး၊ လုံကျွန်ပေဝါးရဲ့နာမည်ကိုပဲ ပြောမှာပါ၊ ဒီကိစ္စကို ကျွန်မကြိုတွက်ပြီးသားပါ… အခုသူတို့ကြေးစားကိုမိသွားပြီ… ကြေးစားကလဲ လုံကျွန်ပေဝါးခိုင်းတာလို့ ထွက်ဆိုမှာပါ… အစကတည်းက ကျွန်မသင်ပေးထားပါတယ်"

ရှန်ကျုန်း သက်ပြင်းချလိုက်၏။

"ရှမ်းကီး… နင်လုပ်တာတွေ မဟုတ်သေးဘူးနော်၊ ကဲ… လုံကျွန်ပေဝါးက ဒီကိစ္စမှာ သူမလုပ်တာမဟုတ်ပါဘူးလို့ ငြင်းရင်ကော… မိန်းမရှမ်းကီး စီစဉ်တာပါလို့ငြင်းရင် နင်ဒုက္ခမရောက်ဘူးလား"

သူမက မဲ့ပြုံးပြုံးလိုက်၏။

"သူ ဘယ်တော့မှ အဲဒီလိုမပြောရဲဘူး အစ်ကိုကြီး… အစ်ကိုကြီးကသာ တစ်ခွန်းလောက်ခြိမ်းခြောက်လိုက်ရင် ရှိသမျှအပြစ်တွေ သူလုပ်တာပါလို့ ဝန်ခံမှာပါ"

သူမ၏စကားကို ကြားရသောအခါ ရှန်ကျုန်း သက်ပြင်းချ



လိုက်သည်။

ရှမ်းကီး၏မျက်နှာကိုလည်း စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ လေသံအေးအေးဖြင့် ပြောသည်။

"အလုပ်တစ်ခုကို စဉ်းစဉ်းစားစားလုပ်ပါ ရှမ်းကီးရယ်… လုံကျွန်ပေဝါးဟာ နင့်အပေါ်မှာ တကယ်ကောင်းပါတယ်… သူဟာအားလုံးကို သိမ်းကြုံးလုပ်ခဲ့တာ ငါသိတယ်… သူကြိုးစားရှာဖွေခဲ့တဲ့ ပစ္စည်းတွေဟာ နည်းတဲ့ပစ္စည်းတွေမဟုတ်ဘူး… သူအဲဒီလို ကုန်းရုန်းရှာဖွေခဲ့လို့လဲ နင် ဒီလိုနေနိုင်ခဲ့တာ မဟုတ်လား၊ ဒီတော့ နင်ကနေရာတကာမှာ သူ့ရဲ့အားနည်းချက်ကိုကိုင်တာဟာ ကောင်းတယ်မကောင်းဘူး စဉ်းစားပါဦးလား၊ နင်ဟာ သူ့အားနည်းချက်ကို အကြောင်းပြုပြီး အနိုင်ကျင့်နေမယ်ဆိုရင် သူမခံနိုင်တဲ့တစ်နေ့မှာ အားလုံးဒုက္ခရောက် သွားနိုင်တယ်"

ထိုစကားကြောင့် ရှမ်းကီး ခေတ္တခဏငြိမ်သွားသည်။

သူက ဤသို့မပြောပေ။ လုံထန်တို့မိသားစုအား သတ်ဖြတ်ပေးရန် ပြောသည်။ ဤမျှ မနာလိုဝန်တိုမှုရှိသော မိန်းမပါပေ။

ရှန်ကျုန်းသည် ခြသေ့်ဂိုဏ်းအကြောင်း တွေးတောနေလေသည်။ ခြသေ့်ဂိုဏ်းအတွက် တွေးတောခြင်းမဟုတ်ပါ။

ခြသေ့်ဂိုဏ်းအား မည်သို့အပိုင်အနိုင်ကိုင်ရမည်ကို တွေး

www.burmeseclassic.com

www.burmeseclassic.com



တောနေခြင်းဖြစ်ပါသည်။

မနက်ပိုင်းက စကြာဝေဟာသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။

ရောက်ရှိလာသောဧည့်သည်မှာ ပင်လယ်ဗျိုင်းခုကျိုင်း ဖြစ်သည်။

ခုကျိုင်းသည် သူ့မိတ်ဆွေဖြစ်၏။

သူသည် မနက်က ခုကျိုင်းနှင့် စကားပြောနေစဉ် သူ့ကိုဏ်းသားသုံးဦးက ဝမ်ချိုင်းကိုခေါ်ယူလာခဲ့သည်။

ဧည့်ခန်းဆောင်အတွင်းသို့ ခေါ်လာခဲ့သည်။

ဝမ်ချိုင်းကိုတွေ့သောအခါ ခုကျိုင်းက သူ့နား‌နားသို့ကပ်၍ တိုးတိုးပြောသည်။

"အဲဒီကောင်ကို သတိထားဗျ"

"ဘယ်အကောင်လဲ"

"ခင်ဗျားလူတွေ ခေါ်လာတဲ့အကောင်လေ... ဒီကောင်ဟာ ဟိုနန်းမြို့မှာ နာမည်ကြီးနေတဲ့ ခြသေ့ဂိုဏ်းသားတစ်ယောက်ပဲ... သူ့ နာမည်က ဝမ်ချိုင်းတဲ့... အဲဒီကောင်ဟာ မဆိုးဘူးလို့သိရတယ်... ခြသေ့ဂိုဏ်းထဲမှာ တော်တော်အရေးပါ အရာရောက်တယ်... ဒီမြို့ဘက်ကိုစွန့်ရောက်လာတယ်ဆိုတာတော့ နည်းနည်းစုံစမ်းဖို့ ကောင်းတယ်ဗျ"

ပင်လယ်ဗျိုင်း ခုကျိုင်းက ထိုသို့ သတိပေးခဲ့သည်။

ပင်လယ်ဗျိုင်း ခုကျိုင်းဆိုသူကလည်း ကောင်းသောသိုင်းသမားမဟုတ်။ အောက်လမ်းသိုင်းသမားသာ ဖြစ်သည်။

သူတို့သည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်နေကြသည်။ ယခု သူတွေးနေသည်။

သူသည် လိုထန်၏ကိစ္စကိုကိုင်လျှင် ခြသေ့ဂိုဏ်းနှင့် တစ်နေ့နေ့ တစ်ချိန်ချိန် ရင်ဆိုင်တွေ့ရမည်ဆိုသည့်အချက်ကို တွေးနေသည်။

သူက ရှမ်းကီးကိုကြည့်လိုက်၏။

"ဒီမှာ ရှမ်းကီး... နင့်သားမင်းဝါက ခြသေ့ဂိုဏ်းနဲ့ဘယ်လိုပတ်သက်နေသလဲ... မနက်က ဝမ်ချိုင်းဆိုတဲ့ကောင်ဟာ ငါ့နယ်မြေထဲ ကျူးကျော်လာတယ်၊ ငါ့တပည့်တွေက သူ့ကိုခေါ်လာကြတယ်... ငါက ဒီကောင့်ကိုဆုံးမမလို့ စစ်ဆေးနေတာ နင့်သားမင်းဝါက ရှေ့ကကာဆီးကာဆီးလုပ်တော့ ငါဆုံးမရခက်သွားတယ်... နောက်ပြီး သူက တောင်းပန်ပြီး ဝမ်ချိုင်းကိုဆွဲထုတ်သွားတယ်... နင့်သားမို့ ငါက ငြိုလွှတ်လိုက်ရတယ်... နင့်သားလုပ်ပုံဟာ မကောင်းဘူး"

ရှမ်းကီးက ခေါင်းကုတ်ညည်းညူလိုက်၏။

"မင်းဝါကြောင့်လဲ ခက်ပါတယ် အစ်ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကြောင့် ရှန်ကျုန်း မျက်မှောင်ကြုတ်သွားသည်။ သူမကို ပြန်ကြည့်လိုက်၏။

"ဘာခက်တာလဲ... ပြောစမ်းပါဦး"

"ဒီကောင်လေးက မိဘတွေဘာဖြစ်နေတယ်ဆိုတာ လုံးလုံးမသိဘူး အစ်ကိုကြီးရဲ့... ထိုက်စန်းတောင်သွားမယ်... လုံထန်တို့အိမ်သွားလည်မယ်... ဒါပဲသိတာ... လုံထန်ရဲ့သမီးကို ဒီကောင်စွဲစွဲလန်းလန်းဖြစ်နေတာ... ဒီတော့ လုံထန်တို့ကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ဝမ်ချိုင်းကို သူက သူ့ရဲ့ကောင်းကြီးလို့ ထင်နေတာပါ"

ရှန်ကျုန်းသည် စဉ်းစားရင်း ပြောလိုက်၏။

"ခက်တာပဲ... နင်ကလဲ ဘာမှမဆုံးမဘူးလား... လုံထန်ရဲ့သမီးနဲ့ဖြစ်တဲ့ကိစ္စကို နင်တားရမယ်၊ သူ့တို့မိဘတွေ နင့်အပေါ် ဘယ်လောက်ဆိုးသွမ်းတယ်ဆိုတာ ပြောပြရမယ်၊ နင်က ဘာမှပြောမပြဘူးလား"

"ပြောပြတာပေါ့ အစ်ကိုကြီးရယ်... မင်းဝါက လူတစ်မျိုးဆိုတာ အစ်ကိုကြီးလဲသိသားပဲ... ထိုက်စန်းတောင်ပေါ်က မျိုးချစ်သိုင်းသမားကြီး ချူချန်းဆီမှာ သိုင်းပညာတွေသင်၊ အဲဒီသင်တဲ့အချိန်ကစပြီး သူလဲ တကယ့်မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်လို ဖြစ်သွားတော့တာပဲ၊ သူလဲ တကယ်ကို အဲဒီလူတွေလို ပြုမူနေထိုင်တယ်"



ရှန်ကျုန်း ပြုံးလိုက်၏။

"အေး... ကောင်းရောပေါ့၊ ဒီတော့ နင်လဲ နင့်သားကိုမနိုင်တော့ဘူးပေါ့၊ ဒါနဲ့ ပြောရဦးမယ်... မင်းဝါဟာ နင်ပြောသလိုမျိုးချစ်သိုင်းသမားဖြစ်နေတယ်ဆိုတာ ငါလဲ သိပါတယ်... တချို့ကဆိုရင် အမည်မဖော်လိုတဲ့ ခြသေ့ဂိုဏ်းခေါင်းဆောင်ဟာ မင်းဝါများဖြစ်နေမလားလို့ ဝေဖန်နေကြတယ်... နောက်ပြီး နင့်သားကလဲ ဟိုနန်းမြို့မှာ အံနေများတယ် မဟုတ်လား"

ရှန်ကျုန်း၏စကားကြောင့် ရှမ်းကီးငိုင်သွားသည်။

"ဒုက္ခပဲ... သူများ တကယ်ခြသေ့ဂိုဏ်းခေါင်းဆောင်ဖြစ်နေရင် အခက်ပဲ"

ရှန်ကျုန်းက....

"ငါက တချို့ဝေဖန်တဲ့ လူတွေရဲ့စကားကို ပြောတာပါ... ဟုတ်ချင်မှလဲဟုတ်မှာပါ... နင် ဘာမှပူမနေနဲ့... နင်ဖြစ်ချင်တာတွေဖြစ်အောင် ငါဖန်တီးပေးမယ်... ဘယ်နည်းနဲ့မဆို ခြသေ့ဂိုဏ်းနဲ့တော့ ထိပ်တိုက်တွေ့ရမှာပဲ"

"အစ်ကိုကြီးဟာ ခြသေ့ဂိုဏ်းကြီးကို အများကြီးသတိထားရလိမ့်မယ်".

"ငါ နားလည်ပါတယ်... ငါ ခြသေ့ဂိုဏ်းကို ဘယ်လိုကိုင်

www.burmeseclassic.com

www.burmeseclassic.com



တွယ်ရမယ်ဆိုတာ ငါ စဉ်းစားပြီးသားပါ”

ကောက်ကျစ်စဉ်းလဲသော မောင်နှမနှစ်ယောက်....။

## အခန်း(၁၀)

### မေးမြန်းစုံစမ်းခြင်း

လုံဂေဟာထဲ၌ မီးများထိန်လင်းနေသည်။

ဤသို့ထိန်လင်းနေသည်မှာ ဆင်းရဲသားအိမ်များထက် အဆများစွာ သာပါသည်။

သို့သော် ယခင်က လုံဂေဟာ၌ ဆယ်ဆပို၍ လင်းထိန်ပါသည်။ ယခင်က အချိန်ကို မမီတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် နေဝင်သည်နှင့် လုံဂေဟာကြီးတစ်ခုလုံး ရောင်စုံမီးပုံများဖြင့် ဖုံးလွှမ်းနေပါသည်။

များစွာသော အခြေအရံသင်းပင်းများဖြင့် ဂေဟာကြီးတစ်ခုလုံး ပျော်ရွှင်စရာအတိဖြစ်ခဲ့၏။

ယခု လုံဂေဟာကြီးမှာ ခြောက်ကပ်နေပါသည်။

အခြေအရံအသင်းအပင်းများ များစွာ မထားနိုင်တော့ပါ။ အခြေအရံများစွာကို အလုပ်ဖြုတ်လိုက်ရပါသည်။

ယခု အိမ်ဖော်တစ်ဦး၊ ထမင်းချက်တစ်ဦးနှင့် ခြံစောင့်တစ်ဦးသာ ထားနိုင်ပါတော့သည်။

ဂေဟာကြီးသည် တိတ်ဆိတ်လျက်ရှိလေ၏။

လုံကျန်ပေဝါးသည် ပင်ပန်းနွမ်းနယ်စွာ ကုလားထိုင်ကြီးတစ်လုံးတွင် ထိုင်လိုက်လေ၏။

သူထိုင်လိုက်ပုံမှာ ခြေပစ်လက်ပစ်ရှိလှသည်။ အဝတ်စတစ်စကိုပုံချလိုက်သည့်အလား ဖြစ်သည်။

သူသည် အိတ်ကိုနှိုက်လိုက်၏။ အထုပ်တစ်ထုပ် ပါလာသည်။ သူရတနာများရောင်းချရသည့် ပိုက်ဆံများပေတည်း။

သူသည် ရှမ်းကီးအား လှမ်းပေးလေ၏။

ရှမ်းကီးသည် ငွေထုပ်ကို ဆကြည့်လိုက်၏။



ငွေထုပ်သည် လေးလံလှသည်ကိုတွေ့ရ၏။

"ရှင်လုပ်ငန်း အတော်အဆင်ပြေတယ်နဲ့တူတယ်၊ ဒီတစ်ပတ် ငွေအတော်ရတာပဲ"

ရှမ်းကီးသည် ငွေများကိုထုတ်ကြည့်လိုက်၏။

ငွေတော်တော်များကြောင်းကို တွေ့ရသည်။

သူမ ဝမ်းသာသွားသည်။

"အေးပေါ့ကွာ… အရောင်းအဝယ်ဆိုတာ ဒီလိုရှိတာပဲ… ကောင်းတဲ့အခါရှိသလို မကောင်းတဲ့အခါလဲရှိမှာပဲ… အဲဒါကိုမင်းသိထားဖို့ လိုတယ်"

ရှမ်းကီးက ပြုံးလိုက်၏။

သူ၏မျက်နှာမှာ ပျားရည်ဆမ်းထားသကဲ့သို့ ပြုံးချိုနေသည်။

"ရှင် အခုလိုသာ ရှာနေနိုင်မယ်ဆိုရင် ကျွန်မတို့စီးပွားရေးဟာ မကြာခင် ပြန်တက်လာမှာပါ"

လုံကျန်ပေဝါးက မျက်စောင်းထိုးလိုက်၏။

"ငါ ဘယ်လောက်ပဲရှာရှာ စီးပွားရေးဟာ ပြန်ကောင်းနိုင်စရာ အကြောင်းမရှိတော့ပါဘူး… ဘာဖြစ်လို့လဲဆိုတော့ ငါရှာတာထက် မင်းသုံးတာက ပိုများနေလို့ပဲ၊ မကြာခင် တို့တောင် ဒီအိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



က ဆင်းပြေးရတော့မှာပဲ"

ရှမ်းကီးက မဲ့ရွဲ့လိုက်၏။

"အို... ရှင်ကလဲ ယောက်ျားရင့်မကြီးဖြစ်ပြီး အားလျှော့လိုက်တာ... ရှင်တစ်ဘက်သားကို အပြစ်ပြောနေမယ့်အစား ငွေကိုရအောင် ကြိုးစားရှာစမ်းပါ"

လုံကျန်ပေဝါး၏ဒေါသ ပိုထွက်လာမိသည်။ ရှမ်းကီး၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။

"ရှမ်းကီး... မင်းနားလည်အောင် ငါဘယ်လိုပြောရမလဲ... ငါပြောတာတွေကိုရော မင်းသဘောပေါက် နားလည်နိုင်ပါ့မလား"

ရှမ်းကီးက နှုတ်ခမ်းတစ်ချက်မဲ့လိုက်၏။ လုံကျန်ပေဝါးနီးရှိကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"ရှင်က ဘာစကားတွေပြောနေတာမို့ ကျွန်မက နားမလည်ရမှာလဲ"

လုံကျန်ပေဝါးသည် သက်ပြင်းချလိုက်၏။

"မင်း လမ်းမှားနေတဲ့ကိစ္စပေါ့... သူတစ်ပါးအပေါ် မနာလိုတဲ့ စိတ်တွေဟာ မင်းကိုဒုက္ခပေးမယ်နော်... သူတစ်ပါးကို မနာလိုတဲ့စိတ်ဟာ မြေတွင်းတူးသလို မင်းဟာ တဖြည်းဖြည်း နိမ့်ဆင်းသွားမယ်... ကိုယ့်စိတ်ကို အုတ်တံတိုင်းမြှင့်သလို မြှင့်စမ်းပါကွာ"



"တော်ပြီ... ရှင့်ပါးစပ်ပိတ်ထားတော့"

ရှမ်းကီးသည် လုံကျန်ပေဝါးအား ရိုင်းရိုင်းစိုင်းစိုင်းပင် ပြောလိုက်လေတော့၏။

"ရှင့်ကိုပြောရဦးမယ်၊ အခု ခြံသော့ဂိတ်က လူတစ်ယောက် ဒီကိုရောက်နေတယ်... လုံထန်တို့ မိသားစုကိစ္စနဲ့ ရောက်လာတာပဲ... သူက ရှင့်ကိုတွေ့ချင်တယ်လို့ ပြောနေတယ်... ရှင်သတိထားပြီး သွားကိုရှောင်ပါ"

ရှမ်းကီးသည် ထိုသို့ပြောဆိုပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

လုံကျန်ပေဝါးသည် ရှမ်းကီး၏ကျောပြင်ကို ငေးကြည့်နေမိလေ၏။

အတော်ကလေး ညဉ့်နက်သောအခါ မင်းဝါနှင့်ဝမ်ချိုင်းတို့ ပြန်ရောက်လာကြလေ၏။

ဝမ်ချိုင်းသည် လုံကျန်ပေဝါးနှင့်တွေ့ဆုံလိုက်ရသဖြင့် ဝမ်းသာသွားသည်။

သူတို့အားလုံး ဧည့်ခန်း၌ ဝိုင်းဖွဲ့ထိုင်မိကြသည်။

"မေမေ... ဝမ်ချိုင်းက မနက်ကျရင် ပြန်တော့မှာ... မပြန်ခင် အဖေ့ကိုတွေ့သွားတော့ အတော်ပဲ ဖြစ်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မင်းဝါက ဝမ်းသာအားရ ပြောလိုက်၏။ ဝမ်ချိုင်းသည် လုံကျုန်ပေဝါးနှင့်ရှမ်းကီးတို့အား ဦးညွှတ်အရိုအသေပေးသည်။

လုံကျုန်ပေဝါးသည် ဝမ်ချိုင်းအား တစ်ချက်ကြည့်သည်။ စူးရှသောမျက်လုံးများသည် ရတနာတစ်ပွင့်ကို ကြည့်လိုက်သကဲ့သို့ တောက်ပြောင်သွား၏။

"ကျွန်တော့်နာမည် ဝမ်ချိုင်းလို့ခေါ်ပါတယ်ခင်ဗျာ... ဟိုနန်းမြို့ကပါ... ဒီကိုအလည်လာတာပါ"

လုံကျုန်ပေဝါးက ခေါင်းညိတ်၏။

"မောပဲရင့်အကြောင်း ငါ့ခနီးက ပြောပြီးပါပြီ... ဒါနဲ့မောင်ရင်က ငါ့ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စရှိလို့လဲ"

ဝမ်ချိုင်း သတိထားမိသည်။ လုံကျုန်ပေဝါးသည် စကားကို သံပြတ်နှင့်ပြောသည်။

မိမိအား လိုလားဟန်မရှိသည်ကိုတွေ့ရသည်။ မည်သည့်အတွက် ဤသို့ဖြစ်ရသည်ကို ဝမ်ချိုင်းမသိပါ။

"တခြားတော့ မဟုတ်ပါဘူး ဦးရယ်... ဟိုနန်းမြို့မှာရှိတဲ့ သူဌေးကြီးလုံထန်တို့ရဲ့ကိစ္စပါ... သူတို့မှာ...."

ဝမ်ချိုင်း၏စကားမဆုံးခင် လုံကျုန်ပေဝါးက လက်တားလိုက်သဖြင့် ဝမ်ချိုင်းရပ်သွားသည်။



ဝမ်ချိုင်း ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

"ဒီမှာမောင်ရင်...."

"ဗျာ...."

"လုံထန်ဟာ ကျုပ်ရဲ့ညီဝမ်းကွဲတော်စပ်ပါတယ်"

"ဟုတ်ကဲ့"

"သူဟာ အစက ငါတို့နဲ့အတူနေခဲ့တယ်... ဒါပေမယ့်သူဟာ အခု ဟိုနန်းမြို့ကိုပြောင်းသွားပြီပဲ... ဟိုမှာဖြစ်ခဲ့တဲ့ကိစ္စကို ငါဘယ်လိုမှမသိနိုင်ပါဘူး... ငါ့ညီနဲ့ငါကွဲသွားတာလဲ အတော်ကြာနေပြီပဲ"

လုံကျုန်ပေဝါး၏ စကားပြောသံများက ဘုဆတ်ဆတ်နိုင်လွန်းလှသည်ဟု ဝမ်ချိုင်းထင်လိုက်မိလေ၏။

သို့သော် မိမိသည် လူသတ်သမားများ ဖွေလွှတ်သည့်ကာယက်ရှင်ကို သိချင်နေသည်။ ထို့ကြောင့် သည်းခံရမည်ဟု ဆုံးဖြတ်၏။

အစစအရာရာ သည်းခံနိုင်မှာသာ တရားခံကိုတွေ့ရှိမည်ဖြစ်ကြောင်း သူသိသည်။

လုံကျုန်ပေဝါး၏ ပြတ်သားတိုတောင်းသော စကားသံများကိုကြားနေရသဖြင့် မင်းဝါသည် ဝမ်ချိုင်းကို အားနာနေ၏။

မင်းဝါသည် လုံကျုန်ပေဝါးကို အဖေအရင်း မဟုတ်သော

www.burmeseclassic.com

www.burmeseclassic.com



လည်း လေးစားစွာ ဆက်ဆံခဲ့သည်။

လုံကျန်ပေဝါးကလည်း မင်းဝါအပေါ် သားအရင်းနှင့်မခြား ဆက်ဆံခဲ့သည်။ သူတို့နှစ်ဦး၏ဆက်ဆံရေးမှာ ကောင်းမွန်လှပေသည်။

"အဖေလဲ ခရီးပန်းလာတယ်နဲ့တူတယ်... အဖေစကားပြောတာ တိုတောင်းနေပါတယ်... ဝမ်ချိုင်းဟာ ဦးလေးလုံထန်တို့မိသားစုရဲ့အကျိုးကို ဆောင်ရွက်ပေးနေတဲ့လူပါ အဖေရဲ့"

မင်းဝါသည် ဝမ်ချိုင်းအား အားနာနေသဖြင့် ဝင်ပြောလိုက်ခြင်းဖြစ်သည်။

လုံကျန်ပေဝါးက....

"ဒီကိစ္စက အားလုံး ငါ့ကို မင်းအမေပြောပြီးပြီ... ကဲ... ကဲ... မင်း ဘာထပ်သိချင်သေးသလဲ၊ ငါသိတာ မှန်သမျှ ပြောပါ့မယ်"

လုံကျန်ပေဝါးက စိတ်လျှော့သံနှင့်ပြောလိုက်၏။

လူငယ်များအား အလျှော့ပေးလိုက်သည့်သဘောပင်...။

"ဒီလိုပါ ခင်ဗျာ... သူဌေးကြီးလုံထန်တို့မိသားစုဟာ အတော့်ကို အသက်အန္တရာယ်နဲ့နီးကပ်နေပါတယ်... အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ထင်တာက သူဟာ ဒီမြို့မှာနေထိုင်သွားတဲ့လူဆို



တော့ သူ့ကိုမုန်းတီးတဲ့ရန်သူများ ရှိနေမလားလို့ထင်ခဲ့မိပါတယ်... ရန်သူရှိနေရင် ဦးအနေနဲ့များ သိနေမလားလို့ပါ... တိတိကျကျပြောရရင် ရန်သူထင်လောက်တဲ့လူတွေကို ကျွန်တော်သိချင်ပါတယ်ခင်ဗျာ"

လုံကျန်ပေဝါးက ပြုံးလိုက်၏။

ဝမ်ချိုင်းသည် သက်သက်အချိန်လာဖြုန်းနေသည်ဟု ပြုံးလိုက်ခြင်းဖြစ်သည်။

"အဲဒီကိစ္စဟာ ငါ့ကိုမေးတာထက် လုံထန်ကိုမေးတာက ပိုပြီးကောင်းတယ်ကွ... သူဟာ ဘယ်သူနဲ့ရန်သူဖြစ်ဖူးတယ်... ဘယ်သူနဲ့ရန်ငြိုးရှိဖူးတယ်ဆိုတာ သူကိုယ်တိုင်ကလွဲပြီး ဘယ်သူမှမသိနိုင်ပါဘူး"

ထိုစကားကို မင်းဝါက ခေါင်းညိတ်ထောက်ခံသည်။

မင်းဝါက....

"ဟုတ်တယ်ဗျ ဝမ်ချိုင်း... အမှန်တော့ ကျုပ်တို့ဟာ ဦးလေး လုံထန်ကို ပွင့်ပွင့်လင်းလင်း မေးကြည့်ဖို့ကောင်းတယ်ဗျ"

ဝမ်ချိုင်းက....

"ကျွန်တော် အဲဒီအချက်သတိရပါတယ်... ဒါပေမယ့် အချို့ကာယကံရှင်တွေဟာ သူတို့မှာရန်ငြိုးရှိတာကို ဖွင့်မပြောချင်ကြပါဘူး။ ဒါကြောင့်မို့ ကျွန်တော်က ခုလို သူ့ရဲ့ပတ်ဝန်းကျင်ဟောင်းကို မေးကြည့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



လုံကျန်ပေဝါးသည် ခပ်ပြုံးပြုံးခေါင်းညိတ်သည်။

"အင်း... မောင်ရင်ရဲ့စိတ်ကူးလဲ မဆိုးပါဘူး။ ဒါနဲ့မောင်ရင်ကို ကျုပ်တစ်ခု မေးပါရစေ"

"မေးပါခင်ဗျာ... မေးပါ"

"ခုလို လုံထန်တို့ရဲ့အကျိုးကို ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့ မင်းကိုလုံထန်တို့က အခကြေးငွေပေးပြီး ငှားရမ်းတာလား... ဒါမှမဟုတ် မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီးက တရားခံကိုမမိမိအောင်ဖမ်းရမယ်လို့ တာဝန်ပေးထားလို့လား"

လုံကျန်ပေဝါး၏မေးခွန်းသည် မေးသင့်မေးထိုက်သည့်မေးခွန်းပင် ဖြစ်သည်။

ဝမ်ချိုင်းသည် ရယ်လိုက်မိသည်။

သူ့တာဝန်မှာ လုံထန်တို့မိသားစုအား ကာကွယ်ရန်ပင်ဖြစ်သည်။ မိသားစုအား သတ်မည့်ရန်သူများကို ရှင်းလင်းပေးလျှင် သူ့တာဝန် ပြီးဆုံးပေပြီ။

ယခု သူက သာသာထိုးထိုး လုံထန်တို့မိသားစုကို ဘယ်လိုကြောင့်ကာကွယ်သည်ကို လုံထန်ပေဝါးပြောတော့မှ တွေးမိသည်။

"ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော့်ကိုမေးမယ်ဆိုရင်လဲ မေးစရာဖြစ်နေပါပြီဗျာ... အမှန်တော့ ကျွန်တော့်ကို ဘယ်သူမှခိုင်းတာမဟုတ်ပါဘူး"



"ဘာ... ဘယ်လိုကွ"

"ဒီလိုပါခင်ဗျာ... အမှန်ကတော့ ကျွန်တော်တို့ခြသေ့်ဂိုဏ်းရဲ့ ရည်ရွယ်ချက်က ဒုစရိုက်ပပျောက်ရေး၊ ဒုစရိုက်နှိမ်နင်းရေး၊ ခုလိုကြေးစားဓားပြတွေကိုလွှတ်ပြီး လူသတ်ခိုင်းတာတို့ ခိုးဆိုးလုယက်တဲ့အမှုတွေ မတရားအင်အားသုံးပြီး အနိုင်ယူတဲ့အမှုတွေကို ဆုံးမဖို့ သက်သက်ပါပဲ"

"အင်း... တော်တော် စိတ်ဝင်စားစရာကောင်းပါတယ်... ဆက်ပြောပါဦးကွယ်"

"အဲဒီအခါမှ လုံထန်ထို့မိသားစုကိစ္စပေါ်လာတာပဲ... ဟိုနန်းမြို့မှာ ကြေးစားလူသတ်သမားတွေ ရောက်နေတယ်ဆိုတာနဲ့ ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီးဟာ ဒီလူတွေကို သိရှိနိုင်ပါတယ်... ကျွန်တော်တို့က ဒီလူတွေကို တစ်ခါမှတွေ့ဖူးတာ မဟုတ်ပါဘူး... ဂိုဏ်းချုပ်ကြီးပြောပြလို့ သိရတာပါ"

ဝမ်ချိုင်းက စကားကိုခေတ္တရပ်ပြီး သူ့စကားကို စိတ်ဝင်စားမဝင်စား အကဲခတ်လိုက်၏

လုံကျန်ပေဝါးနှင့်ရှမ်းကီးတို့ အလွန်စိတ်ဝင်စားနေကြောင်းတွေ့ရသဖြင့် သူက ဆက်၍ပြောသည်။

"ပထမကြေးစားနှစ်ယောက် ရောက်လာတယ်... တစ်ယောက်က မျက်မှေးရဲ့ကျောင်းဆိုတဲ့လူသတ်သမား၊ တစ်ယော

www.burmeseclassic.com

www.burmeseclassic.com



က မြေခွေးချိုလောင်းဆိုတဲ့လူသတ်သမား၊ သူတို့နှစ်ယောက်ဟာ လုံ့ထန်နဲ့သူ့ဇနီး ငွေအန်းကိုသတ်ဖို့ လာခဲ့ကြတဲ့ လူသတ်သမားနှစ်ယောက်ပဲ… ကျွန်တော်စောင့်ကြည့်နေတုန်း လူသတ်သမားနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် လူမှားပြီး တိုက်ခိုက်ကြတယ်… တစ်ယောက်သေသွားတယ်၊ ကျန်တဲ့တစ်ယောက်ကတော့ ကျွန်တော့်နဲ့တိုက်ခိုက်ပြီး သေဆုံးသွားတယ်"

ဝမ်ချိုင်းက စကားကိုနားလိုက်၏။

လုံ့ကျန့်ပေဝါးထံမှ သက်ပြင်းချသံကြားရ၏။

အမှန်တော့ သူက လုံ့ထန်တို့လင်မယား အသက်ဘေးမှ လွတ်သွားသဖြင့် သက်ပြင်းချရခြင်းဖြစ်သည်။

သူသည် လုံ့ထန်တို့လင်မယားအား လုံးဝမုန်းတီးခြင်းမရှိပေ။

သူလည်း သူ့ဟာသူနေ ကိုယ်လည်း ကိုယ့်ဟာကိုယ်နေလိုသူ ဖြစ်သည်။

"နောက်မကြာခင်ဘဲ ကွေအော်ရှောင်ဆိုတဲ့ကြေးစား လူသတ်သမားတစ်ယောက် ရောက်လာပြန်တယ်၊ သူကျတော့ တစ်မျိုးခင်ဗျ… သူက သူ့ဌေးကြီးလုံ့ထန်ရဲ့ သားနဲ့သမီးကို သတ်ဖို့လာတာ… သူ့ကိုလဲ ကျွန်တော်လက်ရဖမ်းမိလိုက်ပါတယ်… အခု လုံ့ထန်ရဲ့အိမ်မှာ အမိဖမ်းပြီး ချုပ်ထားရပါတယ်"



ရှမ်းကီးက ဟန်မပျက်ပြောသည်။

"အဲဒါကောင်းတယ်… မင်းက သူ့ပါသတ်ပစ်ဖို့ ကောင်းတယ်"

ဝမ်ချိုင်းက….

"မသတ်ပါဘူးခင်ဗျာ… သူနောင်တ တရားရပြီး သူ့ကိုဘယ်သူသတ်ခိုင်းတယ်ဆိုတာ ထုတ်အပြောကို စောင့်နေကြတာပါ၊ ကျွန်တော်တို့ဟာ လူ့အသက်ကို ပုရွက်ဆိတ်တစ်ကောင်လောက် တန်ဖိုးမထားတဲ့ လူတွေမဟုတ်ပါဘူး"

"ကောင်းပါလေရဲ့ကွာ"

လုံ့ကျန့်ပေဝါးက ပြောလိုက်လေ၏။

သူက ဆက်၍ ပြောလိုက်သည်။

"ငါသိသလောက်တော့ ကြေးစားလူသတ်သမားတွေဟာ နှုတ်လုံကြသတဲ့… သူ့ဖွင့်ပြောမှာ မဟုတ်ဘူးနဲ့တူတယ်"

ဝမ်ချိုင်းက….

"ဟုတ်ကဲ့… ကျွန်တော်လဲ သိပ်တော့မမျှော်လင့်ပါဘူး… လုံ့ထန်တို့မိသားစုချော့မော့ပြီး မေးမြန်းရင် ရလိုရငြား ကျွန်တော်ထိန်းချုပ်ထားလိုက်ရတာပါ၊ အကယ်၍ သူ့ဖွင့်မပြောရင်တော့ မြို့စားကြီးရဲ့တပ်သားတွေလက်ထဲ အပ်လိုက်ရမှာပဲ… မြို့စားကြီးက သူ့ကိုလူသတ်မှုနဲ့ အရေးယူမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လုံထန်ပေဝါးက....

"ကဲ... ကဲ... ထားပါတော့... အဲဒါတွေကိုသိရတော့ မောင်ရင်ဟာ လုံထန်တို့မိသားစုအတွက် မေတ္တာစေတနာနဲ့ ကူညီနေတယ်ဆိုပါတော့ ဟုတ်လား"

ဝမ်ချိုင်းက ခေါင်းညိတ်၏။

"ဒီသဘောလို့ယူဆရင်လဲ ရတာပါပဲ... ဒါပေမယ့် ကျွန်တော်ဟာ အလုပ်တစ်ခုလုပ်ရင် ရေဆုံးရေဖျားလိုက်တတ်ပါတယ်... နောက်ပြီး မိသားစုလေးယောက်ရှိတယ်... အဲဒီမိသားစုလေးယောက်စလုံးကို သတ်ဖြတ်ချင်တဲ့လူကို ကျွန်တော်သိချင်တယ်ဗျာ... ဘာဖြစ်လို့ ဒီလောက်အငြိုးကြီးရသလဲဆိုတာ ကျွန်တော်သိချင်တယ်"

"မနာလို ဝန်တိုမှုပေါ့ကွာ... မနာလိုဝန်တိုမှုပေါ့"

ထိုစကားကို လုံကျန်ပေဝါးပါးစပ်မှာ ပြောလိုက်ခြင်းမဟုတ်ပါ။ ရင်ထဲမှ ပြောလိုက်ခြင်းသာဖြစ်ပါသည်။

လုံကျန်ပေဝါးက....

"မောင်ရင်... အဲဒီလိုလုပ်တာကို မောင်ရင်တို့ရဲ့ခြင်္သေ့ဂိုဏ်းချုပ်ကြီးက ခွင့်ပြုသလား"

"အစအဆုံး ကူညီရမယ်လို့တော့ ဂိုဏ်းချုပ်ကြီးက အတိအလင်း မပြောပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးဟာ လူတွေကိုသနား



တတ်တယ်... ညှာတာတတ်တယ်၊ အုပ်စုနဲ့အနိုင်ကျင့်တာကို မကြိုက်ဘူး... အလကားနေရင်း သတ်ဖြတ်နေတာကိုမကြိုက်ဘူး... မျိုးချစ်စိတ်လဲအင်မတန် ရှိတယ်... အခုလို ကျွန်တော်ဆောင်ရွက်နေတာကို သူသိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်... သူဟာ ကျွန်တော့်ကိုအပြစ်မပြောဘူးလို့လဲ ထင်ပါတယ်"

လုံကျန်ပေဝါးသည် ပြုံး၍ ဧနီးဖြစ်သူအား ကြည့်လိုက်၏။ မည်သည့်အဓိပ္ပာယ်နှင့်ကြည့်သည်ကို ဝမ်ချိုင်း မသိပါ။

လုံကျန်ပေဝါး ကြည့်သည့်အကြည့်မှာ....

"တွေ့လား... လုံထန်တို့ကိုကူညီနေတာ တကယ့်လူတွေကွ... မင်းတော့ သေဖို့သာပြင်ထားပေတော့"

ဟု ပြောသည့်အလား ကြည့်လိုက်ခြင်းဖြစ်သည်။

"ဟား... ဟား... ဟား... မင်းက မင်းတို့ဂိုဏ်းချုပ်ကြီးကို တယ်ပြီး အမွှမ်းတင်နေပါကလား"

ဝမ်ချိုင်းက ပြုံးလိုက်၏။

"အမွှမ်းတင်တာ မဟုတ်ပါဘူးခင်ဗျာ... တကယ်အရှိကို အရှိအတိုင်းပြောနေတာပါ... ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးအကြောင်း ကျွန်တော်တို့အသိဆုံးပါ ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးက အင်မတန်ဖြူစင်ပါတယ်... ကျွန်တော်တို့ဂိုဏ်းသားတွေဆိုလဲ အင်မတန် ညှာတာပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဂိုဏ်းချုပ်ကြီးက ဘယ်သူလဲကွ"

လုံကျန်ပေဝါးက မေးလိုက်၏။

"ကျွန်တော်ရဲ့ဂိုဏ်းချုပ်ကြီး ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှမသိကြပါဘူး ခင်ဗျာ"

"ဟ… မသိဘဲနဲ့ ဒီလောက်ချီးကျူးနေရသလား"

"မသိဘူးဆိုတာ ဂိုဏ်းချုပ်ကြီးဟာ သူ့ရုပ်ကိုဖုံးကွယ်ထားလို့ပါ၊ တွေ့နေရတာပဲ… သူ့ရဲ့စကားတွေ… သူ့ရဲ့လုပ်ဆောင်ချက်တွေ သူ့ရဲ့ညွှန်ကြားမှုတွေက ဘယ်လိုလူဆိုတာကို ဖော်ပြနေပါတယ်"

"မင်းတို့တစ်တွေဟာ သူ့ကိုသိအောင် မကြိုးစားကြဘူးလား"

"ဒီအဖြေကို ကျွန်တော်မဖြေတတ်ဘူးခင်ဗျ… ကျွန်တော့်သဘောအရ ပြောရမယ်ဆိုရင်တော့ မလိုအပ်လို့ မကြိုးစားတာလို့ဘဲ ကျွန်တော်ပြောချင်ပါတယ်"

"ဒါပေမယ့် သိုင်းလောကသားတွေက ဝေဖန်ပြောဆိုနေတဲ့ စကားသံတွေကိုတော့ မင်းတို့ကြားမိကြမှာပေါ့"

ဝမ်ချိုင်းက ခေါင်းညိတ်လိုက်၏။

"ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီး ဘယ်သူဘယ်ဝါဖြစ်တယ်လို့ ပြောတာကတော့ စုံနေတာပါပဲဗျာ"



လုံကျန်ပေဝါးက….

"ပြောပါဦး… မင်းပြောတာ ငါ ကြားချင်ပါတယ်"

"သူ့ကိုဝေဖန်နေကြတဲ့လူတွေကတော့ ဆယ့်ငါးယောက်ရှိတယ် ခင်ဗျာ"

ဝမ်ချိုင်းက ထိုမျှသာ ပြောသည်။

လုံကျန်ပေဝါးက ပြုံးလိုက်သည်။

"ဟေ့… မင်းပြောတဲ့ဆယ့်ငါးယောက်လောက်ထဲမှာ မင်းဝါလဲ ပါတယ်မဟုတ်လား"

လုံကျန်ပေဝါးတ ဆက်ပြောသည်။

"အများဆုံး ထင်ကြေးပေးကြတာကတော့ မင်းဝါရဲ့ဆရာ မျိုးချစ်သိုင်းသမားကြီး ချူချန်းပဲ မဟုတ်လား၊ ချူချန်းလဲ ကြားရ မင်းဝါလဲ ကြားရဆိုတော့ ငါကတော့ ကိုယ့်သားတောင် ကိုယ်မယုံချင်တော့ဘူး"

ဝမ်ချိုင်းက ခေါင်းညိတ်လိုက်၏။

"ဦးလေးလုံကျန်ပြောတာ မှန်ပါတယ်ခင်ဗျာ… ကျွန်တော်လဲ အဲဒီဝေဖန်ပြောဆိုသံတွေကို ကြားနေရပါတယ်၊ မျိုးချစ်သိုင်းသမားကြီး ချူချန်းဟာ ဒုစရိုက်သိုင်းသမားတွေကို အရမ်းရွံမုန်းနေတဲ့ လူတစ်ယောက်ဖြစ်တော့ ခြင်္သေ့ဂိုဏ်းရဲ့လုပ်ရပ်တွေကိုကြည့်ပြီး ခြင်္သေ့ဂိုဏ်းခေါင်းဆောင်ဟာ မျိုးချစ်သိုင်းသမားကြီးဖြစ်လိမ့်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးထင်မြင်ချက် ပေးနေကြပါတယ်၊ နောက်တစ်ယောက်ကတော့ ဦးလေးလုံကျန်ရဲ့သား မင်းဝါပါပဲ၊ သူဟာလဲ ဆရာကြီးချူချန်းရဲ့တပည့်ဖြစ်နေလို့ ခြင်္သေ့ဂိုဏ်းချုပ်ကြီးဟာ သူဖြစ်လိမ့်မယ်လို့ ပြောဆိုနေကြပါတယ်၊ သူ့ကိုပြောတာတော့ လူနည်းစုပါ... အများစုကတော့ ဆရာကြီးချူချန်းကိုပဲ ထင်မြင်ချက်ပေးကြတယ်... ဒီဂိုဏ်းချုပ်ကြီးကို သိဖို့ဆိုတာ ကျွန်တော်တို့အလုပ် မဟုတ်ပါဘူး။ သူဟာ ကောင်းသော အလုပ်ကိုလုပ်တယ်... ကောင်းသော လမ်းညွှန်မှုကို ပေးနေတယ်... ကျွန်တော်တို့အဖို့ ဒါဟာ လုံလောက်နေပါပြီ"

မင်းဝါသည် ရယ်မိလေတော့၏။

"ကျွန်တော်လဲ အလိုလိုနေရင်း နာမည်ကြီးနေပြီ.. ဘယ်တော့သေမလဲ မသိဘူး"

လုံကျန်ပေဝါးက....

"မင်းတို့ ဂိုဏ်းချုပ်ကြီးရဲ့အသက်ကို ခန့်မှန်းလို့မရဘူးလား... နောက်ပြီး အသံကော မကျက်မိဘူးလား... မင်းဝါ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူးမဟုတ်လား"

ဝမ်ချိုင်းက....

"ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးရဲ့အသံကိုကြားရရုံနဲ့ အသက်ကိုခန့်မှန်းလို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ကြီးက သူ့အသံကို ဖျက်ပြောလို့ပါ"



"ဒါဆိုရင် သူဟာ မင်းတို့သိနိုင်တဲ့လူ ဖြစ်နေတာပေါ့... အသံဖျက်ပြောတယ်ဆိုကတည်းက မင်းတို့မသိစေချင်လို့ ဖျက်ပြောတာပဲ"

"ဖြစ်နိုင်ပါတယ်"

လုံကျန်ပေဝါးသည် မျက်နှာထားတည်တည်ကြည်ကြည်နှင့် ပြောလိုက်၏။

"ဟုတ်ကဲ့... ပြောပါ ဦးလေးလုံကျန်"

"လောကမှာ နည်းနည်းစပ်စုတဲ့လူဟာ အသက်ရှည်ပြီး များများစပ်စုတဲ့လူကတော့ အသက်တိုကြတယ်လို့ ရှေးလူကြီးသူမတွေ ပြောကြားကြတယ်၊ ဒါကို မင်းသဘောပေါက်မှာပေါ့"

ဝမ်ချိုင်းစိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ မိမိအား သွယ်ဝိုက်၍ ခြိမ်းခြောက်ခြင်းဖြစ်ပါသလော။

သူသည် လုံကျန်ပေဝါး၏မျက်နှာကို အကဲခတ်လိုက်၏။

မျက်နှာထားကတော့ တည်တည်ကြည်ကြည်ပင်။ ဘာကြောင့် ယခုကဲ့သို့ ပြောသည်ကိုစဉ်းစား၍ မရပေ။

သို့သော် ဝမ်ချိုင်းက ထိုစကားကိုလက်မခံပေ။

"ကျွန်တော်ကတော့ ဒီလိုမထင်ပါဘူးခင်ဗျာ"

"မင်းက ဘယ်လိုထင်သလဲ"

"များများစပ်စုတဲ့လူဟာ များများကြီး ဗဟုသုတရပြီး လူ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အကြောင်းများများကြီး သိရှိနိုင်တယ်လို့ ထင်ပါတယ်၊ တရားခံလဲ မြန်မြန်ပေါ်လာနိုင်တယ်လို့ တင်ပါတယ်ခင်ဗျာ"

လုံကျန်ပေဝါးသည် ဝမ်ချိုင်း၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ကဲ... ကဲ.. အိပ်ကြတော့"

လုံကျန်ပေဝါးက ထိုစကားသာ ပြောလိုက်တော့သည်။

အခန်း(၁၁)

## စောင့်ကြိုနေသောရန်သူများ

နေရောင်ခြည်သည် သူ၏စွမ်းအားကို အကုန်အစင်ထုတ်ဖော်နိုင်ခြင်းမရှိသေးပါ။

သူ့အား နှင်းထုကြီးက အန်တုတိုက်ခိုက်လျက်ရှိသောကြောင့်တည်း။

နေလာနှင်းပျောက်ဆိုသည့်စကားမှာ အခါခပ်သိမ်းမ

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါ။

တစ်ခါတစ်ရံ နှင်းထုပိုကျလာသောအခါ နေမြင့်လာသည့်တိုင် ထိုနှင်းထုကို နေရောင်မထိုးဖောက်နိုင်ပါ။

ဟန်ကြူးမြို့ကို နှင်းထုကြီးက ဖုံးလွှမ်းထားပါသည်။

ဝမ်ချိုင်းသည် ယနေ့နံနက် စောစောကပင် လုံဂေဟာမှ ထွက်လာခဲ့၏။

သူသည် လမ်းမကြီးပေါ်သို့ရောက်ရှိနေလေပြီ။

သူသည် မြင်းကိုမစီးသေးပေ။ မြင်းဇက်ကြိုးကို လက်မှ ကိုင်ဆွဲ၍ လျှောက်နေသည်။

အဘယ့်ကြောင့်ဆိုသော် သူ့နဘေးမှ မင်းဝါသည် သူ့ကို လိုက်ပါပို့ဆောင်နေသောကြောင့်တည်း။

ဝမ်ချိုင်းသည် သူညက အိပ်မပျော်သည့်အကြောင်းကို စကားပြောလာ၏။

သူ့ငွေးကြီးလုံကျန်ပေဝါးအကြောင်း စဉ်းစားနေသောကြောင့် အိပ်မပျော်ခြင်းဖြစ်ကြောင်း ပြောပြသည်။

"မင်းအဖေကို ငါ မစဉ်းစားတော့ပါဘူး"

မင်းဝါက....

"ဘာဖြစ်လို့လဲဗျာ"



"သူပြောပုံဆိုပုံက တစ်ခုခုကို မကျေနပ်သလိုဘဲ.. လုံထန်ရဲ့ မိသားစုကိုစွန့်ပစ်သက်ပြီး ငါလာစုံစမ်းတာကိုပဲ မကြိုက်သလိုလို ဖြစ်နေတယ်... မင်း သတိထားမိမှာပေါ့"

မင်းဝါသည် အတန်ကြာ တွေးတောနေ၏။

"ကျွန်တော့်အနေနဲ့ပြောရရင်တော့ ဘာမှထူးခြားချက်မရှိဘူးလို့ထင်တာပဲ... တစ်ခုတော့ရှိတယ်... ပထမစတွေ့တွေ့ချင်းတော့ သူ့စကားက ဘုဆတ်ဆတ်နိုင်တာအမှန်ပဲ... ဒါပေမယ့် ခင်ဗျားစိတ်ထင်လို့ပါ၊ သူဟာ တစ်ခါတလေ ဒီလိုပဲပြောတတ်တယ်ဗျ... ကျွန်တော်အမေဟာ သူ့အပေါ်အမြဲတမ်းနိုင်တယ်... ကျွန်တော့်အမေကို စကားပြောရင်တောင် သူဒီလိုပဲဘုတ်ဆတ်ဆတ် ပြောတတ်တယ်... ခင်ဗျား ကျွန်တော့်အဖေအပေါ် သံသယဝင်စရာကိစ္စရှိရင် ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါဗျာ"

ဝမ်ချိုင်းက ပြုံးလိုက်၏။

"ငါက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်ကွ... သူ့ရဲ့ နောက်ဆက်တွဲစကားတွေကို ငါ ဘဝင်မကျတာတော့ အမှန်ပဲ... စေတနာနဲ့ပြောတာလား... ခြိမ်းခြောက်တာလားဆိုတာတော့ ငါ စဉ်းစားလို့မရဘူး"

"ဘာလဲ များများစပ်စုရင် အသက်တိုတတ်တယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားလား"

"အေး... ဟုတ်တယ်... အဲဒီကားဟာ ငါ့အပေါ် စေတနာနဲ့ ပြောတာဖြစ်ပါစေလို့ ငါဆုတောင်းပါတယ်"

"အဲဒါတော့ အထင်မမှားနဲ့ဗျ... ကျွန်တော့်အပေါ်ဟာ ကျွန်တော့်ကို အဲဒီလိုပဲ ဆုံးမတတ်တယ်... ဒါပေမယ့်..."

မင်းဝါသည် သူ့စကားကိုမဆက်ဘဲ ရပ်တန့်လိုက်၏။

"ဆက်ပြောလေကွာ"

ဝမ်ချိုင်းက ပြောလိုက်၏။

"ဒီလိုပါ ခင်ဗျားအနေနဲ့ ဘယ်သူ့အပေါ်မဆို လေ့လာသုံးသပ်နိုင်ပါတယ်... ကျွန်တော့်ကိုအားနာလို့ ကျွန်တော့်မိဘတွေကို မဝေဖန်ချင်တာမျိုး နောက်ပြီး ကျွန်တော့်မိဘတွေမျက်နှာကြောင့် ကျွန်တော့်ကိုမဝေဖန်ချင်တာမျိုး မဖြစ်စေချင်ပါဘူး။ လူတစ်ယောက်ကို အမှန်တိုင်း ဝေဖန်ဆုံးဖြတ်တာဟာ အကောင်းဆုံးပါပဲ... သဘောကတော့ ခင်မင်ရင်းနှီးမှုနဲ့ ဝတ္တရားကို ကဏ္ဍခြားစေချင်တဲ့သဘောပါပဲ"

ဝမ်ချိုင်းသည် နားထောင်နေလေ၏။

မင်းဝါက ဆက်ပြောသည်။

"ခပ်ရှင်းရှင်းပြောရရင် ကျွန်တော့်မိဘတွေအကြောင်းလဲ ကျွန်တော်သိပ်သိတာ မဟုတ်ဘူးဗျ... ခပ်ငယ်ငယ်က ဦးလေးလုံထန်ရဲ့သားသမီးတွေနဲ့ ကျောင်းတက်တာလောက်ပဲ ရှိတယ်... ဦးလေးလုံထန်တို့လဲ မြို့ထဲကထွက်သွားရော ကျွန်တော်လဲ ထိုက်စန်းတောင်ကို ထွက်သွားတော့တာပဲ... ထိုက်စန်းတောင်မှာ ကျွန်တော်ကြီးပြင်းခဲ့တာပဲ... အဲဒီတောင်မှာ ကျွန်တော်သိုင်းပညာတွေ သင်ကြားခဲ့တယ်... သိုင်းလောကထဲနည်းနည်းပါးပါး ကျွမ်းဝင်တာမဟုတ်တာတော့ အသေအချာပဲ"

ဝမ်ချိုင်းက မင်းဝါကိုပြုံး၍ ကြည့်လိုက်၏။

မင်းဝါသည် အလွန်တစ်ရာ ပွင့်လင်း၍ ရိုးသားပြီး မဟုတ်မခံစိတ်ရှိသော လူငယ်တစ်ယောက်ဖြစ်သည်။

မင်းဝါသည် သူနှင့်စလျှင် သုံးနှစ်မျှ သူ့ထက်ငယ်သဖြင့် သူသည် ညီငယ်တစ်ယောက်ကဲ့သို့သာ သဘောထားသည်။

မင်းဝါသည် ခင်မင်စရာကောင်းသောလူငယ်တစ်ဦး ဖြစ်သည်။

"ဒါထက် မင်းဝါ"

"ဗျာ..."

"ဦးလေးလုံထန် မင်းတို့မြို့ထဲလာနေတုန်းက မင်းလဲရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ဗျာ… အဲဒီတုန်းက ကျွန်တော်ဟာ ကျောင်းသားပဲဗျာ… ခင်ဗျား ဘာကိုတွေးမိလို့ မေးတာလဲ"

ဝမ်ချိုင်းက ပြုံးသည်။

"သိပ်လေးလေးနက်နက်တော့ မဟုတ်ပါဘူးကွာ… ဦးလေးလုံကျန်ပေဝါးနဲ့ လုံထန်တို့ သင့်မြတ်ကြရဲ့လားလို့ မေးချင်တာပါ"

"အမှန်အတိုင်းပြောရရင် သူတို့ညီအစ်ကို ဘာဖြစ်တာမှမတွေ့ရဘူးဗျ… အဲ… တစ်ခုတော့ ရှိတာပေါ့လေ… တစ်ခါတလေတော့ အဖေအရက်မူးလာရင် ဦးလေးလုံထန်ကို ဆဲတာလောက်တော့ ရှိတတ်ပါတယ်၊ ဒါထက်တော့ ဘာမှမပိုပါဘူး"

ညီအစ်ကိုချင်း မောင်နှမချင်း ဆဲဆိုတတ်ကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။

ဤမျှလောက်နှင့် လုံထန်အပေါ် လုံကျန်ပေဝါး အာဃာတ မထားနိုင်ပါ။

ဝမ်ချိုင်းနှင့်မင်းဝါတို့သည် လမ်းမကြီးအတိုင်း စကားတပြောပြောနှင့်လျှောက်ခဲ့ကြသည်။

ဝမ်ချိုင်းသည် မနက်အစောကြီးက မင်းဝါတို့အိမ်တွင်း၌ ကြားခဲ့ရသည့်အသံတို့ကို ပြန်လှန်စဉ်းစားနေ၏။

သူသည် မင်းဝါကိုမေးလိုက်၏။



"ဒါနဲ့ ခုမနက်အစောကြီး… ဦးလေးလုံကျန်ပေဝါး ဘယ်ကို သွားတာလဲကွ… အရောင်းအဝယ်အတွက် ခရီးထွက်တာလား"

မနက်မိုးမလင်းမီကပင် လုံဂေဟာတွင် စကားပြောသံများ ကြားနေခဲ့ရသည်။

ဝမ်ချိုင်း၏နားထဲတွင် အခြားညှော်သည်များ၏အသံများကိုလည်း ကြားမိလိုက်သည်။

ရှမ်းကီး၏အသံကိုလည်း ကြားမိသလိုလိုရှိလေ၏။ မကြာမီ အသံများ ပျောက်သွားသည်။

မနက်မိုးလင်း၍ သူက လာသောအခါ လုံကျန်ပေဝါးမရှိတော့ပေ။

ဝမ်ချိုင်းသည် စပ်စုမေးမြန်းခြင်းမရှိဘဲ ရှမ်းကီးအား နှုတ်ဆက်၍ ထွက်လာခဲ့သည်။

မင်းဝါလည်း သူနှင့်အတူ လိုက်ပါလာခဲ့သည်။ ယခုလမ်းကျမှ မင်းဝါသိလိုသိငြား မေးကြည့်ခြင်းဖြစ်သည်။

"အရောင်းအဝယ်ကိစ္စနဲ့ပဲတူပါရဲ့… ညှော်သည်တွေနဲ့ထွက်သွားတယ်လို့ အမေပြောတာပဲ"

ဝမ်ချိုင်းသည် လုံကျန်ပေဝါးနှင့်ပတ်သက်သည့် အတွေးများကို ဖျောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွေးသည် ကြောဂေဟာမှ မိန်းကလေးဆီသို့ ရောက်သွား၏။

ကြောဂိုဏ်းချုပ်ကြီး၏သမီးလည်း မဟုတ်။

ကြောဂိုဏ်းဝင်မိသားစုထဲမှ သမီးတစ်ယောက်ယောက် ဖြစ်ပေလိမ့်မည်။

သူသည် အတန့်ကြာတွေးတောနေ၏။ မိန်းကလေး၏မျက်နှာကို မြင်ယောင်နေ၏။

ထို့နောက် သူ့အတွေးများကို ဖျောက်ဖျက်ပစ်လိုက်ရ၏။

သူ့အတွေးသည် ဟိုနန်းမြို့သို့ရောက်ရှိသွား၏။

ကြေးစားလူသတ်သမား ကွေအော်ရောင်အား နည်းအမျိုးမျိုးဖြင့် စစ်မေးမှုဖြစ်တော့မည်ဟု တွေး၏။

သူတို့နှစ်ယောက်သည် ဖြတ်လမ်းတစ်ခုကိုကျော်လွန်လာ၏။

ထိုစဉ် ထိုဖြတ်လမ်းလက်ဝဲဘက်မှ လူတစ်ယောက် မြင်းတစ်စီး စီးလာသည်ကိုတွေ့ရသည်။

သူတို့သည် ထိုလူကို လှမ်းကြည့်မိကြလေ၏။

မင်းဝါ၏မျက်နှာသည် အံ့သြဝမ်းသာသွားသည်။

သူသည် ထိုလူရှိရာသို့ ဖျာဖျာသလဲ ပြေးသွားလေ၏။



"ဟာ... ဆရာချူချန်း"

ဆရာကြီးချူချန်း....။

မျိုးချစ်သိုင်းသမားကြီး ချူချန်း.....။

အသက်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိပေပြီ။ မျက်လုံး မျက်ဖန်ကောင်းပြီး နှာတံက ပေါ်လွင်လှ၏။

တရုတ်လူမျိုးများထဲ၌ ရှားမှရှားသော နှာတံမျိုးဖြစ်၏။ အလွန်ဥပမိရုပ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။

မျိုးချစ်သူရဲကောင်းကြီးချူချန်းဟု နာမည်ကျော်ကြားနေသည်မှာ ကြာပြီဖြစ်သည်။

သူသည် ယခင်က နေပြည်တော်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော်လည်း နောက်ပိုင်း၌ ထိုက်စန်းတောင်တွင် သွားရောက်နေထိုင်ခဲ့သည်။

သူ၏နာမည်ကျော်ကြားမှုမှာ ခြသေ့်ဂိုဏ်း၏နာမည်ကျော်ကြားမှုနှင့်ထပ်တူပင်။

သူသည် ဒုစရိုက်မှုမှန်သမျှကို အလွန်မုန်းတီး၏။

သူ့ရှေ့တွင် ကြုံသောဒုစရိုက်မှန်သမျှကို သူက အမြဲတမ်း တိုက်နိုက်ဖယ်ရှားခဲ့သည်။

မရှိဆင်းရဲသားများအား တတ်နိုင်သမျှကူညီခြင်း၊ လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းခြင်းတို့ကို အမြဲတမ်းပြုလုပ်ခဲ့သဖြင့် သူ့ကိုမျိုးချစ်သိုင်းသမားကြီးချူချန်းဟု လူအများက နာမည်ပေးခဲ့ကြခြင်းဖြစ်သည်။

ဝမ်ချိုင်းသည် ထိုနာမည်ကိုကြားဖူးသည်။ လူကိုတော့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ပါ။ ယခု မြင်ဖူးချေပြီ။

မျိုးချစ်သိုင်းသမားကြီး၏လုပ်ရပ်နှင့် ခြသေ့ဂိုဏ်း၏လုပ်ရပ်မှာ တူညီလှသဖြင့် လူအများက ခြသေ့ဂိုဏ်းချုပ်ကြီးသည် မျိုးချစ်သိုင်းသမားကြီး ချူချန်းပင်ဖြစ်ရမည်ဟု ထင်ကြေးပေးကြသည်။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဝမ်ချိုင်းသည် မျိုးချစ်သိုင်းသမားကြီးချူချန်းကို အသေအချာ လေ့လာမိလေ၏။

သူ၏စိတ်ထဲမှ သူတို့၏ဂိုဏ်းချုပ်ကြီးနှင့် နှိုင်းယှဉ်လေ့လာမိသည်။

ယခုတွေ့ရသော ချူချန်း၏ကိုယ်လုံးကို ကတ္တီပါဝတ်ရုံကြီးခြုံပေးလိုက်ပြီး ကတ္တီပါခေါင်းစွပ်ကြီး စွပ်ပေးကြည့်သည်။

အားလုံးက ထင်ကြေးပေးကြသကဲ့သို့ ခြသေ့ဂိုဏ်းချုပ်ကြီးနှင့် အတော်တူလေ၏။ အတိအကျတော့ မပြောနိုင်ပါ။

မင်းဝါက ဆရာကြီးချူချန်းအား ဝမ်းသာအားရ ကြိုဆိုလာ၏။

ဝမ်ချိုင်းအနီးသို့ ရောက်ရှိလာတော့သည်။



ဆရာကြီးချူချန်းအား မြင်းပေါ်မှာပင် လိုက်ပါလာသည်။

သူတို့ဆရာတပည့်သည် ဝမ်ချိုင်းအနီးသို့ရောက်သောအခါ မင်းဝါက မိတ်ဆက်ပေး၏။

"ဝမ်ချိုင်း... ဒါ ကျွန်တော်တို့ရဲ့ဆရာကြီး ချူချန်းပါ... သူက ဟိုနန်းမြို့က ကျွန်တော့်မိတ်ဆွေပါပဲ၊ နာမည်က ဝမ်ချိုင်းလို့ခေါ်ပါတယ်"

ဝမ်ချိုင်းက လက်ဖမ်းနှစ်ဘက်စုံယှက်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

"ကျွန်တော် ဝမ်ချိုင်းပါခင်ဗျာ... ဆရာကြီးကို ဂါရဝပြုပါတယ်"

မျိုးချစ်သိုင်းသမားကြီးက ပြုံး၍ ခေါင်းညိတ်သည်။ အသိအမှတ်ပြုသည်။ အခြား ဘာမျှပြောဆိုခြင်းမရှိပေ။

ဝမ်ချိုင်းမှာ ဟိုနန်းမြို့သို့ပြန်ရန်ရှိသည်။

ယခု ဆရာကြီးချူချန်းနှင့်တွေ့နေရသဖြင့် ဂါရဝပြုနှုတ်ဆက်နေရသည်။ သူသည် မင်းဝါအား ပြောလိုက်၏။

"ကဲ... မင်းဝါ ငါသွားတော့မယ်၊ ဟိုနန်းမြို့မှာ လုပ်စရာတွေ ရှိသေးတယ်"

မင်းဝါက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဝမ်ချိုင်း သွားပါ၊ ခင်ဗျား သွားစရာရှိတာကို သွားပါ"

ဝမ်ချိုင်းသည် ဆရာကြီးချန်ချူးအား ဂါရဝပြုနှုတ်ဆက်လိုက်၏။

"ဆရာကြီးခင်ဗျာ... ကျွန်တော်တို့မင်းဝါတို့အိမ်က ထွက်လာကြတာပါ၊ ကျွန်တော် ဟိုနန်းမြို့ကိုပြန်ရမှာပါ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဆရာကြီးက ခေါင်းညိတ်၏။

"ကောင်းပါပြီ မောင်ရင်... ထိုက်စန်းတောင်ရောက်ရင် ကျူပ်ဆီ ဝင်လည်ပတ်နိုင်ပါတယ်"

ဆရာကြီးက ဖော်ရွေစွာ ဖိတ်ခေါ်သည်။

"ဟုတ်ကဲ့... ထိုက်စန်းတောင်တက်ရောက်ရင် ကျွန်တော် ဆရာကြီးကို ဝင်ဂါရဝပြုပါ့မယ်ခင်ဗျာ... ခွင့်ပြုပါဦး"

"ကောင်းပါပြီ... ကောင်းပါပြီ"

ဝမ်ချိုင်းသည် မြင်းပေါ်သို့တက်ပြီး ထွက်ခွာလာခဲ့တော့သည်။

ဝမ်ချိုင်းသည် မြင်းကိုအပြေးစီးနှင်းလာသည်။ အတော်ကြာ၍ လှည့်ကြည့်လိုက်သောအခါ မင်းဝါနှင့်ချူချန်းတို့ကိုမမြင်ရ



တော့ချေ။

သူသည် ချူချန်းစကားကို နားထောင်ခဲ့သည်။

ဆရာကြီး၏အသံမှာ ဂိုဏ်းချုပ်ကြီး၏အသံနှင့်မတူချေ။

သို့သော် အသံမတူသဖြင့် ဂိုဏ်းချုပ်ကြီးမဟုတ်နိုင်ဟု တစ်ထစ်ချတော့ မပြောနိုင်ချေ။

ချူချန်း၏အသံက ကြည်လင်ပြတ်သားသည်။ ဂိုဏ်းချုပ်ကြီး၏အသံက ဩသည်။ အသံချင်း ကွာခြားသည်။

သို့သော် အထက်က ပြောခဲ့သည့်အတိုင်း အသံမတူရုံဖြင့် မဟုတ်ဟု မပြောနိုင်ချေ။

တစ်ချို့က အသံကိုအမျိုးမျိုးပြောနိုင်သည်။ လေးငါးမျိုးခန့်ကို ကြားအောင် ပြောနိုင်သည်။

ဆရာကြီးချူချန်းသည် ဂိုဏ်းချုပ်ကြီးဖြစ်ချင်လည်း ဖြစ်နိုင်သည်။ ဤသည်မှာ မိမိအလုပ်မဟုတ်ချေ။

မိမိတို့၏ဂိုဏ်းချုပ်ကြီးသည် မိမိတို့အား မှန်ကန်သောလမ်းကြောင်းအတိုင်း လမ်းညွှန်ဦးဆောင်မှုပေးနေလျှင် ပြီးနေပေပြီ။

ဂိုဏ်းချုပ်ကြီး မည်သူမည်ဝါဖြစ်သည်ကို သိရန်မလိုချေ။

သူသည် ဟိုနန်းမြို့သို့ အမြန်ဆုံးရောက်ရှိရန် မြင်းကို ဒုန်းစိုင်းတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကိုဒုန်းစိုင်း စီးနေစဉ်အတွင်း သူ့ငွေးကြီးလုံကျန်ပေဝါး၏မျက်နှာသည် ပေါ်လာ၏။

လုံကျန်ပေဝါး၏အပြောအဆိုကို သူမနှစ်မြို့က်ချေ။

အကယ်၍ သူ့ငွေးကြီးလုံကျန်ပေဝါးသည် လုံထန်မိသားစုကို မကျေနပ်သောသူဖြစ်ပြီး လူသတ်သမားများ စေလွှတ်နေသူဖြစ်ပါက မိမိဖမ်းဆီးထားသော ကွေအော်ရှောင်အတွက် စိုးရိမ်စရာဖြစ်နေပေသည်။

ကွေအော်ရှောင်ကို နှုတ်ပိတ်သည့်အနေဖြင့် လုပ်ကြံသတ်ဖြတ်နိုင်ပေသည်။

အလုပ်ရှင်အနေဖြင့် သူ့အမည်ကို မည်သို့မျှထုတ်ဖော်ပြောဆိုခြင်းကို မခံနိုင်ပေ။

ကြေးစားလူသတ်သမားကို နှုတ်ပိတ်မည်သာဖြစ်သည်။

ကြေးစားလူသတ်သမားအနေဖြင့် မည်မျှသစ္စာရှိသည်ဆိုစေ နှိပ်စက် ညှဉ်းပန်း၍မေးမြန်းသောအခါ မည်သူမျှ မခံနိုင်ပေ။

အလွန်တစ်ရာ သတ္တိရှိပါသည်ဆိုသော စစ်ဗိုလ်ချုပ်ကြီးများသည်ပင်လျှင် နှိပ်စက်ညှဉ်းပန်း၍ စစ်မေးသောအခါ ဖွင့်ပြောကြရပေသည်။

ထို့ကြောင့် ကွေအော်ရှောင်ကို ကြေးစားလူသတ်သမား



သစ္စာရှိသည်။ နှုတ်လုံသည့်ဆိုပြီး ပစ်ထား၍မရချေ။

ထို့ပြင် ဝမ်ချိုင်း သံသယရှိပေသည်။

ထိုအချက်မှာ လုံကျန်ပေဝါးနံနက်အစောကြီး လုံဂေဟာမှ ထွက်ခွာသွားခြင်းပေတည်း။

သူသည် သူ့ကိစ္စနှင့်သူလည်း ထွက်ခွာသွားချင်သွားမည်။ ကွေအော်ရှောင်ကိုနှုတ်ပိတ်ရန် သွားချင်လည်း သွားမည်။

ဝမ်ချိုင်းအနေနှင့်ကတော့ ကွေအော်ရှောင်ကို အသက်ရှင်လျက်ရှိအောင် ကာကွယ်ရပေမည်။

ထို့ကြောင့် ဝမ်ချိုင်းသည် ဟိုနန်းမြို့သို့ အမြန်ဆုံးပြန်ရောက်ရန် ဆန္ဒစောလာတော့၏။

သူဆန္ဒစောလျှင် သူလုပ်နိုင်သည့်အလုပ်မှာ မြင်းကိုအမြန်ဆုံး ဒုန်းစိုင်းစီးရန်ပင် ဖြစ်၏။

ဝမ်ချိုင်းသည် မြင်းကို အမြန်ဆုံး ဒုန်းစိုင်းစီးသည်။

သူ့မြင်းကလည်း မြင်းကောင်းတစ်စီးဖြစ်ပါသည်။ အမြန်ဆုံး ပြေးလွှားသည်။

မကြာမီ အချိန်ကာလကလေးတွင် ဟန်ကြူးမြို့နှင့် ဟိုနန်းမြို့၏ ခရီးတစ်ဝက်ဟုဆိုရမည့် တောင်ကုန်းတစ်ခုသို့ ဆိုက်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကြူးမြို့နှင့် ဟိုနန်းမြို့အကြားတွင် လယ်ကွင်းများ၊ ချုံစေးတောဖုတ်များ၊ သစ်တောများနှင့်တောင်ကုန်းများ ရှိသည်။

ထိုတောင်ကုန်းများရှိသောနေရာသည် ဟန်ကြူးမြို့နှင့်ဟိုနန်းမြို့တို့၏ ခရီးတစ်ဝက်ပင်။

သစ်ပင်များ ကျိုးတိုးကျဲကဲရှိနေသော တောင်ကုန်းကိုလှမ်းမြင်ရသောအခါ ဝမ်ချိုင်းသည် အားတက်သွားသည်။

သူသည် ခရီးတစ်ဝက်ကျိုးလာခဲ့ပြီမဟုတ်လား။ သူသည် ကျန်ခရီးတစ်ဝက်ကို အပြင်းနှင်ရတော့မည်။

နောက်ထပ် တုန်းခြောက်ချက်လောက် အချိန်တွင် သူသည်ဟိုနန်းမြို့သို့ရောက်ရှိပေတော့မည်။

သို့သော် ဝမ်ချိုင်းသည် နောက်တုန်းခြောက်ချက်ခေါက်လောက်အထိ ခရီးမသွားနိုင်တော့ပါ။

အဘယ့်ကြောင့်ဆိုသော် ထိုတောင်ကုန်းမှ သူ့အား စောင့်ကြိုနေသည့် လူတစ်စုကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

သူသည် အဝေးမှကြည့်လိုက်သောအခါ သစ်ပင်များနှင့်ရောက်ယှက်နေသဖြင့် လူများဟု ရုတ်တရက် မထင်ရချေ။

သစ်ပင်များဟုသာ ထင်ရသည်။ အမှန်၌ သူ့အား စောင့်ကြိုနေသည့်လူများသာ ဖြစ်ပါသည်။



လူတစ်စု....။

ဆယ်ယောက် အစုအဝေးရှိသောလူတစ်စု....။

တောင်ကုန်းအနီးသို့ ရောက်သောအခါ ဝတ်စုံစိမ်းများ ဝတ်ဆင်ထားသည့်လူသားများဖြစ်သည်ကို သူတွေ့ရှိရတော့သည်။

သူ့ရင်ထဲ၌ လေးလံသွားသည်။

သူသည် နောက်ထပ် ခရီးတစ်ဝက်ကို တုန်းခြောက်ချက်ခေါက်လောက်အချိန်ဖြင့် မသွားနိုင်တော့ချေ။

ထိုလူစုနှင့် သူရင်ဆိုင်ရပေတော့မည်။ ဆယ်ယောက်နှင့်တစ်ယောက်....။

သူ့၌ ဓားရှည်တစ်လက်ပါသည်။

ဓားရှည်တစ်လက်ဖြင့် ရန်သူဆယ်ယောက်ကိုခုခံရပေမည်။ ရန်သူဆယ်ယောက်တွင် လက်နက်မျိုးစုံပါသည်။

သူသည် ဝတ်စုံစိမ်းများကို စဉ်းစားလိုက်၏။ သူသတိရလေပြီ။

စကြာဂိုဏ်းသည် ဝတ်စုံစိမ်းဝတ်ဆင်သည်မဟုတ်ပါလော။

ယမန်နေ့ကပင်လျှင် စကြာဂိုဏ်းချုပ်ကြီးသည် မိမိအားအရေးယူအပြစ်ပေးချင်နေသည်။

မင်းဝါ ဝင်ရောက်လာသောကြောင့် ဂိုဏ်းချုပ်ကြီးသည် မိမိ

www.burmeseclassic.com

www.burmeseclassic.com



အား အပြစ်မပေးသာဘဲ ခွင့်လွှတ်လိုက်ခြင်းဖြစ်၏။

သူသည် လူဆယ်ယောက်ကို အသေအချာ ကြည့်နေိုက်လေသည်။

လူဆယ်ယောက်သည် ပစောက်ပုံသဏ္ဌာန်ဖြင့် သူ့အား စောင့်စားနေကြသည်။

သူသည် ရှောင်ပြေး၍ မရတော့မည့်အတူတူ ထိုလူများအနီးသို့ ချဉ်းကပ်သွားလေ၏။

ထိုအခါ လူဆယ်ယောက်တည်းမှ တစ်ဦးသောသူကိုမြင်တွေ့လိုက်ရသောအခါ ဝမ်ချိုင်း တုန်လှုပ်သွား၏။

ဝမ်ချိုင်းတွေ့မြင်လိုက်သူမှာ စကြာဂေဟာ၌ မိမိတွေ့ခဲ့ရသော ပင်လယ်ဗျိုင်း ခုကျိုင်းပင် ဖြစ်တော့သည်။

ဟိုနန်းတစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်သွားပြီး တစ်မြို့လုံး ချောက်ချားသွားလေ၏။

အဘယ့်ကြောင့် ဟိုနန်းတစ်မြို့လုံး ချောက်ချားသွားရပါသနည်း။



သူဌေးကြီးကုန်းကျော၏ဂေဟာတွင် ဓားပြအတိုက်ခံလိုက်ရပြီး သူဌေးကြီးကုန်းကျောကိုယ်တိုင်ပင် ဓားပြများ၏အသတ်ကိုခံသွားရသောကြောင့်တည်း။

ဟိုနန်းတစ်မြို့လုံး ချောက်ချားသွားရခြင်းမှာ သူဌေးကြီးကုန်းကျောကိုယ်တိုင် အဓိပတိသိုင်းသမားကြီးတစ်ဦး ဖြစ်နေသောကြောင့်တည်း။

သူဌေးကြီး၏ဂေဟာ၌လည်း တပည့်တပန်း ထိပ်တန်းသိုင်းသမား အများအပြားရှိနေသည်။

ထိုကဲ့သို့ လုံခြုံမှုကောင်းလှသည်။

ဂေဟာကြီးကိုထိုးဖောက်၍ ပစ္စည်းများ လုယူကြသည့်အပြင် သူဌေးကြီးကုန်းကျောကိုပါ သတ်ဖြတ်နိုင်သည့်ဓားပြများကို ဟိုနန်းလူထုသည် လွန်စွာ အံ့ဩထိတ်လန့်သွားကြသည်။

မြို့စားကြီး၏တပ်များ မြို့အုပ်ချုပ်ရေးအရာရှိများက အပူတပြင်း စုံစမ်းဖမ်းဆီးသော်လည်း ထိုဓားပြများကို လုံးဝမဖမ်းမိဘဲရှိလေ၏။

ထိုအခါ ဝမ်ချိုင်းအပါအဝင် ခြသေ့်ဂိုဏ်းသားငါးဦးသည် သတင်းကို လိုက်လံစုံစမ်းကြလေ၏။ .

သူတို့စုံစမ်းပြီး မကြာမီ ဓားပြအုပ်စုကို ဝိုင်းဝန်းမိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတို့သည် ဓားပြများနှင့်သူသေကိုယ်သေ တိုက်ခိုက်ကြရတော့၏။ နောက်ဆုံး အမြေပေါ်သွားသည်။

ဓားပြခြောက်ယောက် သေဆုံးသွားသည်။ ဓားပြသုံးယောက် ဒဏ်ရာနှင့်ထွက်ပြေးသည်။

ရတနာအချို့အဝက် ပြန်ရသည်။ သူတို့မှာလည်း မသက်သာပါ။ သုံးယောက်ဒဏ်ရာအပြင်းအထန် ရသည်။

သူတို့ထဲမှ ဒဏ်ရာမရဘဲ လုံးဝထွက်ပြေးလွတ်မြောက်သွားသူတစ်ဦး ရှိ၏။

ထိုသူမှာ ပင်လယ်ဗိုလ် ခုကျိုးဖြစ်၏။

ဝမ်ချိုင်းတို့သည် ခုကျိုင်းနောက်သို့ စိုက်လိုက်မတ်တတ်လိုက်လံတိုက်ခိုက်ခဲ့သော်လည်း ခုကျိုင်းကိုမမိတော့ချေ။

ခုကျိုင်းသည် ထိုအချိန်မှစ၍ ပျောက်ချင်းမလှ ပျောက်သွားတော့၏။ တစ်နှစ်နီးပါးမျှ ကြာမြင့်ခဲ့သည်။

ယခု ဒုတိယအကြိမ် ခုကျိုင်းနှင့်ပြန်လည်တွေ့ဆုံရခြင်း ဖြစ်တော့သည်။

ထိုထက်ပို၍ အံ့ဩစရာကောင်းသည့်အချက်တစ်ချက် ရှိသေး၏။

ခုကျိုင်းနှင့်အတူတွေ့ရသည့် လူတစ်ယောက်မှာ ဝမ်ချိုင်း



၏ရန်သူတော်ဟောင်း ထန်တုရှောင်ပင်ဖြစ်လေသည်။

"ဟား... ဟား... ဟား"

ခုကျိုင်းသည် ဝမ်ချိုင်းကိုတွေ့ရသောအခါ ရယ်တော့သည်။

"ဟား... ဟား... ဟား"

ထန်တုရှောင်ကလည်း ရယ်၏။

ဝမ်ချိုင်းသည် ရင်ထဲလေးလံသွားသည်။

သူရင်ဆိုင်ရသည့်ရန်သူနှစ်ယောက်မှာ တကယ့်ကျားနာတွေဖြစ်နေသည်။

ကျားနာခဲ ခဲလျှင် အလွန်ကြောက်ရသည်မဟုတ်ပါလား။

သ်လက်ချောင်း ထန်တုရှောင်မှာ အလွန်အငြိုးကြီးသူဖြစ်သည်ဟု မင်းဝါက ပြောခဲ့သည်။ ယခု မင်းဝါ၏အပြော မှန်ကန်လေပြီ။

သူသည် လက်စားချေရန် ရောက်ရှိလာလေပြီ။

ထို့အတူ ရန်သူတစ်ယောက်က ပင်လယ်ဗိုလ် ခုကျိုင်းဖြစ်သည်။

သူက ဝမ်ချိုင်းအား အလစ်ချောင်းနေသူဖြစ်၏။

ယခုတွေ့လိုက်ရသောအခါ သူ့အတွက် အကွက်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ဆယ်ယောက်နှင့်တစ်ယောက်....။

ဝမ်ချိုင်းသည် စိတ်လေးလံမှုကို ဖြေဖျောက်ပစ်လိုက်သည်။

သူသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

စားရိုးပေါ် လက်တင်လိုက်သည်။

စားရိုးကိုဆုပ်ကိုင်မိသောအခါ သူ့ဘက်၌ ဘက်တော်သားတစ်ဦးတိုးလာသည့်အလား ခံစားရလေ၏။

သူသည် ပစောက်ပုံသဏ္ဌာန်ဝိုင်းထားသော ရန်သူများကို သူသည် မျက်စိကစားလိုက်၏။

အားလုံးမှာ ထိပ်တန်းသိုင်းသမားချည်း ဖြစ်ပုံရ၏။ ညံ့သူများပါသည့်ပုံ မရချေ။

သူ တွေးနေသည်။

ပင်လယ်ဇျိုင်းခုကျိုင်းနှင့် ထန်တုရှောင် မည်သို့တွေ့သွားလေသနည်းဟူ၍ တွေးနေသည်။

တစ်ဆက်တည်းတွေးသည်မှာ ပင်လယ်ဇျိုင်း ခုကျိုင်းအကြောင်းဖြစ်သည်။

ပင်လယ်ဇျိုင်းခုကျိုင်းသည် စကြာဂိုဏ်းသားတစ်ဦးဖြစ်နိုင်သကဲ့သို့ စကြာဂိုဏ်း၏မိတ်ဆွေလည်း ဖြစ်နိုင်သည်။



ထို့ကြောင့် ဝတ်စုံစိမ်းများကို တွေ့နေရခြင်း ဖြစ်သည်။

စကြာဂိုဏ်းချုပ်က သူ့မိတ်ဆွေများအား စစ်ကူပေးလိုက်ခြင်းလော။

ဤသို့မဟုတ်ဘဲ ခုကျိုင်းရော ထန်တုရှောင်ပါ စကြာဂိုဏ်းသားများဖြစ်နေကြလျှင် သူနှင့်စကြာဂိုဏ်းတို့ ထိပ်တိုက်တိုးပြီဟု ယူဆရလေတော့သည်။ အခြေအနေက ဖန်တီးလာခြင်းပင်။

ခုကျိုင်းသည် ဝမ်ချိုင်းအား ခါးထောက်ရပ်ကြည့်နေလေ၏။

သူသည် ရယ်မောခြင်းမပြုတော့ပေ။

"ဘယ့်နှယ်လဲ လူစွမ်းကောင်းကြီး... ထင်းခွေမကြီး ရေခတ်တော့ ကြုံရပြီမဟုတ်လား။ ကျွတ်... ကျွတ်... မင်းအတွက် ငါ သနားမိသေးတယ်"

ခုကျိုင်းသည် အင်အားကများနေသဖြင့် သူ အသာစီးရရှိနေပြီဟု ထင်နေသည်။ သူပြောအား ရှိနေသည်။

ဝမ်ချိုင်းသည် ကြောက်ရွံ့ဟန်မပြပေ။

သူသည် မခန့်လေးစား ရင်ဆိုင်လိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကိုတိုက်ခိုက်ဖို့ စောင့်နေတယ်ဆိုပါတော့... ကျုပ်ဟာ ခင်ဗျားတို့ကိုကြည့်ပြီးမှ ကိုယ့်ကိုကိုယ် တကူး

www.burmeseclassic.com

www.burmeseclassic.com



လူစွမ်းကောင်းမှန်း သိတော့တယ်"

"ဘာ... ဘယ်လို"

ခုကျိုင်းက မျက်မှောင်ကြုတ်၍ မေးလိုက်၏။

ဝမ်ချိုင်းက....

"ဟုတ်တယ်လေဗျာ... ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါဦး... ကျုပ်ကို သာမန်လူလိုသဘောထားရင် ခင်ဗျား ဒါမှမဟုတ် ထန်တုကောင်တို့ အလွန်ဆုံးနှစ်ယောက်ပေါ့ဗျာ၊ အဲဒါပဲ ကျုပ်ကိုရင်ဆိုင်ဖို့စောင့်ကြမှာပေါ့၊ အခုတော့ ခင်ဗျားတို့က ဆယ်ယောက်ကြီးတောင်ဆိုတော့ ခင်ဗျားတို့တစ်ယောက် နှစ်ယောက်နဲ့မနိုင်မှန်း သေသေချာချာ သိနေကြပြီ၊ ဒီတော့ ကျုပ်ဟာ တကယ့်လူစွမ်းကောင်းပဲပေါ့ဗျာ"

"ဟဲ... ဟဲ... မင်း ဘာတွေဆက်ပြောချင်သေးသလဲ၊ ပြောချင်တာပြောလို့ရတယ်... မင်း အသက်ရှင်ရမယ့် အချိန်ကလေးက နည်းနည်းပဲရှိတော့တယ်၊ ကဲ... ပြောလေကွာ"

သူတို့သည် အပိုင်တွက်နေကြလေပြီ။

သူတို့ဆယ်ယောက်တည်းမှ ဝမ်ချိုင်း မလွတ်နိုင်ဟု အသေအချာ တွက်ထားကြပုံရသည်။

"ခင်ဗျားတို့က ကျုပ်ကိုသတ်နိုင်မယ်လို့ အပိုင်တွက်ထားကြပုံရတယ်၊ ကျုပ်က သစ်ငုတ်တိုမှမဟုတ်ဘဲဗျာ၊ ခင်ဗျားတို့စိတ်ကြိုက်



ဘာယ်ခုတ်ထစ်လို့ရမလဲ၊ ခင်ဗျားတို့ထဲက အနည်းဆုံးငါးယောက်ကို ကျုပ်နဲ့အတူ လက်တွဲခေါ်ယူသွားနိုင်တယ်ဆိုတာ ခင်ဗျားတို့မမေ့မနေ့ပါနဲ့"

ဝမ်ချိုင်းက ခုကျိုင်းအား စူးစူးရဲရဲကြည့်ပြီး ပြန်ပြောလိုက်လေသည်။

"အို... ဟုတ်တာပေါ့၊ မင်းက သစ်ငုတ်တိုတစ်ခုမှ မဟုတ်တာ၊ ငါမသိဘဲ နေပါ့မလား... မင်းဟာ ငါတို့ရဲ့အနာဂတ်လျှောက်လှမ်းမယ့်လမ်းမှာ အလွန်အန္တရာယ်ပေးနိုင်တယ်ဆိုတာ ငါတို့သိထားပါတယ်... မင်းဟာ မြွေပွေးပဲ"

ဝမ်ချိုင်းသည် ခုကျိုင်း၏စကားကို စိတ်ဝင်စားသွား၏။

သူတို့လျှောက်လှမ်းမည့်လမ်းဆိုသည်မှာ မည်သည့်လမ်းကို ပြောပါသနည်း။

သူတို့ထံမှ စကားနှိုက်လျှင်ရမည်ဟု သူသိလိုက်သည်။

အဘယ့်ကြောင့်ဆိုသော် သူတို့သည် မိမိကိုသေလူအဖြစ် သဘောထားနေသောကြောင့် ပေတည်း။

သေလူကို စကားပြန်မပြောနိုင်တော့ဟု သူတို့က ယူဆထားသည်။

"နေပါဦး... ကျုပ်က ခင်ဗျားတို့လျှောက်မယ့်လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောင့်ခလုတ်ဖြစ်နေရအောင် ခင်ဗျားတို့က ဘာတွေလုပ်နေလို့လဲ"

"ဟား... ဟား... ဟား... မင်းက ဘယ်ဆိုးလို့လဲ၊ သေကာနီးတောင် သိချင်စိတ် ပြင်းထန်နေတုန်းပါပဲလား။ ဟား... ဟား... ဟား"

ခုကျိုင်းသည် ရယ်မောနေလေတော့သည်။

"ဆရာကျိုင်း သူက သေကာနီး ဘာတွေသိချင်နေတာလဲ၊ သူသိချင်တာတွေ ပြောပြလိုက်ပါဗျာ... ကျုပ်ကတော့ လက်ယားနေပြီ... သူ့ကိုခပ်မြန်မြန် သတ်ချင်နေပြီဗျ"

သံလက်ချောင်း ထန်တုရှောင်က ဝင်ပြောခြင်းဖြစ်သည်။

ခုကျိုင်းက....

"ဟေ့... ငါလျှောက်ရမယ့်လမ်းကို မင်း ခုထိ မသိသေးဘူးလား... အလျှော်ခံတဲ့အလုပ်လေ ရတနာတွေကို အလျှော်ခံတဲ့အလုပ်ပေါ့ကွ"

ပင်လယ်ဗိုလ်ကျိုင်း ခုကျိုင်းက ဓားပြတိုက်သည့်အလုပ်ကို ပြောလိုက်ခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် သူတို့သည် စကြာဂိုဏ်းသားများမဟုတ်သေး။ ဓားပြဂိုဏ်းသားများသာ ဖြစ်နေသေးသည်။

ပင်လယ်ဗိုလ်ကျိုင်းက သူ၏ဓားပြတိုက်ခြင်းကို ဂုဏ်ဖော်၍ပြောနေသည်။



"ကျုပ် သိပြီ"

ဝမ်ချိုင်းက ပြောလိုက်၏။

"ခင်ဗျားတို့ဟာ စကြာဂိုဏ်းအတွက် ဓားပြတိုက်ပေးနေတဲ့ ဓားပြဂိုဏ်းကိုး။ ကျုပ်က ခင်ဗျားတော့ ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ပြီလို့ ထင်နေတာ"

ခုကျိုင်း မျက်နှာကွက်ခနဲ ပျက်သွား၏။

ဝမ်ချိုင်းသည် သူရမ်းသမ်းပစ်လွှတ်လိုက်သည့် မြားတစ်စင်းသည် ထိသွားလေပြီဟု သိလိုက်သည်။

သို့သော် ခုကျိုင်းက ရယ်လိုက်၏။

"အေး.. မင်း တွေးတာသိပ်မဆိုးပါဘူး... ကဲ... တခြားကော ဘာသိချင်သေးသလဲ"

ခုကျိုင်းသည် ပြောပြောဆိုဆို ဓားကိုဆွဲထုတ်လိုက်သည်။

"ရှမ်း...."

ထန်တုရှောင်လည်း သူ့ခါးကြား၌ ထိုးထည့်ထားသည့်ပုဆိန်ကို ဆွဲထုတ်လိုက်သည်။

ထိုအခါ လူဆယ်ယောက်စလုံး လက်နက်အသီးသီးထုတ်ကိုင်ပြီးသား ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... မင်းတို့အားလုံး နေကြဦး"

ခုကျိုင်းက လက်ကာ၍ သူ့လူများကို တားလိုက်သည်။

ထန်တုရှောင်လည်း နောက်ဆုတ်သွား၏။

"ဒီကောင့်ကို ငါကိုယ်တိုင် ငါ့လက်နဲ့ဆုံးမချင်တယ်ကွ... ငါ့မှာ အကြွေးရှိနေတယ်"

ထိုအခါ ထန်တုရှောင်က ရုတ်တရက် ဝင်ပြောလိုက်၏။

"ဆရာကျိုင်း... သူနဲ့ကျုပ်လဲ အကြွေးရှိပါတယ်၊ ဒါတင်မက သေးဘူး လုံဂေဟာ..."

ထို့နောက် သူသည် သူ့စကားလွန်သွားပြီဟု သိကာ စကားတစ်ပိုင်းတစ်လက်ဖြင့် ရပ်တန့်သွားသည်။

သူပြောလိုသည့်စကားမှာ ဝမ်ချိုင်းကို အသေသတ်ပါမည်ဟု လုံဂေဟာအား ကတိပေးခဲ့သည်ကို ပြောလိုခြင်းဖြစ်ပေသည်။

ဝမ်ချိုင်းသည် ထန်တုရှောင်အား ဖျတ်ခနဲကြည့်လိုက်ပြီး...

"သြော်... မင်းက ငါ့ကိုသတ်ဖို့ လုံဂေဟာကိုကတိပေးခဲ့တယ်ပေါ့... ဆိုစမ်းပါဦး သူဌေးကြီးလုံကျန်ပေဝါးက ငါ့ကိုသတ်ဖို့တာဝန်ပေးထားသလား"

ထန်တုရှောင် မျက်နှာပျက်သွား၏။

တစ်ခွန်းတစ်စထွက်သွားသော သူ့ပါးစပ်ကိုလည်း ဒေါသ



ဖြစ်သွားပုံရ၏။

"ဘယ်က လုံဂေဟာပါသွားတာလဲ... ငါ့ကိုနိုင်းချင်တဲ့လူကို နိုင်းမယ်... ဒါ မင်းအလုပ်မဟုတ်ဘူး၊ သေရမယ့်လူက ဒါတွေသိသွားစရာမလိုဘူး"

"ဟာ သေတဲ့လူသိသွားတော့ ဘာဖြစ်သလဲ... သေတဲ့လူက ပြန်ပြောနိုင်မှာမှ မဟုတ်တာ"

ဝမ်ချိုင်းက ပြောလိုက်၏။

ဝမ်ချိုင်းသည် စိတ်ထဲ ပြုံးလိုက်မိသည်။

ထန်တုရှောင် စကားမှားသွားသည်မှာ အမှန်ပင်။ နောက်တစ်ခု သေသေချာချာ ပြန်စဉ်းစားလိုက်မိ၏။

မနက်မိုးမလင်းမီ လုံဂေဟာ၌ လုံကျန်ပေဝါး တီးတိုးပြောနေသည့်စကားများကို ပြန်လည်ကြားယောင်လာ၏။

ယခု ခုကျိုင်း၏အသံနှင့် တူနေသလိုလို ထန်တုရှောင်၏အသံနှင့် တူနေသလိုလို ကြားယောင်လာမိ၏။

ဝမ်ချိုင်းက မဲ့ပြုံးပြုံးလိုက်၏။

"ဟင်း... ဟင်း... ဟင်း... မင်း ငါ့ကို ဘယ်တော့မှ ညာလို့မရဘူးကွ၊ မနက်မိုးမလင်းခင်က မင်းနဲ့ခုကျိုင်းတို့လုံဂေဟာကိုရောက်လာပြီး လုံကျန်ပေဝါးနဲ့စကားပြောကြသေးတယ်မဟုတ်လား... အ

www.burmeseclassic.com

www.burmeseclassic.com



ခု လုံကျန်ပေဝါးရဲ့ အမိန့်နဲ့ငါ့ကိုသတ်ဖို့ လာစောင့်နေကြတာမဟုတ်လား"

ဝမ်ချိုင်း၏ရမ်းသမ်းပစ်လွှတ်လိုက်သော မြားတစ်စင်းသည် ခုကျိုင်းသို့ တည့်တည့်ကြီးထိမှန်ပုံရ၏။

ခုကျိုင်းသည် သိသိသာသာ မျက်နှာပျက်သွားလေသည်။

ခုကျိုင်းသည် ဒေါသဖြစ်နေဟန်နှင့် ထန်တုရှောင်အား လှမ်းကြည့်ပြီး ဝမ်ချိုင်းဘက်သို့ လှည့်ကြည့်လိုက်၏။

"မဟုတ်တာတွေကို လျှောက်ပြောမနေနဲ့ထန်တုရှောင်... မင်းကလဲ မဟုတ်မဟပ်တွေကို လျှောက်မပြောနဲ့ ကဲ... ပြောနေကြတယ်၊ ဒီကောင့်ပါးစပ်ကို အမြန်ဆုံးပိတ်မှ အေးတော့မယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ခုကျိုင်းက ဓားကိုစွန်တောင်ဖြန့်လျက် ခုန်ဝင်သည်။

"ကျား...."

"ဟေး...."

ဗြာသံပေးသံနှင့်အတူ စုပြုံတိုက်ခိုက်ကြတော့သည်။

တောင်ကုန်းကလေး၌ အကျည်းတန်အရုပ်ဆိုးသော တစ်ယောက်နှင့်ဆယ်ယောက်တိုက်ပွဲ ဖြစ်လေပြီ။

လက်နက်ချင်းထိခိုက်မိသည့် အသံများကလည်း ဆူညံနေ



သည်။

လူဆယ်ယောက်ဆိုသော်လည်း ဆယ်ယောက်တစ်ပြိုင်တည်း ဝင်တိုက်နိုင်သည်မဟုတ်ချေ။

ဆယ်ယောက်စလုံး ဝင်တိုက်လျှင် သူတို့၏ လက်နက်အချင်းချင်း ထိခိုက်သွားပေမည်။ တိုက်၍လည်း မလွယ်ချေ။

တကယ်တိုက်သောအခါ ခြောက်ယောက်ခန့်သာ တိုက်နိုင်သည်။

သို့မှသာ လွတ်လွတ်လပ်လပ် ထိုးခုတ်နိုင်သည်။

ဝိုးခနဲ ဝိုးခနဲ ဖြတ်သန်းလာသော ထန်တုရှောင် ပုဆိန်ခုတ်ချက်များကို အထူးသတိထားနေရသည်။

ပုဆိတ်ချက်များနှင့်အတူ ပင်လယ်ဖျိုင်း ခုကျိုင်း၏ဓားကလင်းခနဲ လက်ခနဲ ဝင်းလက်သွားသည်။

ထန်းလျက်ခဲကို ပုရွတ်ဆိတ်များ ဝိုင်းအုံသည့်နှယ် ဝမ်ချိုင်းအား တိုက်ခိုက်နေကြတော့သည်။

ဝမ်ချိုင်းသည် ဓားအိမ်က တစ်ဘက် ဓားကတစ်ဘက်ဖြင့် လက်မလည်အောင် ခုခံနေရသည်။

သူသည် နေရောင်ခြည်ကိုကျောပေးပြီး တိုက်ခိုက်သည်။ သို့မှသာ မျက်နှာနေရောင်ထိုးခြင်းမှ ကာကွယ်ထားနိုင်မည်မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လား။

သူနှင့်တိုက်ခိုက်နေသော ရန်သူသုံးယောက်မှာ မျက်နှာကို နေရောင်ထိုးနေသဖြင့် ရမ်းသမ်း၍ခုတ်နေရသည်။

ထို့ကြောင့် ဝမ်ချိုင်း၏ဓားချက်ကို ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

"ဝှီး...."

"အား...."

တစ်ယောက် လွင့်စဉ်သွား၏။

"ရှစ်...."

"အား..."

နောက်တစ်ယောက် ဓားချက်ထိသွားပြန်၏။

နောက်ထပ် နှစ်ယောက်က ဓားချက်ထိသွားသောအခါ လေးယောက်တိတိ လျော့သွားလေသည်။

ဝမ်ချိုင်း၏တိုက်ခိုက်ပုံကို ခုကျိုင်းရိပ်မိသွားပြီး သူသည် နေရောင်ကို ကျောပေးရပ်ရန် ကြိုးစားလာတော့၏။

တိုက်ခိုက်မှုမှာ လည်နေရာမှ မကြာမီ ခုကျိုင်းသည် သူ့စိတ်ကြိုက်အနေအထားသို့ ရောက်ရှိသွားလေ၏။

သို့သော် ဝမ်ချိုင်းမှာ အလွန်လျင်သည်။



ခုကျိုင်း၏ ရှေ့တည့်တည့်သို့ရောက်ရန် မကြိုးစားတော့ပေ။

ဘေးတိုက်အနေအထားမှ တိုက်ခိုက်သဖြင့် မျက်နှာကိုနေရောင်မထိုးတော့ချေ။

ထိုစဉ် ထန်တုရှောင်သည် လေထဲသို့ခုန်တက်လျက် ဝမ်ချိုင်း၏ဦးခေါင်းကို ပုဆိန်နှင့် ခုတ်ချလာလေ၏။

"ဝှီး...."

"ရှစ်...."

ဝမ်ချိုင်းက ခေါင်းငုံ့ရှောင်တိမ်းလိုက်ရာ ဝမ်ချိုင်းကိုမထိဘဲ လွဲချော်သွားသည်။

ထိုအခါ ဝမ်ချိုင်းက ဆတ်ခနဲ ကန်လိုက်သည်။

ထန်တုရှောင် လွင့်စဉ်သွား၏။

"လာပြီဟေ့... ခုကျိုင်း"

ဝမ်ချိုင်းသည် ဓားရှည်ကို အရိပ်ထောင်သောင်းပေါ်အောင် ကိုင်၍ ခုကျိုင်းထံသို့ခုန်ဝင်သွား၏။

**အလွန်ကြောက်စရာကောင်းသော ဓားကွက်ဖြစ်သည်။**

**"ဓားကောက်ဗျိုင်း'သိုင်းကွက်ဖြစ်သည်။**

**ဓားအသွင်းအနှုတ် သိမ်မြန်သည်။**

**ခုကျိုင်းက ထိုသိုင်းကွက်ကိုရှောင်၍ ဓားနှင့်ထိုးလိုက်သည်။**

www.burmeseclassic.com

www.burmeseclassic.com



"ကျား...."

ဝမ်ချိုင်း၏တိုက်ကွက်လည်း မထိ ခုကျိုင်း၏တိုက်ကွက်လည်း မထိဘဲ ဖြစ်သွားသည်။

ခုကျိုင်းကလည်း လေထဲသို့ခုန်တက်သွားသော ဝမ်ချိုင်းကို လေထဲသို့ ခုန်တက်ပြီး တိုက်ခိုက်သည်။

ဝမ်ချိုင်းသည် ခုကျိုင်း၏ခြေးကို လှန်ထုတ်ပစ်လိုက်ရသည်။ သူတို့နှစ်ဦးသည် လေထဲမှ မြေပြင်သို့ ပြန်ကျကြသည်။

အလစ်ချောင်းနေသော ထန်တုရှောင်၏ အကွက်ပင်ဖြစ်သည်။

"ဝိုး... ဝိုး... ဝိုး"

ပုဆိန်ဖြင့် သုံးချက်တိုက်ခိုက်သည်။

ဝမ်ချိုင်းသည် ဆက်ရက်ခုန် ခုန်ရန် သုံးချက်တိတိ နောက်ဆုတ်ရှောင်တိမ်းရ၏။

ထိုအခါ ရန်သူသိုင်းသမားတစ်ယောက်သည် ဝိုင်ပြီ အထင်နှင့် ဓားနှင့်ဝင်ထိုးသည်။

"အ... အ... အား"

ဝမ်ချိုင်းဓားချက် ထိခြင်းမဟုတ်ပါ။

သူသည် ရန်သူ၏ဓားချက်ကို ဗိုက်ရှပ်၍ရှောင်ပေးပြီး သူ့



ဓားချက်ကို ထိုးသွင်းလိုက်ခြင်း ဖြစ်ပါသည်။

ရန်သူသိုင်းသမား အသက်ပျောက်သွားလေပြီ။

ငါးယောက်....။

ဝမ်ချိုင်း သုတ်သင်ပစ်သည်မှာ ငါးယောက်ရှိသွားပြီ။

သူကတော့ မသေသေးပေ။ ကျန်နေသည့်ရန်သူက ငါးယောက်ဖြစ်သည်။

ခုကျိုင်းနှင့်ထန်တုရှောင်အပါအဝင် ငါးယောက်ဖြစ်သည်။

ရန်သူငါးယောက်ရော ဝမ်ချိုင်းပါ ချွေးပြန်နေကြသည်။

ဝမ်ချိုင်းတစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုနေ၏။

သူလည်း မောပန်းနေပြီ။

ရန်သူငါးယောက်ပင် မောပန်းနေသည့်နောက် တစ်ယောက်တည်းသမား ဝမ်ချိုင်းမှာ အဘယ်မှာလျှင် ဆိုဖွယ်ရှိပါအံ့တော့နည်း။

တစ်ယောက်နှင့်ဆယ်ယောက်တိုက်ပွဲတွင် တစ်ယောက်သမားက ရန်သူငါးယောက်ကို သုတ်သင်ပစ်လိုက်သည်ဆိုတော့ ကျန်ငါးယောက်မှာ ဝမ်ချိုင်း၏အနေအထားကို စဉ်းစားလာရသည်။

ဝမ်ချိုင်းကို အထင်မသေးရဲတော့ပေ။ အရမ်းမဝင်ရဲကြတော့ပေ။

သူတို့သည် ဝမ်ချိုင်းကိုပတ်ပတ်လည်အောင် လှည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ အလစ်ချောင်းနေကြခြင်း ဖြစ်သည်။

ခုကျိုင်းကိုယ်တိုင် တိုက်ကွက်အမျိုးမျိုးထုတ်၍ တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

သို့သော် ဝမ်ချိုင်းအား တစ်ချက်မျှ မထိခဲ့ချေ။ ယခုသော် အလစ်ချောင်းနေရတော့သည်။

တစ်အောင့်တစ်နား အမောဖြေသည့်ကိစ္စလည်း ပါသည်။ လုံးဝအမောမဖြေနိုင်သူကတော့ ဝမ်ချိုင်းပင်။

BURMESE CLASSIC .com

(ဒုတိယပိုင်း)ပြီး၏။

(တတိယပိုင်း-တတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com